www.burmeseclassic.com

အရှင်ကဝိန္ဒ (ပုပ္ပါး)၏

# အလောင်းတော်ကဿပသမိုင်း

နှင့်




## ဆယ်ကြိမ်မြောက်မှတ်တမ်း

ဓမ္မဒါန

www.burmeseclassic.com

www.burmeseclassic.com




မုံရွာမှအလောင်းတော်ကဿပသို့
သွားလမ်းပြမြေပုံ

www.burmeseclassic.com

အရှင်ကဝိန္ဒ (ပုပ္ပား)

၏

# အလောင်းတော် ကဿပ သမိုင်း

နှင့်

(၁၀)ကြိမ်မြောက် မှတ်တမ်း

**ဓမ္မဒါန**

ဓမ္မဒါနပြုလိုသူ ပါရမီရှင်များ - အောက်ပါ ဆရာတော်နှင့် ဆက်သွယ်ပါ။

အရှင်ကဝိန္ဒ (မဟာကဿပလိုဏ်ဂူ)
တုမာရ ရာမတိုက် - တောင်ကလာပ် ပုပ္ပား
(စတုတ္ထအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် - ၇၂/၉၄(၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၄/၉၄(၁)

စတုတ္ထအကြိမ်

အုပ်ရေ - ၃၀၀၀

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ

အဖုံးရိုက် - အောင်စိုးမိုးရောင်စုံပုံနှိပ်တိုက်

စာအုပ်ချုပ် - အောင်စိုးမိုးအဖွဲ့

ဓမ္မဒါန

ထုတ်ဝေသူ - အရှင်ကဝိန္ဒ(ကင်းလွတ်အမှတ်-၂၇)
ကုမာရ ရာမတိုက်၊ တောင်ကလပ်
ပုပ္ပား၊ ဖုန်းနံပါတ်-၂

ပုံနှိပ်သူ - ဒေါ်သန်းသန်း(မြ-၀၁၆၅၄)
အောင်စိုးမိုးရောင်စုံပုံနှိပ်တိုက်
အမှတ်-၁၈၉၊ ၃၂ လမ်း၊ ရန်ကုန်။
ဖုန်း-၈၅၀၈၇


## မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်
## ပုပ္ပါးတောင်ကလပ်၊ ကုမာရ ရာမတိုက်၊ ပဓာနနာယကဆရာတော်
## "ဘဒ္ဒန္တကဝိန္ဒ" ၏ ထေရုပ္ပတ္တိအကျဉ်း

### ၁။ ဇာတိချက်ကြွေ မွေးရပ်မြေ။

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင်ကလပ် ကုမာရ ရာမကျောင်းတိုက် (ပုပ္ပါးသာသနာပြုအဖွဲ့ကြီး၏) ပဓာနနာယကဆရာတော် လောင်းလျာကို၊ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ နိုးတန်းကျေးရွာအုပ်စု ဝါးကာမထိရွာ၊ ဖခမည်းတော် ဦးချို မယ်တော် ဒေါ်ဒေါ်ဉတို့မှ ၁၂၉၃-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။ သား(၅)ယောက်တို့တွင် (စတုတ္ထ)မြောက် အထိအတတသားလုရောနာဖြစ်ပါသည်။ သူတပါးတို့အား သနားကြင်နာတတ်သောသူဖြစ်မည့် ပုဂ္ဂိုလ်အစေ့အဆွေ မျှော်တွေးပြီး မိဘနှစ်ပါးတို့က (မောင်ကြွင်း)ဟု ခေါ်တွင် မှည့်ခေါ်ကြပါသည်။

### ၂။ စာ၍ပညာသင်ကြားခြင်းနှင့် ရှင်သာမဏေပြုခြင်း။

အသက် (၆)နှစ်အရွယ်တွင်၊ ဝါးကာမထိကျောင်း၊ မူလဆရာတော် ဦးသုန္ဒရထံတွင် သရ ညည်းမှစ၍ ပညာသင်ကြားပြီးလျှင်၊ ထို့နောက် ဒိုက်ဦးမြို့နယ် ဘာသာစရိယ္ယသာသနာပြုအဖွဲ့ကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဆရာတော် ဦးဓမ္မဝံသထံတွင် ဆက်လက် ပညာသင်ကြားပြီးလျှင် အသက် (၁၂)နှစ်အရွယ်ခန့် တွင်၊ ဆရာတော် ဦးဓမ္မဝံသအထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေပြုခဲ့ပါသည်။ ပညာရှိတို့ အုပ်စိုးနိုင်သည့် ပုဂ္ဂိုလ်အဖြစ်သို့ ရည်မှန်း၍ (ရှင်ကဝိန္ဒ)ဟု ဘွဲ့အမည်ပေးခဲ့ပါသည်။

### ၃။ မိတ္ထီလာသို့ ပညာသင်ကြားရန် ကြွရောက်ခြင်း။

၁၃၁၂ခုနှစ်၊ အသက်(၁၈)နှစ်ခန့်အရွယ်တွင် မိတ္ထီလာမြို့နယ်၊ အင်ကြင်းစုကျောင်းသို့ သာမဏေဘဝဖြင့် (၂)နှစ်ပညာသင်ကြားပြီးနောက် မိတ္ထီလာမြို့ ကနားတိုက်၌လည်း ပညာသင်ကြားခဲ့ပါသည်။

### ၄။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ခြင်း။

၁၃၁၄ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင်၊ ပဲခူးတိုင်း၊ ဝါးကာမထိကျောင်း ခဏ္ဍသိမ်၌ ဒိုက်ဦးမြို့နယ် ဆင်ဖလုပ်ကျောင်း ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ ဝါးကာမထိရွာ ဦးသိုးလူ + ဒေါ်ပိုးကြီး၊ ဦးညာဏ + ဒေါ်သောင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၄။ မန္တလေးမြို့သို့ ပညာသင်ကြားရန် ကြွရောက်ခြင်း။

ရဟန်းဖြစ်သောအခါ စိတ္တိလာမြို့နယ်၊ အင်ကြင်းရကျောင်းမှ ပြောင်းရွှေ့၍ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ဆွေဉာဏ်ရန်ပါဠိတော်ကျွမ်းကျင်၍ ပရိယတ္တိစာပေများ သင်ကြားခဲ့ရာ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို အောင်မြင်တော်မူခဲ့သည်။ ထို့နောက် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ စိတ္တသုခကျောင်း ပရိယတ္တိစာပေများ ဆက်လက်သင်ကြားခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက် ဆရာတော်အထံ၌ ပဋ္ဌာန်းစာပါ သင်ကြားပြီးလျှင် ပဋ္ဌာန်းသိပ္ပံဆရာတော်အား ပုပ္ပားသို့ ပင့်ဆောင်ပြီးလျှင် ပုပ္ပားတောင်ကလေး ကုမာရာ-ရာမကျောင်းတိုက်၌ (၁၃၂၂ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ) (၃)နှစ်တိတိ ပဋ္ဌာန်းသင်တန်းများ ဖွင့်လှစ်၍ ပညာပါရမီဖြည့်ဆည်းပြီးလျှင် မဟာဝိသုဒ္ဓါရာမအဘယတိုက်၌လည်း ပါဠိတော်၊ အဋ္ဌကထာဋီကာတို့ကို သင်ကြားခဲ့ပါသည်။

၅။ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခြင်း။

၁၃၂၀ ပြည့်နှစ်တွင် မန္တလေးမြို့ မိုးကောင်းတိုက်အတွင်း၌ ပရိယတ္တိစာပေများ သင်ကြားရန်အတွက် ဒိုက်ဦးမြို့နယ် ဘာသာစာရိတ္တသာသနာပြုအဖွဲ့ ဆရာတော်များ၊ ပုပ္ပားဖိုလ်ဝင် သာသနာပြုဆရာတော် ဦးကုမာရ နောင်တော် ညီတော်များနှင့်အတူ ရတနာသီရိ ဒိုက်ဦးကို တည်ထောင်တော်မူခဲ့ပါသည်။ ထို့နောက် ဆရာတော် ဦးကုမာရ၏ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၂၆ ခုနှစ်တွင် ပုပ္ပားဖိုလ်ဝင်သာသနာပြုဆရာတော် ဦးကုမာရ ရန်ကုန်မြို့ ဆောက်ကြံကျောင်းတိုက် ဦးမေဓာဝီနှင့်အတူ နိုင်ငံ့ကျေးဇူးအဖြစ်ဖြင့် ဆရာတော် ဦးကုမာရက လွှဲအပ်လှူဒါန်းသည်ကို လက်ခံခဲ့ရပါသည်။ ထိုသို့ လက်ခံခဲ့သော်လည်း ကုမာရာ ရာမကျောင်းတိုက်၌ သီတင်းမသုံးမူ၍ သိလတောင် ရေနံ့သာတောရကျောင်း၌သာလျှင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ရေနံ့သာတောရကျောင်း ဓမ္မာရုံကျောင်းတော်ပေါ်၌ (၁၀၈)ဆူ ဆောင်တော် ပေတီတော် တည်ထားကိုးကွယ်ခဲ့ပါသည်။

၁၃၃၀ ပြည့်နှစ် ပုပ္ပားဖိုလ်ဝင်တောင် သာသနာပြုဆရာတော် ဦးကုမာရ ဘဝနတ်ထံပျံလွန်တော်မူသောအခါ ပုပ္ပားဖိုလ်ဝင် ခရီးဆက် သာသနာပြုအဖွဲ့ကြီးအား (၁) ဆရာတော် ဦးမေဓာဝီ(ပုပ္ပား) (၂) ဆရာတော် ဦးကောဝိဒ(ပုပ္ပား)၊ (၃) ဆရာတော် ဦးသုမန(ဖိုလ်ဝင်တောင်) နာယကဆရာတော် (၃)ပါးတို့ဦးစီး၍ ဆက်လက် သာသနာပြုတော်မူခဲ့ကြပါသည်။

ဆရာတော် ဦးကုမာရ၏ သာသနာပြုခရီးစဉ်ဖြစ်သည့် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် အလောင်းတော်ကဿပသို့လည်း ဖိုလ်ဝင်တောင် ဆရာတော် ဦးသုမနနှင့်အတူ ဦးဆောင်ပြီးလျှင် (၂၅)ကြိမ်မြောက်အထိ ဘုရားဖူးပို့ပေးခဲ့ပါသည်။

ပုပ္ပားဖိုလ်ဝင် ခရီးဆက်သာသနာပြုအဖွဲ့၏ တာဝန်ပေးချက်အရ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ဆောက်တောင်၌လည်း ၁၃၃၁ ခုနှစ်မှ ၁၃၃၃ ခုနှစ်အထိ (၃)နှစ်တိတိ သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ၁၃၃၄ ခုနှစ်မှ ၁၃၃၆ ခုနှစ်အထိ မန္တလေးမြို့ မိုးကောင်းတိုက် ရတနာသီရိ ဒိုက်ဦးကျောင်း၌ သီတင်းသုံး နေထိုင်ပြီးလျှင် ဖိုလ်ဝင်တောင်ဆရာတော် ဦးသုမနနှင့်အတူ ဆွေမျိုးတိုက်သားရင်း ဆရာတော်၏ မွေးရပ်၌ (၃)ကြိမ်တိတိ သင်္ဃဒါန ပွဲကြီးလောင်းလှူမှုကြီး ကျင်းပပြုလုပ်၍ လှူဒါန်းခဲ့ပါသည်။

၆။ ရေနံ့သာတောရကျောင်းသို့ ပြန်ကြွသီတင်းသုံးတော်မူခြင်း

၁၃၃၇ ခုနှစ်တွင် မန္တလေးမြို့ မိုးကောင်းတိုက် ရတနာသီရိ ဒိုက်ဦးကျောင်းကို မိမိ၏ တပည့်ဖြစ်သည့် ဦးဇာတိကာဘိဝံသ(မြောက်ဦး)အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးရန် လွှဲအပ်ပြီးလျှင် ပုပ္ပားတောင်ကလေး သိလတောင် ရေနံ့သာကျောင်းသို့ ပြန်ကြွသီတင်းသုံးတော်မူပါသည်။ ပုပ္ပား သိလတောင်၌ ဆေးလေးပါး၊ ရှစ်လေးပါး မဟာကဿပ လိုဏ်ဂူတော်ကြီး တည်ဆောက်၍ သာသနာပြုတော်မူပါသည်။

၇။ သမိုင်းစာအုပ်များ ရေးသားတော်မူခြင်း

နှစ်စဉ်ဘုရားဖူးရောက်ရှိနေသည့် အလောင်းတော်ကဿပ၏ သမိုင်းကို အမှန်ကန်ဆုံး သိရှိနိုင်ရန် ဘုရားဖူး ဒါယကာ ဒါယိကာမများ၏ တောင်းပန်လျှောက်ထားချက်အရ အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ် ဗုဒ္ဓဒေသမှ မြန်မာနိုင်ငံ ကြွတော်မူခဲ့ရာ ဒေသများသို့ ဖိုလ်ဝင်တောင် ဆရာတော် ဦးသုမနနှင့်အတူ သွားရောက် လေ့လာပြီးလျှင် (၁) အလောင်းတော်ကဿပသမိုင်း (၂) ပုပ္ပားတောင်သမိုင်း (၃) ဗုဒ္ဓအလိုကျ နတ်ပူဇော်နည်း စာအုပ်တို့ကို ဓမ္မဒါနအဖြစ် ရေးသားထုတ်ဝေခဲ့ပါသည်။ (ပုပ္ပားတောင်မှ ကျွန်ုပ်တို့သိသော ဘိုးမင်းခေါင်နှင့် သာသနာတွင်း/သာသနာပရိ ဝိဇ္ဇာမိုရ်များ) စာအုပ်ကိုလည်း စာမူချောအဖြစ် ရေးသားခဲ့ပါသည်။

၈။ ကုမာရာ ရာမကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခြင်း။

၁၃၄၃ ခုနှစ်တွင် ဆရာတော် ဦးမေဓာဝီ(ပရိသုဒ္ဓ) ပျံသွားသောအခါ ဆရာတော် ကုမာရ သက်တော်ထင်ရှားရှိစဉ်က နိုင်ငံ့ကျေးဇူးအဖြစ် လွှဲအပ်တော်မူခဲ့သည့် ပုပ္ပားတောင်ကလေး ကုမာရာ ရာမကျောင်းတိုက်သို့ ကြွရောက်၍ သီတင်းသုံးနေထိုင်ပြီးလျှင် (က) ပုပ္ပားတောင်ကလေး ဒါယကာအဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ (ခ) ပထမအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ တိုင်း၊ မြို့နယ် ဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ရေနံ့သာတောရကျောင်းတိုက်ကိုလည်း တဆင့်တိုးတက်ကြီးပွား ရောက်အောင် တည်ထောင်ထားခဲ့ပါသည်။

ညောင်ပင်ဆိပ်မှ ပုပ္ပားတောင်ကလေးသို့ တက်သော မူလကားလမ်းဟောင်းကို ကတ္တရာလမ်းဖြစ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ပုပ္ပားတောင်မကြီးမှ ပုပ္ပားတောင်ကလေးသို့ ရေရှည်ပွား ရရှိအောင်လည်း ဦးစီးဦးဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ မိမိ၏ ဇာတိဖြစ်သော ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ [illegible] စာသင်တိုက်ကြီးတစ်ခု တည်ဆောက်လှူဒါန်း၍ သာသနာပြုတော်မူခဲ့ပါသည်။ ပုပ္ပားတောင် [illegible]

www.burmeseclassic.com

ဥပကျောင်းတိုက်ရှေ့၌ လာဘရေ(၃၇)မင်း နတ်ဗိမာန်နှင့် ပုပ္ပားမြို့ နမတော် မေါ်ပြတ်လှ နတ်နန်းတို့ကိုလည်း
နှင့်ကိုနှိပ် (၃၇)လမ်း အမှတ်(၁၃၄) ဩဒဿဒေသတိုက် မိသားစုတို့၏ ကုသိုလ်ဖြင့် တည်ဆောက်ပေးတော်မူခဲ့ပါသည်။
ငး ကျောက်ပန်းတောင်း-မြင်းခြံလမ်းပေါ်ရှိ တောင်ကလပ် အနောက်ဘက် ညောင်ပင်ဆိပ် မှလကားလမ်းဘောင်
နေရာတွင် မိုးခေါင်ကျော်စွာ နတ်ဗိမာန်ကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်တော်မူခဲ့ပါသည်။

အထက်ပါ ကာလမ်ပေ၌စွဲ၏ ဖြောက်တက်ဘူမိနိုသော ပုံပြည်မှ သေလည်ကြော်ပင်လက်ထက် ရှင်အနောေါ်
ဆရာတော်၏ တပည့် ပရွည်ဂေလေ၊ ဒါယိကာမ ဒေါ်သော်တာ တည်တားကိုးကွယ်ခဲ့သော ရှေးဟောင်း စေတီတော်
ချက်ကိုလည်း ပြန်လည် တည်တားကိုးကွယ်နိုင်ရန်အတွက် ဘုရင် ပြည်နှစ် သီတင်းကျွတ်လဆန်း (၁၀)ရက်(၃၀-
၉-၉၈)ရက်တွင် ပန္တက်ချပေးတော်မူခဲ့ပါသည်။

၁၁။ ပုပ္ပားတောင်ကလပ် အနောက်ဘက် သီလတောင်ခြေ မဟာကဿပ ဂိုဏ်ရှေ့ ကန်တော်ည၏အတွင်း
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၅)လမ်း ၂၈-၂၉ လမ်းကြား သီရိမင်္ဂလာ ဒါယိကာမ ဒေါ်ခင်ခင်ကြီး-ဒေါ်ခင်ခင်လေး
သားစုတို့၏ ကုသိုလ်ဖြင့် ဝိတ်ဒါန အာရာဇရေသာလာ သံဃဆောင်ကို ဘုရင် ပြည်နှစ် နတ်တော်လဆန်း (၅)ရက်
(၂၃-၁၁-၉၈) တနင်္လာနေ့တွင် ပန္တက်ချပေးတော်မူခဲ့ပါသည်။

## ၁၂။ တစ်ဘဝဇာတ်သိမ်း၍ ငြိမ်းတော်မူခြင်း

ကုမာရာ ရာမကျောင်းတိုက်အတွင်း၌ ကျောင်းအသစ်များ တည်ဆောက်ခြင်း၊ မဟာကဿပဂိုဏ်ဝှတော်
ရှေ့၌ သံဃဆောင် တည်ဆောက်ခြင်း၊ ညောင်ပင်ဆိပ်၌ (မယ်သော်တာ) ဘုရားတည်ခြင်း စသည့် သာသနာပြု ကိစ္စ
တို့ကို ပြုလုပ်ဆောင်ရွက်နေစဉ်အတွင်း "ဇာတသ္သမဟာ နာမရုပ်" ဟူသော ပဋိစ္စတော်အရ ဘုရင် ပြည်နှစ် ပြာသိုလဆုတ်
(၁၄)ရက်၊ (၁၀-၁၂-၉၈) ကြာသပတေးနေ့ ညနေ (၄)နာရီအချိန်၌ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး(ကျွန်ဆောင်
၌ တစ်ဘဝဇာတ်သိမ်း၍ ငြိမ်းတော်မူသည်။

## ၁၃။ ဂူသွင်းသင်္ဂြိုဟ်တော်မူခြင်း

ထိုသို့ တစ်ဘဝ ဇာတ်သိမ်း၍ ငြိမ်းတော်မူခဲ့သည့်အတွက် ဆရာတော်၏ မိန့်မှာချက်အရ ဘုရင် ပြည်နှစ်
ပြာသိုလပြည့်ကျော် (၃)ရက်၊ (၅-၁-၉၉) တနင်္လာနေ့တွင် ပုပ္ပားသီလတောင်၌ ဂူသွင်း သင်္ဂြိုဟ်ပူဇော်ထားရှိပါသည်။

ဦးဇောတိကာဘိဝံသ


(မြို့ယ်သံဃနာယက ဥက္ကဋ္ဌ)

ရတနာသိင်္ဂီ ဒိုက်ဦးကျောင်း

မိုကောင်းတိုက်

ချမ်းအေးသာစံမြို့နယ်

မန္တလေး။



www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဤအလောင်းတော်ကဿပ သမိုင်းသစ်ကို ရေးသားရခြင်းသည် အလောင်းတော်ကဿပဟူသော အမည်ထူးကိုသာ ကြားဖူးသည်။ အတ္တုပ္ပတ္တိကို မသိခြင်း၊ ထိုနေရာဌာနသို့ ရောက်နိုင်ခဲ့၍ မရောက်ဖူးကြခြင်း၊ (ပေါင်းလောင်းရှင် ကဿပ)နှင့် အလောင်းတော် ကဿပတို့ အမည်နာမ ရောထွေးနေခြင်း စသည်တို့ ကွဲပြားခြားနားစွာ သိစိမ့်သောငှာ အံ့ဖွယ်အဖြာဖြာနှင့် ပြည့်စုံသော (အလောင်းတော် ကဿပ)အား သမိုင်းတစ်ခု ပြုစုရေးသား လိုက်ရပါသည်။


ထိုသို့ ရေးသားရာတွင် မိမိ၏သဘော "အတ္တနောမတိ" အနေမရေးသားမူ၍ ရှေးသမိုင်းဟောင်း အထောက်အထားများနှင့် ကိုယ်တွေ့ လေ့လာမှုတို့ကို မူထား၍ ရေးသားခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝန်ခံချက်။ ။ထိုသမိုင်းသစ်ကို ရေးသားခြင်းမှာလည်း မိမိ တို့၏ ဆရာ ပုပ္ပဖိုလ်ဝင်ကျေးဇူးရှင် သာသနာပြုအကျော် ဆရာတော် ဦးကုမာရ ဘဝနတ်နန်းသို့ ကြွမြန်းတော်မူသော (၁၃၃၀)ခုနှစ်မှ စ၍ ၎င်း၏လက်စ သာသနာပြုဌာနတစ်ခုဖြစ်သည့် (အလောင်းတော် ကဿပ)ကို ဆက်လက်အမွေခံယူကာ တစ်နှစ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်အထိ၊ သတင်းစာအစောင်စောင်မှ ကြေငြာ၍မြန်မာပြည်နှ မြို့အသီးသီး နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပါရမီရှင်တို့အား အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့တွင် စာရေးသူနှင့် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင် ပုပ္ပါးကျောင်း သာသနာပြု ဆရာတော် အရှင်သုမနတို့သည် နာယကဆရာတော်များအဖြစ်ဖြင့် မိမိတို့ကိုယ်တိုင် ဦးဆောင်၍ နိဗ္ဗာန်သို့ ကူးတို့ပို့ခဲ့ရာ ယခု ၁၃၃၇-ခုနှစ်အထိ (၁၀)ကြိမ်မြောက် ရှိခဲ့ပေမည်။ ထိုကာလအတွင်း ဘုရားဖူး ရဟန်း၊ ရှင်၊ လူပေါင်း (၄၀၀၀)ကျော်ခန့် ရှိခဲ့ပေပြီ။ ထိုဘုရားဖူး လိုက်ပါလာသူရဟန်း၊ ရှင်၊ လူတို့သည် အလောင်းတော်ကဿပ၏ သမိုင်းဇာတ် အတ္ထုပ္ပတ္တိကို မိမိနှင့်အလားတူ သိလိုကြ၍ စာရေးသူအား လျှောက်ထား ကြသည်ပြင် ဝန်ဆောင်မှုအဖွဲ့မှ သမိုင်းတစ်ခုပြုစုရန်လည်း လိုအပ်ကြောင်း တောင်းပန်ခဲ့ကြလေသည်။ ထိုတောင်းပန်ချက်သည် စာရေးသူ၏ နှလုံးသားဝယ် သံမှိုနှင့်နှက်ဘိသကဲ့သို့ ဆွဲဝင်လျက်ရှိရာ ယခုအခါ ထိုတောင်းပန်ချက်ကို အကောင်အထည်ဖော်၍ မိမိ လက်လှမ်းမှီသမျှ အလောင်းတော်ကဿပ သမိုင်းသစ်ကိုရေး လာပါတော့အံ့။

စတုတ္ထအကြိမ်



...ဘာ် (၁၁)တောင်ရှိ ယခုမျက်မှောက် ဖူးတွေ့ရသော အလောင်းတော်ကဿပ-သင်္ဂေတကိုယ်စားတော်

www.burmeseclassic.com



## စာရေးသူ၏ အမှာနှင့် ဆန္ဒ

"အလိမ္မာ စာမှရှိသည်"ဆိုသော စကားအရ ငါတို့တိုင်းရင်းသားများသည် စာကို များစွာဖတ်ဖို့ လိုသည်။ စာဖတ်ခြင်းသည် လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာဝယ် ကြီးပွားခြင်း၏ လမ်းစပင်ဖြစ်သည်။ တစ်နည်း- လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်သည်။

ထိုသို့ဖတ်ရာ၌ ယောဝါ သောဝါ၊ သူလိုငါလို တွေ့ကရာ လူတိုင်းက၊ ယံဝါ တံဝါ၊ နှုတ်ထဲကတွေ့တိုင်း ထင်ရာကို၊ ယထာဝါ တထာဝါ ဟောတုံး ဖြစ်လိုရာဖြစ်စေတော့ အနေမျိုးဖြင့် ရေးသားထားသော ကာမရာဂတို့ဖြင့် အလွန့်အလွန်ညစ်ညမ်း၍ လူသား၏ သဏ္ဍာန်၌ ရာဂဘီလူးပူး၍ ရူးစေတတ်သော အဖျင်းအညံ့စားများ မဖြစ်စေရ၊ တစ်နည်း-မိမိတို့၏ ယဉ်ကျေးမှုနှင့် အမျိုးဘာသာ သာသနာကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

သောအားဖြင့်လည်းကောင်း၊ မြင့်တင်၍ စာဖတ်သူ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေကာ စိတ်ထားရဲရင့်ခြင်း၊ တည်ကြည်ခြင်းကို ဖြစ်စေနိုင်သည့် ဗုဒ္ဓ၏ ဘာသာရေးကျမ်းစာများ၊ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်ကြီးတို့၏ လုပ်ရည်ကိုင်ရည်၊ လုပ်နည်းလုပ်ဟန်၊ လုပ်ထုံးလုပ်ရပ်တို့ကို ရေးသားထားသော စာအုပ်များနှင့် တိုးတက်နေသော ကမ္ဘာတိုင်းပြည်ကြီးများ၏ အကြောင်းအရာများပါသော စာပေများကိုသာ ဖတ်စေလိုပါသည်။

* * *





## စာရေးသူ၏အမြင်

ငါတို့မြန်မာနိုင်ငံ၌ တန်ခိုးကြီးဘုရားပေါင်း မြောက်မြားစွာရှိသည်တွင် ယခု သမိုင်းဖွင့်လတ္တံ့ဖြစ်သော မြန်မာနိုင်ငံအနောက်မြောက် မုံရွာခရိုင် ကနီနယ်ထဲ၌ ရှိသော (အလောင်းတော်ကဿပ)လည်း တစ်ဆူအပါအဝင် ဖြစ်လေသည်။

ထိုစေတီရုပ်ပွား ကိုယ်စားတော်များ တန်ခိုးကြီး၍ ကျော်ကြားသည်မှာ အခါအားလျော်စွာ အကြောင်းအမျိုးမျိုးရှိကြပေသည်။ အနီးကပ်ဆုံးပြောရလျှင် ရန်ကုန်မြို့ ရွှေတိဂုံစေတီသည် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားလေးဆူတို့၏ ဆံတော်စသည်ရှိ၏ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြသည့်အပြင် အစိမ်းရင့်ရောင်သန်းနေသော တောင်ကုန်းမြင့်ပေါ်တွင် ရွှေရောင်တဝင်းဝင်းနှင့် ဉာဏ်တော်ကလည်း ကြီးမား၊ ပုံတော်ကလည်း ခန့်ညား၊ အချိုးအစားကလည်းကျနှ၊ အနေအထားကလည်း လှ၍ ကြည်ညိုစဖွယ် ကောင်းလှ၏။ မြန်မာနိုင်ငံ၏ မြို့တော်ကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိလေ၍ နိုင်ငံခြားသားတို့၏ ဆုံဝင်ထွက်ရာဖြစ်သောကြောင့် ကမ္ဘာကျော်ကြား၍ လူသိများလှပေသည်။ စိန်ရွှေ၊ ပတ္တမြား၊ ဥဿဖရားစသော ရတနာမျိုးတို့ စီခြယ်၍ ထားသောကြောင့် အနဂ္ဃရတနာတို့၏ စုပုံရာဌာနလည်း ဖြစ်ပေသည်။

ကျိုက်ထီးရိုးစေတီကား မြတ်စွာဘုရား၏ ဆံတော်စစ် ဌာပနာ၍ တည်ထားသည်ကိုလည်းကောင်း၊ ထိုစေတီငယ်တည်ရာ ကျောက်တုံးကြီးသည် ကျောက်ဆောင်စွန်းပေါ်တွင် ပြုတ်ကျလု နီးပါး ဒုံသည်းယားစရာ တင်နေပုံကို မည်သည့် သိပ္ပံပညာရှင်တို့ကမှ စူးစမ်း၍ ဉာဏ်မမီ နိုင်လောက်အောင် အံ့ဩဘနန်း ထူးဆန်း၍ တစ်မျိုးထင်ပေါ် တန်ခိုးကြီးတော်မူရလေ၏။

မန္တလေးမြို့တော်ရှိ မဟာမြတ်မုနိ ကိုယ်စားတော်ကြီးကား ဂေါတမဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ထူးခြားသော ကြေးနီတစ်မျိုး ကို သွန်းထု၍ ဘုရားကိုယ်တော်တိုင် ရင်ငွေ့လှုံ၍ ကိုယ်စားတည် ထားခဲ့သည်ဟု အယူရှိသည့် တစ်မျိုး၊ ရခိုင်ပြည်မှ ခဲယဉ်းစွာ ပင့်ဆောင်နေခဲ့ရသည်က တစ်ဖုံ မင်းနေပြည်တော် ဖြစ်ခဲ့၍ သာသနာ ထွန်းကားသော ယခုမြန်မာပြည်၏ ဒုတိယမြို့တော်တွင် တည်ရှိ၍ ထင်ပေါ်ကျော်စောရလေသည်။

ပြည်ရွှေဆံတော်၊ မကွေး- မြသလွန်၊ မင်းဘူး- စက္ကိန်းတဲ၊ ရွှေစက်တော်၊ ပုသိမ်-မော်တင်စွန်း စသည့် တန်ခိုးကြီးဘုရားများ လည်း နေရာဌာနအားလျော်စွာ ရေ၊ မြေ၊ တော၊ တောင်၊ ပထဝီ အနေအထား၊ သွားလမ်း၊ လာလမ်း၊ ဆိပ်ကမ်းတို့နှင့် ဓာတ်တော်၊ ဆံတော်၊ စသည်တို့၏ တည်ရာဖြစ်သောကြောင့် တန်ဖိုးကြီးမား ထင်ရှားကြပေသည်။





စာရေးသူတို့နေထိုင်သော ပုပ္ပားတောင်ကလပ်သည်လည်း ရှေးအခါက ဝိဇ္ဇာဇော်ဂျီ တပသီတို့ မွေ့လျော်ရာဌာနဖြစ်သည်တစ် မျိုး၊ ဆေးဖက်ဝင်သစ်ပင်မျိုးနှင့် ဂမုံးပေါင်းစုံတို့၏ ပေါက်ရာဌာန ဖြစ်သည်တစ်ဖုံ၊ ဂန္ဓာရီ ဝိဇ္ဇာလမ်းနှင့် လောကီယဝိဇ္ဇာလမ်းစဉ်ကို လိုက်စားသူတို့ မရောက်မနေရသော ဝိဇ္ဇာအောင်မြေဖြစ်သည်တစ်ဝ၊ ပုဂံအနော်ရထာဘုရင်အား ပန်းတော်ဆက် ဦးဗျတ္တနှင့် ဒေါ်ဝဏ္ဏ တို့၏ အချစ်ကျူး၍ ရွှေဖျင်းညီနောင်တို့ကို ဖွားရာဌာနဖြစ်သောကြောင့် မြန်မာပြည်အလည်ပိုင်းတွင် (နတ်မြတ်ထွတ်ခေါင် ပုပ္ပားတောင်) ဟု လူတိုင်းတို့၏ နှုတ်ဖျားမှာ ရေပန်းစား၍ (ပုပ္ပား-ပုပ္ပား) ဟု ကျော်ကြားလှပေသည်။

**အလားတူစွာ** ။ စာရေးသူနှင့် မုံရွာခရိုင် ဖိုလ်ဝင်တောင် ပုပ္ပား ကျောင်း အရှင်သုမန ဆရာတော်တို့ ဦးစီး၍ ကျေးဇူးရှင် သာသနာပြုဆရာတော် ဦးကုမာရ၏ (အလောင်း တော် ကဿပ) သာသနာပြုအမွေကို ဆက်လက်ခံယူကာ သတင်းစာ အသီးသီးမှ ဖိတ်ခေါ်၍ မြန်မာပြည် နယ်အရပ်ရပ်၊ မြို့အသီးသီး ပြည်နယ်ပြည်မမကျန် ဘုရားဖူးပါရမီရှင် ဆွေမျိုး တို့နှင့် နှစ်စဉ်သွားလာနေသော အလောင်းတော် ကဿပသည်လည်း စာရှုသူတို့၏ ဘိုးစဉ်ဘောင်ဆက်က ကြားဖူးသိဖူးနေသော အလောင်းတော် ကဿပ ပင်ဖြစ်ပေသည်။

ဤအလောင်းတော်ကဿပသည် ဂေါတမဘုရားရှင် လက်ထက်တော်က ဓုတင်တေရသဆောင် (ဧတဂ်)ရ ပထမ[illegible] ယနာတင် ငယ်နာမည် ပိပ္ပလိလုလင်ခေါ် အရှင်မဟာ[illegible] မထေရ်ကြီးနှင့် ဆက်စပ်နေပြန်သဖြင့် အလွန်ထင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့်ပြင် မြန်မာပြည်တွင်းရှိ အခြားတန်ခိုးကြီးဘုရားများကဲ့သို့ ရထား၊ ကား၊ သင်္ဘော၊ လေယာဉ် စသည့် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းတို့ဖြင့် သွားလာခြင်းငှာ မလွယ်ကူပေ။ (အတ္တာဟိ အတ္တနောနာထော) လမ်းစဉ်အရ ကိုယ့်ခြေထောက် ကိုယ်အားကိုး၍ တစ်ညအိပ်ခရီးဖြင့် (၁၇)မိုင် ခြေကျင်လျှောက်မှ ဘုရားသို့ ရောက်ရပေသည်။

ဘုရားသို့ သွားရာလမ်းသည်လည်း တောအထပ်ထပ်၊ မြိုင်အသွယ်သွယ်၊ တောင်အထွတ်ထွတ်၊ ချောင်းအတန်တန်၊ မြောင်အဝဝ၊ မဟာမြိုင်တောတောင်တန်းကို ဖြတ်ကျော်သန်း၍ လှမ်းရသောခရီးဖြစ်၍ သစ်ပင်ပျိုးအိုတို့နှင့် တောသားငှက် တိရစ္ဆာန်တို့ကလည်း ဆီးကြိုနှုတ်ခွန်းဆက်သ သလိုရှိသောကြောင့် မောပန်းတယ်လို့ မရှိပါ။ ခရီးအကြားတွင်လည်း ရှုချင်စဖွယ်ကောင်းသော(ဝါ)ရှုလို့ မငြီးနိုင်သော တိုင်းပြည်အတွက် အဖိုးအနမတဂ္ဃထိုက်တန်သည့် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ကျွန်း၊ အင်၊ ကညင် ဝါး စသော သယံဇာတ သဘာဝ ပေါက်ရောက်နေသော သစ်တော၊ ဝါးတောကြီးများကလည်း သချာနည်းနဲ့ တွက်မရလောက်အောင် ကြီးမားလှပေတယ်။ နာပျော်ဖွယ်ကောင်းသော ကျေးငှက်တိရစ္ဆာန် တို့၏ မြည်သံ တွန်သံတို့ကလည်း မြို့ထဲ၊ ရပ်ထဲ၊ ရွာထဲ နေသူတို့ အဖို့ ပြောမပြတတ်လောက်အောင် သာယာလှပေသည်။ သို့ကြောင့် အလောင်းတော်ကဿပသည် လူသိများ၍ ပိုမိုထင်ရှား ကျော်ကြားရပေလသည်။

မှတ်ချက်။ ။ ကျိုက်ထီးရိုးဘုရားသို့ (၃)ခေါက်ရောက်လျှင် ထောင်ကြဲဖြစ်မည်ဟု တရုတ်အမျိုးသားတို့





ဆိုရိုးစကားရှိသလို (အလောင်းတော်ကဿပ)သို့ တစ်ခေါက် သွားရောက် ကြည်ညိုဖူးမြော်ဖူးသူ ရဟန်း၊ ရှင်၊ လူတို့သည်လည်း အသက်ရာကျော်ရှည်၍ ပဉ္စသည်း၊ ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ၊ ဆန်ရေစပါး ပေါများကြွယ်ဝခြင်း၊ ဘေးဥပဒ် အန္တရာယ်ကင်းခြင်း၊ မရအပ်သေးသော ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာတို့ မဆုတ်ယုတ်ခြင်း ကြံစည်အပ်သော အကြံအစည် ဟူသမျှ အောင်မြင်ခြင်း အစရှိသော အကျိုးများခံစားရတယ်လို့ အလောင်းတော်ကဿပ သမိုင်းဟောင်း တစ်ခုတွင် ပြည်ဒွတ္တဘောင်မင်းကြီး၏ အယူအဆကို ဖတ်ရှုရဖူးပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းတော်ကဿပ

## သမိုင်းနှင့်

## (၁၀)ကြိမ်မြောက်မှတ်တမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဒီပင်္ကရဿ ဒီပင်္ကရာ အမည်ရှိတော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ တွံ၊ သင်ရှင်ရသေ့ကြီးသည်၊ မုဝိ၊ စင်စစ် ဧကန် အမှန်မချွတ်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့၊ ဣတိ၊ ဤသို့ နိယတဗျာကရဏလည်း၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ ပိလန္ဓိတွာန။ ပန်ဆင်တော်မူခဲ့၍ သုမေဓော ဘာဝတော၊ သုမေဓာရှင်ရသေ့၏ အတ္တဘောမှ၊ ပဘုတိ၊ စ၍။ ယဝဝေဿန္တ ရတ္တဘာဝါ၊ ဝေဿန္တရာမင်း၏ အတ္တဘောတိုင်အောင်။ အနေကေသု





များစွာကုန်သော။ အသင်္ချေယျေသု၊ မရေမတွက်အပ်၊ မရေမတွက်နိုင်ကုန်သော အတ္တဘာဝေသု၊ အတ္တဘောတို့၌၊ သမတိံသ ပါရမိယော၊ အယုတ်အလတ်အမြတ်အားဖြင့် အမျှသုံးဆယ်သော ပါရမီတော်တို့ကို ပူရေတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ အန္တိမတ္တဘာဝေ၊ နောက်ဆုံးဖြစ်သော သိဒ္ဓတ္ထမင်းသား၏ အတ္တဘော၌။ ဧကူနတိံ-သဝဿဝယေ။ နှစ်ဆယ့်ကိုးနှစ်အရွယ်၌။ နိက္ခမိတွာ၊ တောထွက်တော်မူခဲ့၍၊ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ ကာလပတ်လုံး၊ ဒုက္ကရစရိယံ၊ ဒုက္ကရစရိယာကို၊ (ဝါ) ကျင့်နိုင်ခဲသော အကျင့်ကို၊ (ဝါ) ဆင်းရဲပြင်းပြင်းသဖြင့် ကျင့်အပ်သော အကျင့်ကို၊ စရိတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ ပဉ္စတ္တိံသ ဝဿဝယေ၊ သုံးဆယ့်ငါးနှစ်အရွယ်၌၊ ဝိသာခါပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌၊ သူရိယော၊ နေသည်၊ အနတ္ထင်္ဂတေယေဝ၊ မဝင်မီသာလျှင်၊ (ဝါ) နောင်ရုပ်သိမ်ခါင် နေဝင်တောင်သို့ မရောက်မီသာလျှင်၊ ဒေဝပုတ္တမာရံ၊ ဒေဝပုတ္တမာရ်ကို၊ ဇိနိတွာ၊ အောင်တော်မူပြီး၍။ ရတ္တိယာ၊ ညဉ့်၏။ (ဝါ) ညဉ့်တွင်၊ ပဌမယာမေ၊ ပထမယံ၌။ (ဝါ) ညဉ့်ဦးယံ၌။ ပုဗ္ဗေနိဝုတ္ထက္ခန္ဓ ပဋိစ္ဆာဒကံ၊ ရှေး၌ နေအပ်ဖူးသော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော၊ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော ဥဒ္ဓကို။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏမုခ တုဏ္ဍကေန၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ဖောက်ခွဲတော်မူ၍။ (ဝါ) ပေါက်ကွဲစေတော်မူ၍ မဇ္ဈိမယာမေ၊ မဇ္ဈိမယံ၌၊ (ဝါ) သန်းခေါင်ယံ၌။ စုတူပပါတ ပဋိစ္ဆာဒကံ၊ စုတိပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော ဥခွံကို။ စုတူပပါတဉာဏမုခတုဏ္ဍကေန၊ စုတိပဋိသန္ဓေကို သိတတ်သော ဒိဗ္ဗစက္ခုဉာဏ်တည်းဟူသော နှုတ်



www.burmeseclassic.com

www.burmeseclassic.com



သီးဖျားဖြင့် ပဒါလေတွာ၊ ဖောက်ခွဲတော်မူ၍။ (ဝါ) ပေါက်ကွဲစေတော်မူ၍။ ပန္တိမယာမေ၊ ပစ္ဆိမယံ၌ (ဝါ) မိုးသောက်ယံ၌။ (ဝါ) လင်းအားကြီးယံ၌။ စတုသစ္စပဋိဝေဒကံ။ လေးပါးသော သစ္စာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇဏ္ဍကောသံ၊ အဝိဇ္ဇာတည်းဟူသော ဥခွံကို။ အာသဝက္ခယ ဉာဏမုခ တုဏ္ဍကေန၊ အာသဝက္ခယဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ (ဝါ) အာသဝေါတရားလေးပါးတို့ကို ကုန်လွန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်၊ ပဒါလေတွာ၊ ဖောက်ခွဲတော်မူ၍ (ဝါ) ပေါက်ကွဲစေတော်မူ၍။ သဗ္ဗကိလေသေ၊ တစ်ခုမကြွင်း ခပင်းဥဿုံ၊ အလုံးစုံသော ကိလေသာတို့ကို၊ ဘဉ္ဇိတွာ၊ ချိုးဖဲ့ဖျက်ဆီးတော်မူ၍၊ အနုတ္တရံ။ မိမိကိုလွန်ဧ တရားမရှိသော(ဝါ) မိမိထက်မြတ်သော၊ တရားမရှိသော။ (ဝါ) အတုမရှိမြတ်သော သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်ကို အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူပြီးသည်။ ဟုတွာ၊ ဖြစ်၍ ရာဇာတိရာဇာ၊ မင်းအပေါင်းတို့ထက်မြတ်သော မင်းမြတ်အစစ်ကြီး ဖြစ်တော်မူသည်။ ဒေဝါတိဒေဝေါ၊ နတ်အပေါင်းတို့ထက် မြတ်သော နတ်မြတ်အစစ်ကြီးဖြစ်တော်မူသည်။ သက္ကာသိသက္ကော၊ သိကြားအပေါင်းတို့ထက် မြတ်သော သိကြားမြတ် အစစ်ကြီးဖြစ်တော်မူသည်။ ဗြဟ္မာတိဗြဟ္မာ၊ ဗြဟ္မာအပေါင်းတို့ထက်မြတ်သော ဗြဟ္မာမြတ် အစစ်ကြီးဖြစ်တော်မူသည်။ မဟာဂဇိရဉာဏော၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော စိန်တုံးစိန်ခဲနှင့်တူသော မဟာဝိပဿနာဉာဏ်ရှိတော်မူသည်။ (ဝါ) ကြီးကျယ်များမြတ် ပူဇော်အပ်သော စိန်တုံးစိန်ခဲနှင့် တူသော ရဟတ္တမဂ်ဉာဏ်ရှိတော်မူသည်။ ဒသဗလဓရော၊ ဆယ်ပါးသော ကာယဗလ၊ ဆယ်ပါးသော ဉာဏဗလကို ဆောင်တော်မူသည်။





ဟုတွာ၊ ဖြစ်၍ ပဉ္စစတ္တာလသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး။ အရဟတ္တဖလသေတစ္ဆတ္တံ။ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူတော်ကို။ ဓာရယိတွာ၊ ဆောင်းမိုးတော်မူပြီး၍။ ဓမ္မဝိဇယဘေရိံ တရားတည်းဟူသော အောင်စည်တော်ကို။ ပဟရိတွာ၊ ကောင်းကင်မြေကြီး ပွဲတင်ဟီးအောင် ရိုက်တီးဆော်ရွှမ်းတော်မူပြီး၍။ ဓမ္မဝိဇယသင်္ခံ၊ တရားတော်တည်းဟူသော အောင်ပွဲသခင်ကို၊ ပသာရေသိ၊ ခင်းကျင်းတော်မူလေပြီ။ (ဝါ) ကျင်းပတော်မူလေပြီ။

အရဟတော။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ပူဇော် အထူးကို ခံတော်မူထိုက်ထသော။ (ဝါ) ပုညာပုညအာနဉ္ဇဟု သုံးဝ. စနက် ကန့်အကွက်ကို ပယ်ဖျက်ခုတ်ထွင် ငုတ်မတင်အောင် သုတ်သင်ရှင်းလင်းတော်မူတတ်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်စွမ်းဖြင့် မိမိအလိုလိုသာ ကိုယ်တော်တိုင် သိမြင်တော်မူပြီးထသော။ (ဝါ) သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ့်ချည်းသာလျှင် ကောင်းစွာသိမြင် တော်မူပြီးထသော၊ တဿဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား။ မေ၊ တပည့်တော်၏။ နမော၊ ရှိခိုးခြင်းသည်၊ အတ္ထု၊ ဖြစ်ပါစေသတည်း။ ကမ္မိနာဗုဒ္ဓ ပဏာမေန၊ ဤဗုဒ္ဓပဏာမဖြင့် (ဝါ) ဤဗုဒ္ဓပဏာမကြောင့် (ဝါ) ဤမြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော စေတနာကြောင့် မေ၊ တပည့်တော်အား ယတိစ္ဆိ-တစ္ဆော၊ အကြွင် အကြွင် အလိုရှိအပ်၊ တောင့်တအပ်သော၊ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်။ ယတိစ္ဆာယံ၊ အကြွင်အကြွင် အလိုအတိုင်း (ဝါ) အကြွင် အကြွင် အလိုအားလျော်စွာ။ သမိဇ္ဈတု၊ ပြီးပြည့်စုံပါစေသတည်း။

www.burmeseclassic.com



### ဇိနေဒ္ဒ မယုံ့ ဇယ် ဒေတ

ဇိနေဒ္ဒ၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ မယုံ၊ တပည့်တော်အား။ ဇယံ၊ အောင်ရာအောင်မှု အောင်သင့်တဲ့ဆုကို။ ဒေတု ပေးသနားတော်မူပါဘုရား။

### အလောင်းတော်ကဿပသမိုင်း ဘုရားရှိခိုး

ဩကာသ၊ ဩကာသ၊ ဩကာသ အရှင်မြတ်လှ ကဿပသည် ရှေးအတိတာ၊ ပြည်တရာတွင်၊ ရာဇာညီဖွား၊ မင်းသုံးပါးဟု ဖြစ်ညားကာလ၊ မွေးမိဘများ၊ နတ်ရွာလားသော်၊ သုံးပါးဘုံဖြစ်၊ ကာမညစ်ကို၊ စွန့်လွှတ်ပြီးခါ၊ ဟေမဝါမြိုင်၊ ဂနိုင်ရစ်ဆီး၊ တောအုပ်ကြီး၌၊ ပျော်မှီးတုံလေ့၊ ရသေ့ရဟန်း၊ သူတော်လမ်းကို၊ ကျင့်စွမ်းဖြူစွ၊ ထိုမှတစ်ခါ၊ ဒေသစာရီ၊ လှည့်လည်တော်မူ၊ ဝေဘူဝေဘာ၊ ဟစ်ဖြာက္ကသိ၊ ဂိလိသေလာ၊ ထက်မှာကိုယ်စီ၊ ကျင့်ကြသည်မှာ၊ သစ္စာဝါစဲ၊ မိဌာန်ပြုပြီး၊ တရားမှီးသော်၊ နောင်တော်ရသေ့၊ သမ္မာပြည့်ကာ၊ သကျာဘုရား၊ ဖြစ်လေပြီးမည်၊ ရသေ့ညီတွင်၊ ဓုတင်သာလှ သာဝကစစ်၊ အမှန်ဖြစ်ဖွယ်၊ နောင်ငယ်ညီထွေး၊ မေတ္တေးဘုရား၊ ဖြစ်ပြီးသောခါ၊ ဝေဘာတောင်ခေါင်း၊ နောင်လတ်လောင်းကို၊ ဆယ်ချောင်းလက်တွင်၊ ထက်ပေါ်တင်၍၊ အဂ္ဂိတေဇ လောင်ကျွမ်းရမည်၊ ဗျာဒိတ်ရည်ကာ၊ ဤဝေဘာချောင်၊ သေလာခေါင်မြတ်၊ ကလာပ်ရုပ်ပုံ၊ ခြေတော်စုံကို၊ ယုံကြည်ညွတ်နူး၊ ရှိခိုးမပြတ်၊ အထပ်ထပ်ဖြင့် လူနတ်အများ၊ ပူဇော်ကြသကာ၊ စိတ်အားထက်သန်၊ နိဗ္ဗာန်ပေါက်မြ





မလွဲမှန်စွာ၊ ကမ္ဘာတည်ဆောင်၊ ညီနောင်သုံးပါး၊ ကကိအားကြောင့် ထင်ရှားမပျက်၊ ခုထက်တိုင်အောင်၊ ဝေဘာတောင်တွင်၊ ရှင်ရှင်မြတ်လှ၊ ကဿပသည်၊ တေဇထွန်းတောက်၊ အနောက်မြောက်သို့ ရောင်ခြောက်စဉ်ရှု သဗ္ဗညုအား၊ ဦးခေါင်းထား၍၊ ရွှေသားလျှံထွက်၊ လက်ယာလက်ကို၊ မပျက်ခေါင်းတော်၊ ထားပြီးသော်မှ၊ ဘယ်တော်လက်ဝါး၊ မြတ်တင်ပါးတွင်၊ တင်ကြား၍သာ၊ ဒက္ခိဏာဘက်၊ မျက်နှာရှေးရှု၊ လျောင်းတော်မူသည်၊ မြင်သူဝမ်းနည်း၊ မျက်ရည်ရွှဲမျှ၊ ကြေကွဲစရာ၊ ရှစ်မျက်နှာက၊ ဖူးလာအများ၊ လူကြွကြားလည်း၊ ကုဋ္ဌားတံခွန်၊ ပန်းမန်သစ်သီး၊ ထိန်မီးဝေဝေ၊ ရွှေထီးတွေပြောင်၊ အဆောင်ဆောင်နှင့်၊ တော်တောင်မြိုင်ခြေ၊ ပျော်စံပေ၏၊ ရေလည်းဦးခိုက်၊ သုံးကြိမ်တိုက်ပြီး၊ ဖူးကာစီးလျက်၊ မငြိုးကြည်ဖြူ ဖူးလာသူတို့ သောက်ယူ စိမ့်ငှာ၊ ရေသီတာဝယ်၊ မြင်ကာအနည်း၊ တွင်းငယ်ထဲက၊ ခပ်လည်းမခန်း၊ အေးချမ်းချမ်းရှင့်၊ စိမ်းစိမ်းဂူမင်၊ ရေသွင်သွင်နှင့်၊ ဝင်၍မဆုံး၊ တောင်သုံးလုံးမှ၊ ညွတ်ရုံးရုံကာ၊ ပိတ်ဖုံးဖြာ၍၊ နေရှာကိန်းအောင်း၊ မြတ်အလောင်းကို၊ အပေါင်းရှင်လူ၊ မြင်သမျှသူ၊ သောကဆူခဲ့၊ အပူမျက်ရည်၊ စီးဆင်းပြိုမို့၊ ဖြေဆည်းဖို့ခက်၊ တသက်သက်နှင့်၊ တလျက်ကြေကွဲ၊ ရှင်တော်ပွဲမှာ၊ စည်မြဲမချို့၊ တပို့တွဲလ၊ နှဲက တပေါင်း၊ ခေါင်းလောင်းကြေးစည်၊ ဟီးဟီးညံညံ၊ တောဟေမန်တွင်၊ ရှင်ရှင်မြတ်လှ၊ ကဿပဟု၊ တေဇထွန်းပြောင်၊ ဘုန်းခေါင်မြတ်လောင်း၊ ရွှေသာလျောင်းသွင်၊ ရှင်မြတ်ရှင်ကို၊ ဖူးမြင်လျက်သာ၊ လက်ဆယ်ဖြာဖြင့်၊ ထိပ်မှာရွက်တင်၊ ပန်းလိုဆင်လျက်၊ ကြည်ရွှင်သဒ္ဓါ၊ ပူဇော်ပါ၏၊ ပူဇော်ပါရ ကုသလကြောင့်၊ နှစ်ခိုနာမ်ရုပ်၊ မယုတ်ခန္ဓာ၊ သံသရာဝယ်၊ များစွာရှည်လျား၊ ဖြစ်ကြားလည်း၊



www.burmeseclassic.com

www.burmeseclassic.com

လေးပါးအပါယ်၊ သုံးသွယ်သောကပ်၊ ရုပ်ပြစ်ရှစ်ဝ၊ ဗျသန ငါး၊ ဝေးစွာရှား၍၊ ထွက်ဖျားစိန္တေ၊ မြတ်မေတ္တေလျှင်၊ ပွင့်ပေသောခါ၊ လက်ဦးစွာဖြင့်၊ ဖူးရပါလို၊ ကျွတ်ဆုဆိုသည်၊ သံချိုတောင်းတိုင်း၊ ပြည့်စေသောဝ်။

**မှတ်ချက်။** ။ ဤသမိုင်း ဘုရားရှိခိုးအလိုကား၊ ဂေါတမဘုရားအလောင်းရသေ့သည် နောင်ကြီးရသေ့၊ ရှင်မဟာကဿပအလောင်း ရသေ့သည် နောင်လတ်ရသေ့၊ အရိမေတ္တေယျ-ဘုရားလောင်းရသေ့သည် ညီထွေးရသေ့ဖြစ်သည်ဟု မှတ်ခဲ့ပါ။

**ရှင်းပါဦးအံ့။** ။ လွန်လေပြီးသောအခါ၊ ဗာရဏသီပြည်တွင်၊ ဂေါတမဘုရားအလောင်း၊ ရှင်မဟာကဿပအလောင်း၊ အရိမေတ္တေယျ ဘုရားလောင်း ဟူ၍၊ မင်းညီနောင်သုံးပါး ဖြစ်ခဲ့ဖူးလေသည်။ ထို ညီနောင်သုံးပါးတို့သည် မိဘများနတ်ရွာလားသော်၊ ယရာဝါသ ကိစ္စမြားမြောင်၊ လူတို့ဘောင်ကို၊ ခွာရှောင်ကြ၍၊ ရသေ့အသွင်ပြုခါ၊ ဒေသစာရီလှည့်လည်၍၊ ဝေဘူလ၊ ဝေဘာရ ဣသိဂိလိတောင်တို့တွင် သီတင်းသုံးကာ တရားကိုယ်စီ ကျင့်၍နေကြပေသည်။ အခါတစ်ပါး၊ နောင်ကြီးဖြစ်သော ဂေါတမအလောင်းရသေ့သည် ညီလတ် ရှင်မဟာကဿပအလောင်းရသေ့နှင့် ညီထွေးအရိမေတ္တေယျ အလောင်း ရသေ့တို့ကို ခေါ်၍ အပြန်အလှန် ဗျာဒိတ်စကားကြား၍ ကတိပြုကြသည်မှာ၊ ငါနောင်ကြီး ရသေ့သည် ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည့်အနက် လေးဆူမြောက် ဂေါတမဟူသော အမည်ဖြင့် ဘုရားတစ်ဆူ ပွင့်တော်မူရမည်။ ထိုအခါ ငါ နောင်တော်ဘုရား၏ သာသနာတွင် သင်ညီလတ် ရသေ့ကား ကဿပဟူသောအမည်ဖြင့် ခုတ်ဆောင် တေဒုက်တွဲထူးကို





ဆွတ်ခူး၍ တတိယ မဟာသာဝက ဖြစ်လာပေလိမ့်မည်။ ညီထွေး ရသေ့ငယ်လည်း ဘဒ္ဒကမ္ဘာတွင် ငါ၏နောက် ငါးဆူမြောက်သော အရိမေတ္တေယျဟူသော ဘွဲ့ထူးကို ဆွတ်ခူး၍ ကမ္ဘာကျော်ကြား ဘုရားတစ်ဆူ ပွင့်ထွန်းတော်မူလိမ့်မည်။ ငါ နောင်ကြီးဘုရား ပရိနိဗ္ဗာန်ပြုသောကာလ၊ သင်ညီလတ် ကဿပ မရောက်မချင်း၊ ငါ၏ရုပ်ကလာပ်ကို မည်သည့်လူနတ်ဗြဟ္မာမျှ တေဇောဓာတ် လောင်ကျွမ်းခြင်းငှာ၊ မပြုနိုင်ပါစေသတည်းဟု အဓိဋ္ဌာန် ပြုခဲ့မည်။ ထိုအဓိဋ္ဌာန်အတိုင်း ဂေါတမဘုရား ပရိနိဗ္ဗာန်ဝင်စံသောအခါ၊ ရုပ်ကလာပ်ကိုမီးသင်္ဂြိုဟ်ခြင်းငှာ ဘယ်လူနတ် ဗြဟ္မာမျှ စွမ်းနိုင်တော်မမူကြ၊ အရှင်မဟာကဿပကိုယ်တော်ကြီး ရောက်မှသာ မြတ်စွာဘုရားရုပ်ကလာပ်တော်သည် အလိုလို တေဇောဓာတ် လောင်ကျွမ်းရ လေသည်။ ဤကား ဂေါတမအလောင်းရသေ့နှင့် ကဿပအလောင်း ရသေ့တို့ ထားခဲ့သောကတိသည် ပြီးပြည့်စုံခဲ့ရလေပြီဟု ဆိုရပါ တော့မည်။

ညီလတ်(ကဿပ)ပရိနိဗ္ဗာန်ပြုသောကာလ၌ (၁)ငါ၏ ရုပ်ကလာပ်ကို တစ်စုံတစ်ယောက်သော သူ၏ လုံ့လပယောဂကြောင့် တေဇောဓာတ်လောင်ကျွမ်းစေခြင်းငှာ မစွမ်းနိုင်မူ၍ ရွှေသားရွှေတုံး ကဲ့သို့ တည်ရစ်ပါစေသတည်း။ (၂)ငါ၏ ရုပ်ကလာပ်သည် ညီထွေး ရသေ့ အရိမေတ္တေယျဘုရား ပွင့်သောကာလ၌ ၎င်း၏ လက်ဝါးပြင်ပေါ် တင်၍ လူနတ်ဗြဟ္မာတို့အား ပြတော်မူမှသာလျှင် တေဇောဓာတ် လောင်ကျွမ်းပါစေသားဟု အဓိဋ္ဌာန်ပြု၍ ထားခဲ့ရမည်လို့ နောင်ကြီး ရသေ့ မိန့်ကြားထားခဲ့သော ကတိရှိလေသည်။ ထိုကတိအတိုင်း အရှင်မဟာကဿပသည် ငါတို့ မြန်မာနိုင်ငံအတွင်း ကြွရောက်၍



www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်ပြုမည့်ကာလ အထက်ပါအမိဋ္ဌာန်ဖြင့် ထားခဲ့သောကြောင့် ယခုအလောင်းတော်ကဿပသည် အထင်ရှားရှိနေပေသည်။ ထို အလောင်းတော်ကဿပသည် အရိမေတ္တေယျ ပွင့်တော်မူသောအခါ မှသာ နောင်ညီသုံးဦးတို့ ထားခဲ့သော ကတိသည် အလုံးစုံပြည့်စုံပေ တော့မည်။

(၁)ရှင်မဟာကဿပ၊ ထေရ်မြတ်လျှ၏၊ ဘဝအထူး၊ ဖြစ်ခဲ့ဖူးကို၊ ချီးကျူးစရာ၊ ဖော်ပြပါအံ့၊ မြတ်စွာဂေါတမ၊ ဤလောကဌ်၊ ထွန်းပထိန်ဝါ၊ ပေါ်မလာမီ၊ ပဝေဏီရှေး၊ ပြန်စစ်ဆေးသော်၊ ရှင်တော်ဂေါတမ၊ မေတ္တေယျနှင့်၊ ကဿပအထူး၊ ဤသုံးဦးတို့၊ ကြည်နူးချစ်ခင်၊ ရသေ့သွင်ဖြင့်၊ ကြည်လင့်ရှင်ပျ၊ ဝေဘူလနှင့်၊ ဝေဘာရခေါ်၊ မြတ်တောင်တော်တွင်၊ နေစဉ်အခိုက်၊ တစ်နေ့၌လျှင်၊ ညီခင်ကဿပ၊ လောင်းမြတ်လျှအား၊ ကြီးစွမေတ္တာ၊ ရှေ့ရှုကာဖြင့်၊ သာယာရှင်အေး၊ မှာတမ်းပေးရန်၊ စိတ်အကြံနှင့်၊ တောင်ယံထက်မှား၊ ခေါ်ဆောင်သွားလျက်၊ နှစ်ပါးညီနောင်၊ တောင်ထိပ်ဆီသို့၊ ရောက်သည်ကာလ၊ ခါမယဉ်၊ ညီလျှအမော်၊ သိစေသော်ဝ်ဟု၊ နောင်တော်ချင့်တွေး၊ မှာတမ်းပေးသည်၊ မနေးအမြန်ဖြစ်သတည်း။

(၂) ညီခင်ညီခင်၊ နားဝယ်ဆင်လော့၊ နောင်တွင်ချိန်ခါ၊ ဘဒ္ဒကမ္ဘာတွင်၊ လောကာဓိပတိ၊ သမုတိဟု၊ မည်ရှိထင်ပေါ်၊ တို့နောင်တော်သည်၊ ကမ္ဘာကျော်စွ၊ ဟောဝတဖြင့်၊ ဂေါတမနွယ်ဖွား၊ မြတ်ဘုရားကား၊ မမှားဧကန်၊ ဖြစ်မည်မှန်၏။ တစ်ဖန်သင့်မှာ၊ တိတ်အခါက၊ ပုညာသမ္ဘာ၊ လွန်ပြည့်ဝ၍၊ ဗြဟ္မပြည်ရွာ၊ ထက်ဘုံသာ တွင်၊ ရှည်ကြာမြင့်မြင့်၊ ခံစားလင့်လျက်၊ အခွင့်အခါ၊ ကြုံကြိုက်လာ သော်၊ လူ့ရွာလူ့ဘုံ၊ သင်ရောက်တုံ၍၊ တုံလုံပြည့်ဝ၊ မြတ်ဒါနနှင့်၊ ဗုဒ္ဓ





နယ်ပယ်၊ လွန်တင့်တယ်သည့်၊ အနွယ်အရိုး၊ သူဌေးမျိုး၌၊ မည်ဖိုးဒေသ၊ မဂဓခေါ်၊ တိုင်းအမော်တွင်၊ မှည့်ခေါ်သည်၊ ရာဇဂြိုဟ်ပြည်၌၊ ဂုဏ် ရှည်ပြန့်သင်း၊ တိုင်းပြည်တွင်းဝယ်၊ သတင်းပြန့်မွှေး၊ သင်ညီထွေး သည်၊ သူဌေးအမှန်၊ ဖြစ်မည်တည်း။

(၃) သူဌေးဖြစ်လာ၊ သင့်နာမာအား၊ လွန်စွာကျော်ဘိ၊ ဝိပ္ပလိဟု၊ မည်ရှိဂုဏ်ဝါ၊ ပေါ်ပေါက်လာသော်၊ ရှေးခါလွန်လေ၊ အတိတေက၊ မသွေတူစွ၊ မြတ်ပုညကို၊ နှစ်ဝအတူ၊ တိုင်ပင်မှု၍၊ အလှူရေစက်၊ နှံ့ပနွက်ကြောင့်၊ လူ့ထက်လွန်စွာ၊ သင့်တူသာလျှင်၊ ဗြဟ္မာရွာမှ၊ ဆင်းသက်ရ၍၊ မြို့လှမဒ္ဒရာဇ်၊ လူလာဖြစ်သည့်၊ ဇမ္ဗူရာဇ်ရွှေစင်၊ ပမာသွင်သို့၊ မြင်လျှင်အပြီး၊ ရူမငြီးသည့်၊ ဝေးနီးအကျော်၊ လှအမော်မှာ၊ မယ်ဘဒ္ဒါဟု၊ ထင်စွာကျော်လှ၊ သူဌေးမနှင့်၊ မိဘနှစ်ဖြာ၊ ထိမ်းမြားပါလည်း၊ အဗြဟ္မစရိယ၊ စောင့် သုံးကြလျက်၊ လောကဝဋ်နှောင်၊ ကျွတ်လွတ်အောင်ဟု၊ တောတောင် အကျင့်၊ နှစ်ဦးဖွင့်လျက်၊ လွတ်ခွင့်လွတ်ရေး၊ သင်တို့တွေးမည်၊ မနေးအမြန်၊ လှစ်မည်တည်း။

(၄) ဤသို့တွေးပြီး၊ ဝဋ်နှောင်ကြီးကို၊ မုန်းတီးရွံရှာ၊ ဖြစ်သည်တာကြောင့်၊ များစွာကုဋေ၊ ဥစ္စာတွေကို၊ ပေးဝေစွန့်လွှတ်၊ အဝတ်သက်န်း၊ ဝတ်ဆင်မြန်းလျက်၊ တောတန်းမြိုင်အောက်၊ မောင် နှံရောက်သော်၊ သူတော်အသွင်၊ ဝတ်မြန်းဆင်လည်း၊ တူပင်တကွ၊ နေထိုင်ကြမူ၊ များလူသောင်းသောင်း၊ ကဲ့ရဲ့ရှောင်းက၊ မကောင်း ပါယ်ရှာ၊ တို့တွက်တာကြောင့်၊ မှန်စွမသွေ၊ ရောက်ကြပေလိမ့်၊ တို့နေသန့်ရှင်း၊ ဖြစ်တုံလျှင်းလည်း၊ အခင်းမလျော်၊ မြင်မတော်၍၊ ရှေ့သို့မြန်းရှာ၊ လမ်းနှစ်မြွာတွင်၊ သင့်ရာသင့်ကြောင်း၊ သင်ကူး

www.burmeseclassic.com



ပြောင်းလျက်၊ စိတ်ထောင်းကိုယ်ကြေ၊ မရှိလေဘဲ၊ မြိုင်ခြေတောရပ်၊ အထပ်ထပ်ကို၊ သွားလတ်ဖို့ရာ၊ ဓယ်ဘဒ္ဒါအား၊ သန့်စွာအကြံ၊ နည်းလမ်းမှန်ကို၊ လျင်မြန်မနှေး၊ ခွန်းမိန့်ပေးသည်၊ ရှေ့ရေးတမန်၊ ဖြစ်သည်တည်း။

(၅) ပိပ္ပလိမောင်၊ ခွန်းမိန့်ဆောင်သော်၊ တောတောင်မြိုင်ခန်း၊ လက်ယာလမ်းကား၊ ဘုန်းတန်ခိုးကြီးမား၊ လူယောကျ်ားတို့၊ သွားဖို့လာရာ၊ သင့်လျော်ပါ၍၊ မောင်သာလက်ယာ၊ လှမ်းကြွပါလော့၊ မယ့်မှာတစ်မူ၊ ဝဲလမ်းယူလျက်၊ အငူချောက်ကြား၊ များသော်ငြားလည်း၊ သစ်ကျားသမင်၊ ရန်မထင်ဘဲ၊ တောမြိုင်ထဲ၌၊ ဆင်နွဲ၍သာ၊ လှမ်းခဲ့ပါအံ့၊ ဘဒ္ဒါနှမ၊ လျှောက်ပန်သသော်၊ တောဝမြိုင်လယ်၊ မောင်နှင့်မယ်တို့၊ နှစ်သွယ်နှစ်ဝ၊ ခွဲခွာကြလျက်၊ မောင်ကတစ်လမ်း၊ မယ်တစ်လမ်းနှင့်၊ မြိုင်တန်းသေလာ၊ သွားကြရာတွင်၊ အရှင်ဂေါတမ၊ မြတ်ဗုဒ္ဓကို၊ ဦးစွာမှန်ပင်၊ ပိပ္ပလမြင်၍၊ ကြည်လင်ညွတ်တွား၊ မြတ်ဘုရား၏၊ ထံပါးရှေ့မှောက်၊ ဝင်ဇာရောက်သော်၊ အံ့လောက်ဖို့ရေး၊ လှစ်ဖော်မေးမည်၊ အတွေးတစ်ဘာ၊ သစ်မည်တည်း။

(၆) အံ့လောက်စရာ၊ ထိုချင်းရာကား၊ ဘုရားမြတ်ရှင်၊ တို့သခင်သည်၊ ကြည်လင်ခွန်းဟ၊ ကဿပဟု၊ နွတ်ဟမိန့်တော်၊ ခေါ်ပြီးသော်မှ၊ အဟော်ဝတ၊ လောကတစ်ခွင်၊ အရှင်ကဿပ၊ မည်တော်ရလျက်၊ တေရမုတင်၊ မြိုင်တောဝင်၍၊ ကျင့်စဉ်မပျက်၊ ဓုတင်ကို၊ ခံလျက်ယူကာ၊ သာသနာတွင်၊ နေဝါလဝန်း၊ တက်ခါထွန်းသို့၊ တောင်ကျွန်းဓမ္မ၊ သင်လိုလူကား၊ သင်တစ်ပါးသာ၊ ပေါ်ပေါက်လာ၍၊ များစွာသောင်းသောင်း၊ တပည့်ပေါင်းအား၊ နည်းကောင်းညွှန်ပြ၊ ဆိုဆုံးမလျက်၊ နိဗ္ဗာန်ပြည်၊ ပို့ဆောင်မည်ဟု၊ သင်ရည်ကာ





မှန်း၊ တောမြိုင်နန်းမှ၊ ကျင့်ခန်းကျင့်ပုံ၊ အလုံးစုံကို၊ အာရုံထင်ထင်၊ ဖောတိစဉ်၌၊ ဥဿုံမြင်ပေါ်မရှေ့ ဟောမိန့်ပေးသည်၊ မနှေးအောင်လဲ၊ လွှင့်မည်တည်း။

(၇) အောင်လံလွှင့်ကာ၊ ပြည်ပါဝါမှ၊ ငါးရာသံဃာ၊ ခေါ်ဆောင်ကာဖြင့်၊ ကုသိနာပြည်၊ ကြွမြန်းချီသော်၊ မမျှော်မမှန်း၊ ခရီးလမ်း၌၊ ထူးဆန်းထွေပြား၊ ဤသို့ကြား၏၊ ဘုရားမြတ်စွာ၊ ကုသိနာတွင်၊ တစ်ရာလေးရှစ်၊ သက္ကရာဇ်ကြို၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ မမေ့အပ်စွာ၊ နံနက်ခါတွင်၊ ခန္ဓာကမ္ဘာ ချုပ်ငြိမ်းပ၍၊ အမတပြည်၊ ကြွမြန်းပြီဟု၊ ဆိုသည့်စကား၊ နားဝယ်ကြားသော်၊ နောက်ပါးသံဃာ၊ ပေါင်းများစွာတို့၊ သောကပူဆွေး၊ စိတ်တော်လေးလျက်၊ မှိုင်ငေး၍သာ၊ နေကြရာတွင်၊ မြန်စွာသွက်လက်၊ ထိုတောထွက်၏၊ ဆက်လက်ပြောကြား၊ ထိုစကားကား၊ ဘုရားဂေါတမ၊ မရှိတော့လျှင်၊ တို့တွင်အနေ၊ ချောင်ချိပေဟု၊ ဆိုလေကြောင်းရာ၊ မှုတည်ကာဖြင့်၊ သင်္ဂါယနာရေး၊ စီစဉ်ပေးမည်၊ ညီထွေးဆောင်ရန်၊ သင့်သည်တည်း။

(၈) သင်္ဂါယနာ၊ ပြုမည့်ခါတွင်၊ မင်းမှာဇာတသတ်၊ အုပ်စိုးလတ်၍၊ တောင်မြတ်ဝေဘာရ၊ ရာဇဂြိုဟ်တွင်၊ ခေါ်ဆိုမည်လှ၊ ဝေဘာရဟု၊ တောင်မှာထွတ်ထိပ်၊ ပင်စရည်း၏၊ အပြီးရောက်ရာ၊ လိုဏ်ဂူသာဝယ်၊ ငါးရာရဟန္တာ၊ စည်းဝေးတာဖြင့်၊ သာသနာအရှည်၊ တည်စိမ့်ရည်၍၊ အညီစုစည်း၊ ထိုပွဲကြီးတွင်၊ ဝိနည်းတော်ဘက်၊ ဓုတင်ကို၊ ခံယူလျက်သော၊ ဥပါလိအား၊ တရားပလ္လင်၊ တင်ပြီးလျှင်မူ၊ "ပဌမံ အာဝုသော ဥပါလိ ပါရာဇိကံ၊ ကတ္ထပညတ္တံ" ဟု အမေးပြုလျက်၊ ထင်မှုသင်္ဂါယနာ၊ ရှေ့ဦးစွာပင်၊ ငါ့ရှင်ကဿပ၊ ပြုဆောင်ရလိမ့်၊ ထိုနောင်တွင်

www.burmeseclassic.com



သင့်ညီခင်ကား၊ ပြည်ခွင်အမတ၊ နိဗ္ဗာနသို့၊ မြန်းကြွဖို့ရေး၊ ဖင့်မနှေးသည်၊ အရေးအောင်ရန်၊ ဖွင့်မည်တည်း။

(၉) မြန်းကြွနိဗ္ဗူ အောင်ကိန်းယူသော်၊ နတ်လူအများ သဂြိုဟ်ခြားဖို့ ဝပ်တွားဆည်းကပ်၊ လောင်းတော်မြတ်အား၊ ပြာသာဒ်တလား၊ ပြုဖွယ်များနှင့်၊ ထူးခြားစေရန်၊ အတန်တန်ကို၊ ပြုရန်ပြုရေး၊ ခွင့်မပေးဘဲ၊ ချင့်တွေးမြဲမြဲ၊ အမိဌာန်နှင့်၊ တစ်ရံလူများ၊ မဆိုထားဘိ၊ နတ်များသည်ပင်၊ ငါ့အရှင်အား၊ မာတ်သားဓာတ်စု၊ သဂြိုဟ်မှုကို၊ မပြုနိုင်ရန်၊ သင်မိဌာန်လော့၊ မြိုင်ယံအကြား၊ တောတောင်များတွင်၊ ရှာငြားထပ်ကပ်၊ သင့်မွန်မြတ်သည့်၊ အရပ်ဌာနေ၊ သင်တွေ့လေသော်၊ တောင်ဝေဘူလ၊ ဝေဘာရနှင့်၊ တောင်များထွတ်ဖူး၊ တောင်အထူးတွင်၊ ကြည်နူးရှင်သာ၊ နိဗ္ဗူတာသို့၊ သင့်မှာဝင်စံ၊ ဖြစ်မည်ဟန်ကို၊ ငါကြံကာပေး၊ သင်ညီထွေးသည်၊ ခုရေးနောင်ဖန်၊ သင့်မည်တည်း။

(၁၀) ငါ အကြံပေး၊ သင်ညီထွေးလည်း၊ ရှေးရေးနောင်လာ၊ ကြောင်းဖြာဖြာကို၊ စိတ်မှာချင့်တွေး၊ ဖင့်မနှေးဘဲ၊ ကိုယ်ရေးကြုံလာ၊ ဖြစ်သည့်ခါတွင်၊ ပညာရှေးရှု မိဌာန်ပြု၍၊ အောင်ဆုနိဗ္ဗူ လှမ်းကြွယူသော်၊ အတူသာသနာ၊ ပြုခဲ့ရှာသည့်၊ မင်းမှာဇာတသတ်၊ ထိုမင်းမြတ်သည်၊ ဘယ်ရပ်ဌာနီ၊ ငါ့မထေရ်ကား၊ ကြွသည်မသိ၊ စုံစမ်းဘိ၍၊ မင်း၏နောက်ပါး၊ လိုက်ခစားသည်၊ များပြားဗိုလ်ထု၊ ခေါ်ဆောင်ပြုလျက်၊ ယခုနေရာ၊ တောင်ဝေဘာသို့၊ ကောင်းစွာမသွေ၊ ချီတက်ပေ၍၊ ကြောင်းရေးအစုံ၊ ကြားလေတုံသော်၊ ရင်ခုန်လှိုက်ဖို၊ သောကပိုလျက်၊ ထိုထိုခရီး၊ မြင်းတစ်စီးနှင့်၊ တောကြီးမြိုင်ရပ်၊ အထပ်ထပ်ကို၊ မပြတ်အစဉ်၊ မေးပြီးလျှင်မှ၊ အရှင်ကဿပ၊ နိဗ္ဗာန်ကြွမည်၊ ဌာနအနီး ရောက်လေပြီးသော်၊ တက်စီးမြင်းလှ၊ ဗိုလ်နှင့်ကြွလျက်၊ ခေါ်ကြ





အပေါင်း၊ မြင်းဇက်ပုံချောင်းဟု၊ ရှေးဟောင်းသိရေး၊ ဖွင့်လှစ်ပေးသည်၊ လူရေးလူ့ဟန်တင့်သတည်း။

(၁၁) ရှေးဖြစ်ဟောင်း၏၊ သိကြောင်းအရာ၊ ဖော်ပြပါလျှင်၊ တစ်ဖန်ရှေးဟောင်း၊ ထပ်ခါလောင်းသော်၊ အပေါင်းများစွာ၊ ရဟန္တာတို့ ငါးရာစုဝေး ကြွဖို့ရေးတို၊ ဖင့်နှေးမကြာ၊ တိုင်ပင်ကာဖြင့်၊ ရာဇာဂဟ၊ ပြည်ဌာနမှ၊ တကွအတူ၊ ကြွတော်မူ၍၊ နိဗ္ဗူကြွငှာ၊ ကြွစံမြန်းသည့်၊ စခန်းနေရာ၊ ရောက်ကြရာတွင်၊ အဇာတသတ်၊ ထိုမင်းမြတ်အား သင်ကားဒကာ၊ မယူတာဖြင့်၊ ဂန္ဓကုဋီ၊ နံ့လျှားညီ့လျက်၊ တစ်ဖက်လုံးငါး၊ အညီထား၍၊ ထင်ရှားသချာ၊ ပြုလုပ်ခါလျှင်၊ ကောင်းစွာမသွေ၊ စီမံလေဟု၊ ခိုင်းစေသောအား၊ ကျောက်တောင်ကြားတွင်၊ ထွေပြားဆန်းကြယ်၊ စီမံချယ်လျက်၊ သွယ်သွယ်ဝဝ၊ လှျံဒါနကို၊ ပြုရပုံဖုံ၊ လှူမြှုံစုံ၍၊ အကုန်မနှေး၊ လုပ်အားပေးသည်၊ စုဝေးအောင်ရန်၊ ဖွင့်သတည်း။

(၁၂) ထိုသို့ပြီးခါ၊ နောင်သောခါဝယ်၊ ငါ့မှာနှောင့်နှေး၊ ဆုပန်ဝေး၍၊ မေတ္တေးအရှင်၊ နောက်ပိုင်းတွင်မှ၊ အစဉ်မခွာ၊ ဘဒ္ဒကမ္ဘာတွင်၊ ထင်စွာကျော်လှ၊ မြတ်ဗုဒ္ဓဟု၊ မုချမသွေ၊ ဖြစ်ရပေအံ့၊ ဘုရားဖြစ်လာ၊ ထိုရောအခါ၌၊ ဤမှာစမ်းချောင်း၊ အနေပြောင်းလျက်၊ ရေကောင်းကြည်ကြည်၊ မြစ်နဒီဟု၊ ဖြစ်မည်ကာလ၊ ပေါ်ပေါက်ရလိမ့်၊ ထူးစွဖြစ်လာ၊ ဤချိန်ခါတွင်၊ သင့်ရာသင့်ကြောင်း၊ သင့်အလောင်းဘို့၊ ကူးပြောင်းရွှေပြင်၊ လက်ပေါ်တင်၍၊ ငါ့ပင်ကိုယ်တိုင်၊ ဦးစီးတိုင်လျက်၊ မြိုင်မြိုင်ပြီးလတ်၊ တေဇောဓာတ်ဖြင့်၊ လောင်အပ်သေချာ၊ နေပြီးခါမှ၊ ခြင်းရာကိစ္စ၊ အဝဝ၏၊ ပြည့်ဝစုံလင်၊ ဖြစ်ကြောင်းအင်ကို၊ လှူရှင်မနှေး၊ ကောင်းချီးပေးမည်၊ မေတ္တေးဆောင်ရန်၊ ပြသတည်း။



www.burmeseclassic.com

www.burmeseclassic.com



(ဤ ၁ မှ ၁၂ အထိ အစပ်ကာရန်တို့ဖြင့် ရေးသားထားသော သမိုင်းပဟောင်းတစ်ခု၏ လင်္ကာစုသည် အရိမေတ္တေယျအလောင်း နောင်လတ်ရသေ့က အရှင်မဟာကဿပ အလောင်းညီတွေးရသေ့ အား ဗျာဒိတ်ကြားသော စကားများဟူ၍သာ သတ်မှတ်ခဲ့ပါ၏။)

ထိုသို့ ဆိုအပ်ခဲ့ပြီးသော အလောင်းတော်ကဿပ သမိုင်း လင်္ကာတို့၏ အဓိပ္ပာယ်ကို ထင်စွာပေါ်လွင်စေပါအံ့။





## ရသေ့ညီနောင် သုံးပါးတောင်

*လွန်လေပြီးသောအခါက ဂေါတမဘုရားအလောင်း၊* အရိမေတ္တေယျဘုရားအလောင်း၊ ယခုသမိုင်းပေးလျက်ရှိသော အရှင်မဟာကဿပအလောင်းအားဖြင့် ဟာရာဏသီပြည်တွင် မင်း ညီနောင်သုံးပါးရှိလေသည်။ ထိုညီနောင် သုံးပါးတို့သည် ယရာ ဝါသခွာ ရှောင်၍ ရသေ့အသွင်ပြုကာ ဝေဘူလ-ဝေဘာရ တောင်ထူး နှစ်ခုကို အမှီပြု၍ တစ်ဦးကိုတစ်ဦး ချစ်ကြည်နူးစွာ နေထိုင်ကြခိုက် အခါတစ်ပါး ညီနောင်သုံးပါးတို့တွင် အရိမေတ္တေယျအလောင်းဖြစ် သော နောင်တော်ရသေ့က အရှင်မဟာကဿပအလောင်း ညီငယ် ရသေ့အား အမိန့်ရှိသည်မှာ- ညီတွေးရသေ့ နားစေ့စေ့ထောင်၊ နောင်တော်ရသေ့ကြီးသည် လာလတ္တံ့သော အနာဂတ်ကာလ၌ အရှင်ဂေါတမဟု ကမ္ဘာကျော်ကြား ဘုရားတစ်ဆူ ဖြစ်တော်မူလိမ့် မည်။ ထိုအခါ သင်ညီတွေးသည် အရှင်မဟာကဿပဟူသော အမည်ဖြင့် ထင်ထင်ရှားရှား တေဒဂ်ရ ရဟန္တာတစ်ပါးဖြစ်လိမ့်မည်။ ငါသည်မူကား ဂေါတမဘုရားသာသနာကွယ်ပျောက်ပြီးနောက်မှ အရိမေတ္တေယျဟူသော အမည်ဖြင့် ဘုရားတစ်ဆူဖြစ်ရမည်။ သင် ညီတွေးသည် နောင်ကြီးဂေါတမ သာသနာတွင်းမှာပင် ရဟန္တာအဖြစ် နှင့် ပရိနိဗ္ဗာန်ပြုရလတ္တံ့။ ထိုအခါ သင်၏ရုပ်ကလာပ်ကို မည်သူတစ်ဦး တစ်ယောက်ကမျှ တေဇောဓာတ်လောင်ကျွမ်းခြင်း မပြုနိုင်စေရန် ငါ အရိမေတ္တေယျ ဘုရားဖြစ်သောအခါ ငါကိုယ်တိုင် ညီတွေး၏ အလောင်းတော်ကို လက်ဖဝါးပေါ်တင်၍ လူနတ်ဗြဟ္မာ ပရိသတ် ဗိုလ်ပါနှင့် စုံညီစွာ သင်္ဂြိုဟ်ခြင်းပြုမည်။ ထိုသို့ နောင်ညီနှစ်ပြာ တောင်သေလာမှာ ညီငယ်အား သေချာစွာ မိန့်ကြားခြင်းပြုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အစိဋ္ဌာန်ပြုတော်မူခန်း

ဤသို့ အတိတ်ဘဝက နှောင်လတ်မှာကြား ရသေ့မြတ်၏ ထိုစကားကို ကဿပအလောင်းသည် သေချာစွာ မှတ်သား၍ တို့ဘုရားဂေါတမ၏ လက်ထက်တော်ရောက်သောအခါ အရှင်မဟာကဿပဟူသော အမည်ဖြင့် တေဒဂ်ဘွဲ့ထူး ဆွတ်ခူးလျက် ပရိနိဗ္ဗာန်စံခါနီးကာလ ဓိဋ္ဌာန်ချက်ပြုခဲ့သည်မှာ -

ငါ၏ရုပ်ကလာပ်တော်သည် မည်သူ၏ ပယောဂနှင့်မျှ တေဇောဓာတ် မလောင်မြိုက်မူ၍ ဇမ္ဗူရာဇ်ရွှေသားရွှေတုံးကဲ့သို့ တည်ရှိနေပါစေသတည်း။ ငါ၏ရုပ်အလောင်းတော်သည် အရိမေတ္တေယျဘုရား ပွင့်ထွန်းပေါ်ပေါက်သည့် တိုင်အောင်တည်ရှိလျက် ဘယ်လူ၊ နတ်၊ တစ်ဦးတစ်ယောက်မျှ မဖျက်ဆီးနိုင်ပါစေသတည်း။ ငါ၏ရုပ်ကလာပ်တော်ကို အဇာတသတ်မင်းနှင့်တကွ ရဟန္တာ ငါးရာတို့ လာရောက်ဖူးမြော်ကြစေကုန်သတည်း။ ဤသို့ အဓိဋ္ဌာန်ထား၍ ပရိနိဗ္ဗာန်စံသွားတော်မူလေသတည်း။

**အမှာ။** ။ အလောင်းတော် ကဿပသမိုင်း ဘုရားရှစ်ဆူလက်ာတွင် ရှင်မဟာကဿပ အလောင်းရသေ့သည် နှောင်လတ်ရသေ့ဖြစ်သည်။ ဤသမိုင်းလင်္ကာ (၂) အပိုဒ်တွင် အရှင်မဟာကဿပ





အလောင်းသည် ညီထွေးရသေ့ဖြစ်၍ အရိမေတ္တေယျအလောင်းသည် နှောင်လတ်ရသေ့ဖြစ်သည်လို့ မှတ်ခဲ့ပါ။ ဤသို့ ဝါဒကွဲပြားခြားနားနေပြန်သည်။

**မှတ်ချက်။** ။ ရှင်မဟာကဿပ၏ ငယ်နာမည်ကို ပိပ္ပလိလို့ မှတ်ယူခဲ့ပါ။

စာမျက်နှာ ၁၂ မှ ၂၉ အထိ ဖော်ပြပါရှိသော သမိုင်းကြောင်းတို့သည် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး တောင်ဘက်ဇေယျမင်္ဂလာတိုက်၊ ဟင်္သာတအုတ်ကျောင်း ဆရာတော် ရေး၊ မန္တလေးမြို့၊ ၈၃/၈၅ လမ်း(အေလမ်း)၊ မောင်ကို ပုံနှိပ်တိုက် ၁၃၂၉-ခုနှစ်ရိုက်၊ အလောင်းတော် ကဿပ သမိုင်းမှ ဖြစ်ပါသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အလောင်းတော်ကဿပ အကြောင်း သိကောင်းစရာအဖြာဖြာ

**ပဒုမုတ္တရောနာမ ဇိနော၊ သဗ္ဗေဓမ္မေတု စက္ခုမာ။ ကုမ္ဘတော သတသဟဿမှို၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။**

ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရောနာမတစ်ဆူ ရတော်မူသော။ သဗ္ဗဓမ္မေသု၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်၊ မလပ်အကုန် အလုံးစုံသော တရားတို့၌။ စက္ခုမာ၊ စက္ခုငါးတန် အမြင်တန်သော။ နာယကော၊ သုံးလူတို့ထိး အကြီးအမှူး ဖြစ်တော်မူသော။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ ကုမ္ဘတော၊ ငါးဆူဘဂဝါ ပွင့်တည်ရာသည့် ဤဘဒ္ဒကမ္ဘာမှ၊ သတသဟဿမှို၊ ကပ္ပေ၊ နောက်သို့ဆုတ်လျက် ရေခါတွက်သော် ကမ္ဘာတစ်သိန်းထက်၌။ ဥပ္ပဇ္ဇိ၊ သုံးတိုက်ဘုံသား မြတ်တရားကို ဟောကြားဖို့ရာ ပွင့်တော်မူခဲ့ရလေသတည်း။

လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်က မဒုမုတ္တရ ဘုရားပွင့်တော်မူ၍ ဟံသာဝတီပြည် ခေမာမိဂဒါ ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ထိုဟံသာဝတီပြည်သား ကုဋေ (၈၀)





ကြွယ်ဝသော ဝေဒေဟသူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် ပန်းနံ့သာ ခဲဖွယ်-ဘောဇဉ်တို့ကို လက်ဆွဲကာ ကျောင်းတော်သို့ သွားပြီး ပဒုမုတ္တရ ဘုရားအား အမှူးထား၍ သံဃာတော် ခြောက်သောင်းတို့အား လှူဒါန်းကာ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို ဆောက်တည်၍ ဘုရားရှင်၏ အနားမှာ ဝပ်သွား၍နေတယ်။ ပဒုမုတ္တရ ဘုရားရှင်သည် သံဃာတော် ခြောက်သောင်းတို့ထက် ဓုတင်ဆောင်ရာ အကျင့်ရှိသော နိသဘထေရ်အား၊ ဓုတင်ဆောင်ရာ ဧတဒဂ် တတိယ မဟာသာဝကဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စား၍ ထားသည်ကို ဝေဒေဟ သူဌေးကြီး သိသဖြင့် ထိုနိသဘထေရ်ကဲ့သို့ ဖြစ်လိုသော ဆန္ဒနှင့် သံဃာတော် ခြောက်သောင်းနှင့်တကွ ပဒုမုတ္တရ ဘုရားရှင်အား ယာဂုဆွမ်း၊ ခဲဖွယ် အသွယ်သွယ်တို့ကို ဘုဉ်းပေးကြွရောက်တော်မူပါရန် ပင့်ဖိတ်ပြီး အိမ်သို့ပြန်၍ သူဌေးကတော်နှင့် တိုင်ပင်ကာ နေရာထိုင်ခင်း ခင်းကျင်းသုတ်သင်၊ ယာဂုဆွမ်း၊ ခဲဖွယ် ဘောဇဉ် တို့ကိုပြင်၍ အရုဏ်တက်လျှင် ကျောင်းတော်သို့ ထွက်ခဲ့ပြီး သံဃာတော် ခြောက်သောင်းနှင့်တကွ ပဒုမုတ္တရ ဘုရားရှင်အား ပင့်လျှောက်ခါ ဆက်ကပ်လှူဒါန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သာဝက ဆုတောင်းခန်း

ထိုကဲ့သို့ (၇)ရက်တိုင်အောင် ဆက်ကပ်လှူဒါန်းပြီး ပဒုမုတ္တရဘုရားရှင်၏ ခြေတော်အစုံ ကြာပဒုံကို ဦးခေါင်းဖြင့် တုပ်ဝပ်၍ မိမိအလိုရှိအပ်သောဆုကို တောင်းလိုက်တယ်။

**နိပစ္စ သိရသာ ပါဒေ၊ တံဌာနံ အဘိပတ္ထယိ၊**
**မဟာသန္တော သပရိသံ၊ တဒါတံ နရပုင်္ဂဝေါ။**

တဒါ၊ ထိုဆွမ်းလှူပြီးသောအခါ၌။ အဟံ၊ ဝေဒေဟဟုနာမသမုတ် အကျွန်ုပ်သည်။ သပရိသံ၊ ပရိသတ်နှင့်တကွသော။ မဟာသန္တော၊ များစွာငြိမ်သက်ခြင်း ရှိသော။ နရပုင်္ဂဝေါ၊ လူတို့ဥက္ကာဋ္ဌ စောနေနတ်ဖြစ်တော်မူသော။ တဿ၊ ထိုပဒုမုတ္တရ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံကို။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နိပစ္စ၊ တုပ်ဝပ်တွား၍။ တံဌာနံ၊ တတိယ သာဝကနိသဘကဲ့သို့ မုတာရေ တေဒဝ်ဘွဲ့ထူးကို။ အဘိပတ္ထယိ၊ ရိုသေလေးမြတ်တောင့်တအပ်ခဲ့လေပြီ။

ဤသို့ သူဌေးကတော်ကြီးနှင့် ဝေဒေဟသူဌေးကြီးသည် ယာဂုဆွမ်း၊ ခဲဖွယ်တို့ဖြင့် (၇)ရက်ပတ်လုံး လှူဒါန်းဆက်ကပ်ရသော ကုသိုလ်ကြောင့် အရှင်နိသဘထေရ်ကဲ့သို့ မုတာရေ တေဒဂ္ဂ တတိယ သဝကဘွဲ့ထူးကို ချီးကျူးမြှောက်စားတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်လိုက်တယ်။





## ပဒုမုတ္တရဘုရား ဗျာဒိတ်ပေးခန်း

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဝေဒဟ သူဌေးကြီး၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်ကာကြည့်ရှု၍ ဗျာဒိတ်တော်ထားခဲ့ပုံက-

**သတသဟဿိတောကပ္ပေ၊ ဩက္ကာကကုလသမ္ဘဝေါ၊**
**ဂေါတမောနာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ၊**
**တဿ ဓမ္မေသု ဒါယာဒေါ၊ ဩရသော ဓမ္မနိမ္မိတော၊**
**ကဿပေါနာမ နာမေန၊ ဟေဿတိ သတ္ထုသာဝကော။**

ဝေဒေဟ၊ သူဌေးကြီးဝေဒေဟ။ သတသဟဿိတောကပ္ပေ၊ ယခုကမ္ဘာနောက် လျှောက်ခါရေတွက် ကမ္ဘာတစ်သိန်းထက်၌။ ဩက္ကာကကုလသမ္ဘဝေါ၊ သာကီဝင်စစ် ဩက္ကာကရာဇ်မင်းမျိုး၌ ဖြစ်သော။ နာမေန၊ သညာခေါ်ရ အမည်နာမအားဖြင့်။ ဂေါတမောနာမ၊ အရှင်ဂေါတမ အမည်ရသော။ သတ္ထာ၊ သတ္တဝါအများအားထားရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားသည်။ လောကေ၊ လူ့ရွာလောက ဘုံဌာန၌။ ဘဝိဿတိ၊ နတ်ဗြဟ္မာတွေ နိုးဆော်သဖြင့် သတ္တဝါတွေ အကျိုးမျှော်ကာ ပွင့်ပေါ်၍လာလတ္တံ့။ တဿ၊ အခွင့်အားလျော်စွာ ပွင့်ပေါ်၍လာသော ထိုဂေါတမ မြတ်စွာဘုရား၏။ ဓမ္မေသု၊ သစ္စာလေးရပ် တရားမြတ်တို့၌။ ဒါယာဒေါ၊ ကောင်းစွာပိုင်ပိုင် အမွေခံယူနိုင်သော။ ဩရသော၊ ရင်တော်ချစ် သားတော်စစ်သည်။ ဓမ္မနိမ္မိတော၊ အမြတ်တရား အခြေခိုင်ပိုင်နှင့် ဖန်ဆင်းနိုင်သည်။ ဟုတွာ၊ ဖြစ်၍။ နာမေန၊ အမည်နာမအားဖြင့်။ ကဿပေါနာမ၊ အရှင်မဟာကဿပ အမည်တော်ရှိသော။ သတ္ထု၊



www.burmeseclassic.com

www.burmeseclassic.com



သာဝကော၊ မြတ်စွာဘုရား၏ တပည့်သား ဒုတိယ တတိယ သာဝကသည်။ ဟေသော၊ ဧကန်စင်စစ် ဖြစ်ရလိမ့်လတ္တံ့။

ဝေဒေဟ သူဌေးကြီး၊ ဤကမ္ဘာမှနောက် ကမ္ဘာတစ်သိန်း မြောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ပွင့်တော်မူလတ္တံ့။ ထိုအခါ သင်သည် ထိုဘုရား၏ သာသနာတော်၌၊ မဟာကဿပ အမည်တော်ရ၍။ ဓုတဓရေ တေဒဂ် တတိယသာဝကကြီး ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားသဖြင့် သူဌေးကြီးသည် ဖရဏာပီတိ ဝမ်းဆီထိသို့ ရှင်လန်းသောစိတ် ရှိလှသဖြင့်၊ နေ့စဉ်နှင့်အမျှ ဒါန၊ သီလ၊ ဘာဝနာ မေတ္တာတရားများ ပွားများလျက်၊ အသက်တိုင်းနေ၍ စုတေကြကုန်သော် နတ်ပြည်၊ လူပြည် လှည့်လည်ကာ ခံစားကြလေသည်။

## ဟာကသာဋက-ပုဏ္ဏားဖြစ်ခန်း

ထို့နောက် (၉၁) ကမ္ဘာလွန်ရှိသော ဝိပဿီဘုရား လက်ထက် တစ်ခုသော မကောင်းမှုက ဝင်စွက်သဖြင့် ဆင်းရဲသော ပုဏ္ဏားမျိုး၌ နှစ်ယောက်စလုံး အိမ်ထောင်ဖက်လာ၍ ဖြစ်ကြပြန်တယ်။ ဆင်းရဲဆို နှစ်ယောက်မှ အပေါ်ရုံ တစ်ထည်သာ ရှိသဖြင့် လင်သွားလျှင် မယားထံမှ အပေါ်ရုံကိုယူ၊ မယားသွားလျှင် လင့်ထံမှ အပေါ်ရုံကိုယူ၍ စားရေး၊ ဝတ်ရေး မင်းရေး လှူဒါန်းဖို့ အရေးတွေကြောင့် ထင်းခွေရေခပ် ဒရစပ် လုပ်ကိုင်စားသောက်ကြရတယ်။ ဆင်းရဲလေလေ သံဝေဂရ ဆိုတဲ့အတိုင်း နောက်နောင်ဘဝက မလှူခဲ့လို့၊ ငါတို့မှာ၊ မရှိလို့ငယ်





မလှူနိုင်ပါကလားဟု နှစ်ယောက်သား ညည်းတွားကာနေတဲ့အခိုက်၊ တုသိုလ်ဆိုတာ ငှက်ပျံသလို နိမ့်တုံမြင့်တုံဆိုတဲ့ စကားအလိုက် မြို့ပြပြည်ရွာ တောတောင်စောင့်ကြကုန်သော နတ်အပေါင်းတို့က ခံစားဖို့ရာ အလှည့်ကြုံတော့ ဝိပဿီ မြတ်စွာဘုရား (၇) ရက် တစ်ကြိမ် တရားဟောပါလိမ့်မည်လို့ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး လှည့်လည်ကာ ကြွေးကြော်သော အသံကြားတော့ လင်သည် ဧကသာဋက-က မယား ပုဏ္ဏေးမအား တရားနာရန် တိုက်တွန်းလိုက်တယ်။ ထိုအခါ မယားပုဏ္ဏေးမက အပေါ်ရုံ တစ်ထည်သာ ရှိသဖြင့် ကျွန်မနောက်မှလာမည် မောင်တော်သာ လက်ဦးသွား၍ တရားနာလော့ဟု ခွင့်ပြုသဖြင့် ပုဏ္ဏေးမထံမှ အပေါ်ရုံ တစ်ထည်ကို တောင်းယူကာ သိုင်းခြုံပြီး ကျောင်းတော်သို့သွား၍ မင်း၊ မှူးမတ်၊ သူဌေး၊ သူဆင်းရဲတို့၏ နောက်နားက ဝပ်သွားကာ တရားနာနေရှာတယ်။ ဝိပဿီမြတ်စွာဘုရားကလည်း ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ အစရှိသောတရားတို့ကို အင်္ဂါရှစ်ဖော် အသံတော်ဖြင့် ရှင်းလင်းပြတ်သားစွာ ဟောကြားတော်မူသောတရား ကြားနာရသဖြင့် အားရဝမ်းသာ အပေါ်ရုံကိုယူကာ လှူဒါန်းမည် ပြုရာတွင် ပုဏ္ဏားတို့မွေတာ အစည်းအဝေးသို့ သွားပါလျှင် ဘယ်ဟာလွှမ်းခြုံ၍ ပိုလ်ပုံသို့သွားရပါအံ့နည်းဟု သဒ္ဓါထွက်သော်လည်း မစ္ဆေရဝင်ကာ ဖျက်သဖြင့် မလှူနိုင်ရက်နိုင် ဖြစ်ပြန်တယ်။ ထို့နောက် ပြန်ကာ စေတနာနှင့် သဒ္ဓါပါ၊ မစ္ဆေရစိတ်ယုတ်မာကို နောက်ဆုံး ခါတိုက်တော့မှ ဒိဋ္ဌဓမ္မ ကျိုးနှစ်ဝကိုရဖို့ရန် အပေါ်ရုံကိုခြုံကာ လှူဒါန်းခြင်း ပြုလိုက်ရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## လှူဒါန်းပုံက

နိသိန္နံ ဖေနကာယမှိ၊ ဒေသေန္တံ အမတံ ပဒံ၊
သုတွာ ဓမ္မံ ပမုဒိတော၊ အဒါသိ ဧတသာဋကံ။

ဖေနကာယမှိ၊ တရားနာပရိသတ် အဆုံးရပ်၌။ နိသိန္နံ၊ တရားနာ၍နေသော။ အမတံ ကေသာဋက နာမသမုတ် အကျွန်ုပ်သည်။ ဘဂဝတော၊ တုမရှိဘုန်းဂုဏ် အလုံးစုံတို့ကြောင့် သုံးဘုံထင်ရှား ဝိပဿီမြတ်စွာဘုရား၏။ ဒေသေန္တံ၊ ဟောတော်မူအပ်သော။ အမတံ၊ မသေရာမှန် ပြည်နိဗ္ဗာန်ကို။ ပဒံ၊ ပါရမီဉာဏ် ရင့်သူမှန်လျှင် ကေန်ရောက်ကြောင်းဖြစ်သော။ ဓမ္မံ ဟောတော်မူအပ်သော မြတ်တရားကို။ သုတွာ၊ ကိုယ်တိုင်ဒိဋ္ဌ ကြားနာရခြင်းကြောင့်။ ပမုဒိတော၊ ကြည်ရွှင်ဟဒယ ဝမ်းမြောက်လှသည်ဖြစ်၍။ ဧကသာဋကံ၊ ကိုယ်မှာသိုင်းခြုံ တစ်ထည်သော အပေါ်ရုံကို။ အဒါသိ၊ သဒ္ဓါလက်နက် မချွေဖျက်၍ ပေးလှူခဲ့ပါသတည်း။

ဤကဲ့သို့ ပစ္စုပ္ပန် သံသရာ ကိုးနှစ်ဖြာအတွက် နှစ်ယောက်မှ အပေါ်ရုံ တစ်ထည်ဖြစ်သော်လည်း မချွေရသဒ္ဓါ ဖန်ခါခါတိုက်ဖျက်၍ လှူဒါန်းသည့်အတွက်ကြောင့် အားရဝမ်းသာ လက်ပမ်းပေါက် သုံးခါတီးလျက် (ဇိတံမေ-ဇိတံမေ-ဇိတံမေ) အောင်ပြီ (၃)ခါ သံကုန်ညစ်၍ အော်လိုက်လျှင်ပင် ဘုရားရှင်၏ ရှေ့တော်နားက ဝပ်တွားကာ ရိုသေစွာ တရားနာ၍နေသော ဗန္ဓုမမင်းကြီး ကြားသဖြင့် လျှင်လျှားစွာ ခေါင်းထောင်ကြည့်ပြီး သင်ဘာကို အောင်သနည်းဟု မေးလိုက်ရာ အကျွန်ုပ် ကေသာဋကမှာ ဘဝ-ဘဝက တစ်ခုသော မကောင်းမှုအကျိုးဆက် ယခုဘဝမှာ ဝင်၍နှက်သောကြောင့်





နှစ်ယောက်မှ ပေါ်ရုံတစ်ထည်သာ ရှိပါသဖြင့် မယားပုဏ္ဏေးမထံမှ အပေါ်ရုံကိုယူခါ ပရိသတ်အစွန်နားက တရားနာနေပါတယ်။ ထိုအခါ တရားတော်၌ အားရနှစ်သိမ့် ဝမ်းမြောက်ခါ သဒ္ဓါစိတ်ဖြစ်လာသဖြင့် မိမိအပေါ်ရုံကိုခွာကာ လှူဒါန်းမည်ပြုရာတွင် ဝန်တိုမိစ္ဆာ၊ မချွေရ စိတ်ယုတ်မာက ဝင်လာကာဖျက်သောကြောင့် မလှူရက် ဖြစ်ပြန်ရာ မချွေရသဒ္ဓါ ဖန်ခါခါတိုက်တော့မှ သဒ္ဓါအောင်၍ အနိုင်ရသောကြောင့် လှူဒါန်းခြင်းပြုရပါသဖြင့် ဝမ်းသာစိတ် ပီတိဖြာပြီး (အောင်ပြီ)လို့ သုံးခါဆိုရပါသည်ဟု' မင်းကြီးအားလျှောက်လိုက်တယ်။ ထိုအခါ ဗန္ဓုမမင်းကြီးသည် ဆင်းရဲသား ဒွိဇတော်ကောင်း ဖြူဟွဲ့ဇာကြီး ပါကလားဟု အားရဝမ်းသာ (သာဓု)လို့ နှစ်ခါခေါ်ကာ ကရုဏာ စိတ်ဖြစ်လာသဖြင့် ချီးမွမ်းခါ ကေသာဋကအား ပုဆိုးတော်တစ်စုံကို စုပုံကာပေးလိုက်တယ်။

ထိုအခါ ကေသာဋကမှာ အပေါ်ရုံ လှူစဉ်က ဖြူလွင်တဲ့ သဒ္ဓါဟုန်သည် ဗန္ဓုမမင်းကြီးပေးသော အချိန်တိုင်အောင် မကုန်နိုင် သည်ဖြစ်ပါ၍ ပေးအပ်တဲ့ အဝတ်တစ်စုံ စုပုံကာ လှူလိုက်တယ်။ ဗန္ဓုမမင်းကြီးကလည်း ကေသာဋက ဘုရားကို တစ်စုံလှူလျှင် နှစ်စုံပေး၊ ရှေ့အတူ လှူပြန်ရာ နှစ်စုံလှူ လေးစုံပေး၊ လေးစုံလှူလျှင် ရှစ်စုံပေး၊ တစ်ဆယ့်ခြောက်စုံလှူ သုံးဆယ့်နှစ်စုံပေး။ ထိုသို့ သုံးဆယ့်နှစ်စုံ ပေးခါမှ ရလို့လှူသည်ဟု ကဲ့ရဲ့မည်ပြုသောကြောင့် အိမ်နေသူ ပုဏ္ဏေးမနှင့် သူ့ဖို့ရာ နှစ်စုံမျှကို ချန်ထား၍ ပိုသမျှ အကုန်လှူပြီး သရဏဂုံယူခါ ကမ္မဋ္ဌာန်းဘာဝနာတို့ကို စီးဖြန်း၍ နေရှာတယ်။ ထိုကဲ့သို့နေ၍ စုတေကြကုန်ရသော် နတ်ပြည်၊ လူ့ပြည် ဘုံလည်ကာ စံစားကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သူဋ္ဌေးမျိုး၌ လာ၍ဖြစ်ခန်း

ထို့နောက် ဤဘဒ္ဒကမ္ဘာဝယ် ကောဏာဂုံ ဘုရားနှင့် ကဿပဘုရား နှစ်ဆူတို့အကြား ကာလာဏသီပြည်မှာ နှစ်ဦးစလုံး သူဋ္ဌေးမျိုး၌ အိမ်ထောင်ဖက်ဖြစ်ကြပြန်တယ်။ တစ်နေ့သ၌ သူဋ္ဌေးသည် အပျော်အပါး တောကစားထွက်သောအခါ ရှင်ပစ္စေကဗုဒ္ဓတို့ သက်န်းချုပ်ရာမှာ မလောက်ရှာသော အနားပတ်အတွက် ကိုယ်တွင် ဝတ်ထားသော ပုဆိုးကိုဖြဲ၍ လိုအပ်သမျှ သုံးတော်မူပါဟု လှူဒါန်းကာ ဆုတောင်းလိုက်တယ်။ (နိဗ္ဗုတ္တာ နိဗ္ဗုတ္တာဠာနေ မေ ကာစိ ပရိဟာနိ မာဟောတု) ဘန္တေ အရှင်မြတ်ဘုရား။ မေ၊ တပည့်တော်၏ ဣမိနာ ပုညကမ္မေန၊ ဤပုဆိုးလျှော လှူဒါန်းရပါသော ကုသလ်ကြောင့်။ နိဗ္ဗုတ္တာ နိဗ္ဗုတ္တာဠာနေ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌၊ ကာစိပရိဟာနိ၊ ရလိုရာ အကျိုးဟူသမျှ ဆုတ်ယုတ်ခြင်းသည်။ မာဟောတု၊ မဖြစ်ရပါစေသား အရှင်ဘုရားဟုဆိုပြီး လှူဒါန်းဆုတောင်းခဲ့၍ အပြန် အိမ်တွင်ကျန်ရစ်သော ဇနီးနှင့် နှမတော်တို့က စကားခွန်းကြီး ခွန်းငယ် များနေခိုက် ပစ္စေကဗုဒ္ဓါတစ်ပါး အိမ်နားတွင် ဆွမ်းလာရပ်သည်ကို မြင်သော် နှမဖြစ်သူက ရှိသမျှဆွမ်း အကုန်လှူ၍ ဤကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ ဤမိန်းမရိုင်း၊ မိန်းမမိုက်မျိုးကို ယူဇနာတစ်ရာကပင် ရှောင်ကြဉ်ရပါစေသားဟု ဆုတောင်းခါ လောင်းလှူလိုက်တယ်။

ထိုစကားကို ဇနီးမယားက အနီးအနားမှကြား၍ ငါကို စောင်းကာ ဆုတောင်းရှာသည်။ အမျက်ထွက်လျက် သူ့ဆွမ်းကို မစားနိုင်အောင် ပစ္စေကဗုဒ္ဓါထံမှ သပိတ်တော်ကို ဆွဲလုယူပြီး ရွံ့ဗွက်ထဲသွန်လောင်းခါ ညွှန်ပြောင်း အညစ်တို့ကို သပိတ်ထဲထည့်၍





ကပ်သည်ကို ယောင်းမလုပ်သူ မြင်သဖြင့် (ဟယ်အယုတ်မ) ငါကို နင်ဆဲလို့မှ ဆဲနိုင်ပါလျက် နှစ်သချ်နှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်အပ်သော ပါရမီရှိသော အရှင်မြတ်ကို နင်မှိုလို့ ပြစ်မှားရက်နိုင်ပေသည်ဟု ဆိုသောစကားကြားမှ ညွှန်ပြောင်းတွေသွန်၊ သပိတ်ကို နံ့သာရေဖြင့် ဆေးပြီးလျှင် နီလွင်ဝင်းဝါ အရသာစုံလှသော စတုမဓူကို လောင်းလှူလျက် ဆုတောင်းလိုက်တယ်။

**ယထာ အယံ ပိဏ္ဍပါတော ဩဘာသဇာတော**

**ဧဝံ ဩဘာသဇာတံ မေ သရီရံ ဟောတု။**

အယံပိဏ္ဍပါတော၊ သပိတ်၌ထည့်လှူ ဤဆွမ်းနှင့်တကွ မွန်မြတ်သော စတုမဓူသည်။ ဩဘာသဇာတော ယထာ၊ အရောင်အဆင်း လှပခြင်းရှိသလို။ ဧဝံ၊ ဤနည်းတူ။ မေ၊ တပည့်တော်မ၏။ သရီရံ၊ ခန္ဓာကိုယ်သည်။ ဩဘာသဇာတံ၊ အရောင်အဆင်း၊ လှပခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသား အရှင်ဘုရားတုဆိုကာ ဆုတောင်းလိုက်တယ်။

ပစ္စေကဗုဒ္ဓါကလည်း ဆုတောင်းတိုင်း ပြည့်စေဆို၍ ဆွမ်းအနုမောဒနာတရား ဟောကြားပြီး ကြွသွားတော်မူတယ်။ တောကစားသွားတဲ့ သူဋ္ဌေးလင်ယောက်ျားကလည်း ပြန်ရောက်လာသဖြင့် မိမိ ပစ္စေကဗုဒ္ဓါအား ပုဆိုးလျှော လှူဒါန်းခဲ့သည်ကို အမျှဝေ၊ သူဋ္ဌေးမယားကလည်း ပစ္စေကဗုဒ္ဓါအား ဆွမ်းနှင့်တကွ စတုမဓူများ လောင်းလှူလိုက်ရသော ကုသိုလ်ကို အမျှပေးဝေတယ်။ ထိုသူဋ္ဌေး လင်မယားတို့သည် အသက်တိုင်းနေ၍ စုတေကြကုန်သော် လူ့ပြည်မှ နတ်ပြည် ကျင်လည်လျက် လူနတ်တို့၏ စည်းစိမ်၊ ချမ်းသာ ခံစားကာ နေကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကဿပဘုရားလက်ထက် သူဌေးလင်မယားဖြစ်ခန်း

ထိုသို့ကောင်းတိုင်း ပြည့်စုံပါသော်လည်း ကဿပဘုရား ပွင့်ချိန်ခါ၌ ဟာရာဏသီပြည်ဝယ် ကုဋေ (၈၀) ကြွယ်ဝသော သူဌေးအနွယ်၌ဖြစ်၍ ဇနီးမယားမှာလည်း သူဌေးသမီးပင် ဖြစ်လာရပြန်ပေသည်။ အရွယ်ရောက်၍ မိဘနှစ်ပါး ထိမ်းမြား သောအခါ အိမ်သို့ရောက်လာ၍ အဆင်းအင်္ဂါကိုမြင်သော လင်ယောက်ျားမှာ အလွန်ပင်နှစ်သက် ချစ်ရမွက်နှင့် ဖြစ်ရက်စရာ မရှိပါသော်လည်း ဟိုးရှေးဘဝက ပစ္စေကဗုဒ္ဓါအား ရွံ့ညှနှ်ပြောင်း လောင်းလှူခဲ့သော အကုသိုလ်၏ အကျိုးကြောင့် မခံသာအောင် ကိုယ်အနံ့က ဆိုး၍အနားသို့ မကပ်နိုင်ဘဲ ရှိသောကြောင့် သူ့မိဘရပ် သို့သာ ပြန်ပို့ရရှာလေသည်။ ရုပ်ရည်အဆင်း လှပသော်လည်း ပုပ္ပစအကြောင်း မကောင်းသူမို့ သူကြွယ်ခြောက်ဦးပင် လင်ယောက်ျား အဖြစ် မပေါင်းနိုင်ဘဲ အိမ်သို့သာ ပြန်ပို့ခြင်း ခံခဲ့ရလေသည်။ ထိုသို့ မိဘအိမ်မှာ နေခိုက် ကဿပဘုရား ပရိနိဗ္ဗာန်ပြု၍ သွားသဖြင့် ဓာတ်တော်များကို တစ်ယူဇနာမျှလောက် အစောက်ရှိသော ဓာတုစေတီကြီးကို များစွာသော သူတို့သည် ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် စီချယ်၍ ကြည်ညိုဖွယ်ကောင်းအောင် ဗိသုကာတို့ဖြင့် ဆောက်လုပ် ကာနေတယ်။ ထိုအခါ မကောင်းသောအနံ့ရှိသော သူဌေးသမီးသည် ကိုယ်တွေ့အဖြစ်အပျက်များကို စဉ်းစားရင်း သံဝေဂဖြစ်ပုံမှာ ငါ့ကို အမိအဖတို့က စပ်စား၍ သူဌေးသား (၇)ယောက်နှင့် အိမ်ထောင်ဖက် ပြုပေးသော်လည်း နောက်ဘဝ မကောင်းမှုကံကြောင့် ငါ့ကိုယ်မှ မစင်နံ့နံ၍ (၇)ကြိမ်တိုင်တိုင် လင့်အိမ်က နှင်ချသဖြင့် ပြန်ခဲ့ရပေသည်။ ငါ သူများကဲ့သို့ ယခုဘဝတွင် ခံစားလိုက ငါ၏ကိုယ်မှ





ကောင်းအနံ့ ပျောက်၍ ကောင်းသောအနံ့ရောက်ရအောင် ငါ၌ ဆင်ယင်အပ်သော ပုတီး၊ နားတောင်း၊ လက်ကောက်၊ ဘယက် တန်ဆာတို့ကို ဓာတုစေတီကြီး၌ ရွှေ ငွေ၊ စိန်၊ ကျောက်တို့ဖြင့်ပြီးသော အုတ်တို့ကို လုပ်၍လှူမည်ဟု စိတ်အကြံဖြစ်လာသဖြင့် ဗိသုကာတို့အား စိုက်ရာလိုသော နေရာရှိပါသလားဟု သွား၍မေးလိုက်ရာ ထီးချက်ခံ နေရာ၌ လိုသည်ဟု ပြောသဖြင့် ရွှေအုတ်၊ ငွေအုတ်တို့ကို လုပ်၍ စိန်ကျောက်တို့ဖြင့် စီချယ်ကာ ဆေးဒါန်း မြင်းသီလာတို့ကို သရွတ်ပြု၍ ထီးချက်ခံနေရာ၌ ကြာလက်စိုက်ကာ စီပြီးလှူဒါန်းခြင်းပြု၍ ဆုတောင်း လိုက်ရှာတယ်။

### နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ ကာယတော စန္ဒနဂန္ဓော ဝါယတု၊ မုခတော ဥပ္ပလဂန္ဓော ဝါယတု။

နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ယခုဘဝအစ နိဗ္ဗာန်မရမီ ဖြစ်လေရာရာ ရပ်ဌာန၌။ မေ၊ ဘုရားတပည့်တော်မ၏။ ကာယတော၊ ခန္ဓာကိုယ်မှ။ စန္ဒနဂန္ဓော၊ မွှေးကြိုင်သင်းပျံ့ စန္ဒကူးရနံ့သည်။ ဝါယတု၊ စင်စစ်မကွာ ဖြစ်လာပါစေသား။ မုခတော၊ အာခံတွင်းမှ ဥပ္ပလဂန္ဓော၊ ကြာညိုရနံ့သည်။ ဝါယတု၊ ယခုဘဝမှာ အစဖြာ၍ ဖြစ်ပါစေသား အရှင်ဘုရား။

ဤကဲ့သို့ဆို၍ ဆုတောင်းလိုက်သောကြောင့် နောင်ဘဝက မွှေးမိသော အကုသိုလ်တရားကို ယခုလှူဒါန်း၍ ဆုတောင်းလိုက်သော ကုသိုလ်တရားက ပယ်သဖြင့် ယခုဘဝမှာ သူဌေးသမီးကိုယ်မှ စန္ဒကူးနံ့ ကြာညိုပန်းရနံ့ကဲ့သို့ မွှေးကြိုင်၍လာတယ်။ ထိုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးကိုယ်မှ စန္ဒကူးနံ့၊ ကြာညိုပန်းရနံ့တွေ မွှေးကြိုင်လာတယ်ဆိုတာ တာရာဏာသီ ပြည့်ရှင်မင်းကြီးမှစ၍ တိုင်းသူပြည်သား လူအများတို့ ကြားကြကုန်သော် ဝမ်းသာအားရ တစ်ယောက်မှ တစ်ယောက် အဆင့်ဆင့် ကြွေးကြော်ကြကုန်သဖြင့် ရှေးဘဝ ဆုတောင်းဖက် ပထမလင် သူဌေးသားကြားတော့ ပြန်၍ဆောင်နှင်းကာ ပေါင်းသင်း ဆက်ဆံ၍နေတယ်။ ထို့နောက် အသက်အတိုင်း လူ့စည်းစိမ်ခံစား၍ လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ကာ ခံစားကြရတယ်။

## တာရဏာသီပြည် နန္ဒိယမင်းကြီးနှင့် ဘဒ္ဒကာမိဖုရားဖြစ်ခန်း

ထိုကဲ့သို့ လူ့ပြည်၊ နတ်ပြည် ကျင်လည်ကာ ခံစား၍လာခဲ့ရာ တာရာဏာသီပြည်ကြီး စည်ထီးနှင့်တကွ အစိုးရ၍ ရှေးပုညိဒ္ဓိ အကျိုးပြနိုင်သော နန္ဒိယမင်းကြီး လာ၍ဖြစ်တယ်။ မယားကလည်း ဘဒ္ဒကာမည်သော မိဖုရား လာ၍ဖြစ်သည်။ ထိုမင်းကြီးသည် ဖွားစကပင် ရုပ်ရေအဆင်း လှပတင့်တယ်ခြင်းရှိ၍ လူအပေါင်းတို့ နှစ်သက်စဖွယ် ရှိသောကြောင့် နန္ဒိယ ဟူသော အမည်ကို မှည့်၏။ မိဖုရားသည်လည်း ရှုမငြီး၍ ဆိမ်းဝါကဲ့သို့ တင့်တယ်စွာ အရောင်အဆင်း ရှိသောကြောင့် "ဘဒ္ဒကာ"ဟူသော အမည်ကို မှည့်၏။ ထိုမင်းမိဖုရား နှစ်ပါးတို့သည် မောင်းမမိသံ ခြွေရံသင်းပင်း မင်းချင်းယောကျ်ား မှူးမတ်အများတို့နှင့်တကွ တိုင်းသူပြည်သားတို့အား မင်းကျင့်တရား ဆယ်ပါးတို့နှင့် အုပ်ချုပ်တော်မူတယ်။ တစ်နေ့သ၌ "နန္ဒိယ" မင်းကြီးအား များစွာသော လူတို့သည် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာပုဆိုးတို့ကို





ဆက်သလာကုန်သော် နန္ဒိယမင်းကြီးသည် ထိုထက်ချောမွေ့နူးညံ့သော ကမ္ဗလာပုဆိုးတို့ကို တိုင်းသူပြည်သားတို့ပါ သုံးစွဲကြရအောင်ဟု စိတ်အကြံဖြစ်၍ အရှေ့သို့ မျက်နှာမူကာ ရွှေဟာရားကိုင်ပြီး သည် ရှေးဘဝက ဝေနေယျအများတို့အား ချမ်းသာသုခ ပေးစွမ်းနိုင်သောကုသိုလ်ကိုပြုခဲ့အံ့။ ထိုကုသိုလ်၏ အကျိုးဆက်သည် ယခုချက်မှောက်၌ ရောက်ပါစေသားဟုဆို၍ သွန်းလောင်းလိုက်သော အခါ အလွန့်အလွန် ချောမွေ့နူးညံ့ အဖိုးမဖြတ်နိုင်သော ပုဆိုးအသောဂင် ရှစ်ပင်စီ အရပ်လေးမျက်နှာတွင် (၃၂)ပင်ပေါက်သဖြင့် တိုင်းသူပြည်သား မင်းပရိသတ်အများတို့ပါ ဝတ်ဆင်ကြရတယ်။ ထိုမင်းမိဖုရား နှစ်ပါးတို့သည် မောင်းမမိသံ ခြွေရံသင်းပင်း မင်းချင်းယောကျ်ား တစ်သောင်းခြောက်ထောင်တို့နှင့် မင်း၏ စည်းစိမ်ကို ခံစား၍လာခဲ့ရာ အနှစ်တစ်သောင်းကျော်ခါမှ သံဝေဂ ဖြစ်ရတယ်။ ဩော် - ငါတို့သည် အလိုရှိရာ တော့တတိုင်းရခြင်းသည် ရှေးကောင်းမှုကြောင့် ဖြစ်ပေသည်။ ယခုလည်း နောက်နောင်ဘဝတို့၌ ချမ်းသာသုခရ၍ ကျွတ်တန်းသို့ ဝင်ရအောင် အရှင်ကောင်းတို့ကို ပင့်ဆောင်၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်ကာ နေကြကုန်စို့ဟုဆို၍ အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကို ဆောက်တည်ပြီး နံနက်တိုင်း ဆွမ်း ဘောဇဉ်တို့ကို ချက်ပြုတ်ကာ အရပ်လေးမျက်နှာသို့ သည့်လည်၍ ပင့်လျှောက်သော် မြောက်အရပ်မှ ပဒုမဝတီ မိဖုရား၏ သား ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ဟိမဝန္တာမှ ကြွလာကုန်သဖြင့် ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ဥယျာဉ်တွင်း၌ ကျောင်းများ ဆောက်လုပ်လှူဒါန်းကာ သီတင်းသုံးစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## နန္ဒိယ မင်းမိဖုရားနှစ်ပါး ရသေ့ပြုခြင်း

ထို့နောက် ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန်ပြုကြကုန်သော် တိုင်းသူပြည်သား မင်းမိဖုရားတို့သည် ဝိုယိုမြည်တမ်း၍ ကျောင်းသင်္ခမ်းသို့ သွားကြကုန်ပြီးလျှင် ပန်းနံ့သာ ထင်းတလားတို့ဖြင့် ပြုလုပ်ခါ ခုနစ်သတ္တာဟ ပွဲလမ်းသဘင်တို့ဖြင့် ဆင်ယင်ကျင်းပ၍ ဖုတ်ကြည်းသဂြိုဟ်ကြပြီး ဓာတ်တော်တို့ကို စေတီတည်၍ ပူဇော်ကြလေသည်။ ထိုအခါ မင်းမိဖုရား နှစ်ပါးတို့သည် ဓာတုစေတီကို ဦးထင်၍ ဖူးမြော်ရင်း၊ ဩော် - မြေလျှိုးမိုးပျံ တန်ခိုးစျာန်နှင့် ပြည့်စုံသော ထေရ်အရှင်တို့သော်မှ သေမင်းနိုင်ငံသို့ လိုက်ကြရကုန်သေးသည်။ ငါတို့မူကား ဘယ်နှစ်ဘဝ သေရဦးမည်မသိ၊ ဘဝတိုတိုနှင့် မဂ်ဖိုလ်ကို အတူလှမ်းရအောင် သားတော်ကို နန်းတင်၍ ရဟန်းအသွင်ပြုကာ ကျောင်းသင်္ခမ်းတစ်ခုစီနှင့် မေတ္တာဘာဝနာပွားခါ နေကြကုန်စို့ဟု တိုင်ပင်ကာ ဥယျာဉ်တွင်းမှာ ကျောင်းသင်္ခမ်းတစ်ခုစီဖြင့် ရဟန်းပြုခါ နေကြကုန်၏။

ထိုမင်းမိဖုရား နှစ်ပါးတို့သည် ရဟန်းပြု၍ ကျောင်းသင်္ခမ်းတစ်ခုစီနှင့် မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းရှု၍ နေကြရာ အသက်တိုင်း စုတေကြကုန်သော် ဗြဟ္မာ့ပြည်သို့ ရောက်ကြရပြန်လေသည်။

## ရှင်မဟာကဿပအလောင်း ပိပ္ပလိနှင့် ဘဒ္ဒါမယ်တို့ ဖြစ်ခြင်း

ငါတို့ဂေါတမဘုရား ထင်ရှားဖြစ်လာသောအခါ ရှင်မဟာကဿပအလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ မာဂဓတိုင်းဝယ် မဟာတိတ္ထမည်သော ပုဏ္ဏားရွာ၌ ကပလိမည်သော ကဿပအနွယ်





ဖြစ်သော မင်းပုဏ္ဏားဏ်၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေခဲ့လေ၏။ ချိန်ခါစေ့ရောက် ဖွားမြင်မြောက်၍ အရွယ်ရောက်သောအခ
အလွန်ချစ်ဖွယ်ရှိသောကြောင့် ပိပ္ပလိဟူသော အမည်ကို မှည့်ခေါ်
ကြလေ၏။ ပိပ္ပလ၏ ဇနီးလောင်းလျာ ဘဒ္ဒကာ မိဖုရားသည်လည်း ဗြဟ္မာ့ပြည်မှ စုတေကျ၍ မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ ကောသိယ မည်သော ဇင်းပုဏ္ဏားဏ်၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေပြန်လေ၏။ ချိန်ခါစေ့ရောက် ဖွားမြင်မြောက်၍ အရွယ်ရောက်သောအခ
တင့်တယ်သော အဆင်းအင်္ဂါနှင့် ပြည့်စုံသောကြောင့် ဘဒ္ဒါကာပ
လာနီ ဟူသော အမည်ကို မှည့်ခေါ်ကြလေသည်။

ပိပ္ပလနှင့် ဘဒ္ဒါမယ်တို့မှာ ဗြဟ္မာ့ရွာက ဆင်းလာကြ
သူချည်း ဖြစ်ကြရာတွင် ပိပ္ပလက အသက်(၂၀)၊ မယ်ဘဒ္ဒါက (၁၆)နှ
အရွယ်သို့ရောက်သောအခါ ပိပ္ပလသတို့သား၏ မိဘနှစ်ပါးသည
ဝတ္တရားအရ သားအား ထိမ်းမြားမင်္ဂလာပြုရန် နားချကြသည်မှ
ချစ်သား - မိခင်၊ ဖခင်တို့၏ အနွယ်ကို ဆက်သွယ်ပြန့်ပွားအော
လူ့သဘာဝနှင့် လူသားတို့ ထုံးစံအရ သားကြိုက်ရာ အမျိုးသမီးကို
ယူယူ၊ မိခင် ဖခင်တို့ ပေးစားရာပဲကြိုက်ကြိုက် သားနှစ်ခြိုက်သဂ
ပြောပါ။ သားကိုတော့ ဇနီးကညာနှင့် ပျော်ပျော်ကြီးနေတာကို
မြင်ချင်ပါပြီလို့ နားချကြလေသည်။ မိခင် ဖခင်တို့၏ စကားသံက
ကြားလိုက်ရသော ပိပ္ပလိသတို့သားမှာ ဗြဟ္မာ့ပြည်မှလာသေ
ယောက်ျားဖြစ်၍ ကာမဂုဏ်နှင့်စပ်သောစကားကို အလွန်
နားခါးသည့်အပြင် သာ့သနာ့အသွင်အပြင်နှင့် ပျော်ရွှင်စွာ နေနိုင်
တစ်ဦးဖြစ်သောကြောင့် မိဘနှစ်ပါးတို့၏ စကားကိုလည်း မပစ်ပယ်
ဆိုလာသည့်စကားကိုလည်း လက်ခံရန်မဝံ့ တွေးချင်စရာ အကြံထုတ်

www.burmeseclassic.com



မိဘလုပ်သူတို့အား မဖြစ်ဖနိုင်သည့်စကား ပြန်ကာပြောဆိုသည်မှာ ပခုံးလက်နှစ်သစ်၊ ဖဝါးလက်နှစ်လုံး အရွယ်ကစ၍ ယုယပိုက်ထွေး ကြီးမြင့်အောင် ကျွေးမွေးခဲ့ကြတဲ့ မိခင် ဖခင်တို့၊ မိဘတို့၏စကားကို သားဟာ မပယ်ရှားခဲ့ပါ။ သို့သော် အိမ်ထောင်ရေးကို သာမန်တွေးလျှင် ဝန်လေးစရာ မဟုတ်ပေမယ့် အသေအချာကြည့်က နေစရာမရှိ အောင်ပင် ဝန်လေးလှပါ၏။ ဇနီးအတွက် တစ်နည်းအားဖြင့် တွက်ကြည့်လျှင် နာရေးဖျားရေး အသာကလေးထားပါဦး။

"မွေးမာတာနှင့် ပီတာဘဖွား နှစ်ဦးသားတို့ကို အထူး အားဖြင့် လေးစားသမှု ပြုစုစောင့်ရှောက်မည့် ဇနီးစစ်ဖြစ်မဖြစ်"

"လင်ချစ်အပေါ် ရှုမျှော်ထောက်ထား မယားကျင့်ဝတ် မချွတ်အညီ ကျင့်သုံးနိုင်မည့် ဇနီးစစ် ဖြစ်မဖြစ်"

"အိမ်နီးနားချင်း အဖျင်းမပြော သဘောစင်ဖြူနိုင်မည့်သူ ဇနီးစစ်ဖြစ်မဖြစ်။ ဆွေဂုဏ်၊ မျိုးဂုဏ် ထိုထိုဂုဏ်စု အမှီပြုလျက် မလျော်မာန်ပွား စိတ်ထားများမှ ကင်းဝေးမည့်ဇနီးစစ် ဖြစ်မဖြစ်"

"လင်ယောက်ျားမြင်၊ ချိုပြုံးရွှင်လျက်၊ ကြည်လင်မျက်နှာထား၊ စားသောက်ပြားလည်း၊ ပြင်ထားအသင့်၊ ဖြစ်စေမည့် ဇနီးစစ် ဖြစ်မဖြစ်" ထိုထိုစသည် အလီအလီတွေး ဝန်လေးစရာ အဖြာဖြာတို့ကြောင့်လည်းကောင်း၊ ဗြဟ္မာ့ပြည်မှ စုတေကျ၍ ဖြစ်ရလူ့ပြည်၊ လူဖြစ်ရသောကြောင့်လည်းကောင်း၊ ယရာဝါသ တည်းဟူသော အိမ်ထောင်မှုကို လုံးဝအလိုမပါ။ သို့ပေမယ့် မိဘ နှစ်ပါးတို့၏ စကားကို ပယ်ရှားရာလည်းမကျလေအောင်၊ ရွှေစင်နိက္ခ တစ်ထောင်ကို မိန်းမယောင်ပြု ထုလုပ်ပြီးလျှင် တန်ဆာဆင်လျက်၊ ရွှေစင်ရုပ်နှင့် တူမျှသောမိန်းမလှကို ရပါမူ မိဘစကား မပယ်ရှားဘဲ၊





သားလှ အမှန်ယူပါမည်။ ဤစကားကို မိခင်ကြီး ကြားရလျှင် ငါ့သားအတွက် ရှေးရေစက်ထူး ချပေးဖူးသော မိန်းမထူး၊ မိန်းမ မြတ်တို့ကား ကောန်ရှိရမည်အမှန်ဟု အကြံပြုကာ ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်၍ လက်ဆောင်ပဏ္ဏာပေးပြီးသော် ရထားပေါ်တွင် ရွှေရုပ်တင်လျက် ဤရွှေစင်ရုပ်နှင့်တူသောမိန်းမကို မရရအောင် ရှာကြံဆောင်ရမည်ဟု ပုဏ္ဏားတို့ကို အပြည်ပြည် အမြို့မြို့သို့ စေလွှတ်လိုက်လေ၏။

## သားအတွက် မယားရှာ ထွက်ရခြင်း

ပုဏ္ဏားတို့လည်း အချင်းချင်း တိုင်ပင်ကြလျက် အပြည်ပြည် အရှာရှာရှာနေကြလျှင် ကြာလိမ့်မည်။ ပုံကညာအလှကတော့ သာဂလမှာ ရှာကြရင် ရလိမ့်မည်လို့ သတင်းအစရှိတော့ မဒ္ဒရာဇ်တိုင်း သာဂလ မြို့သို့ ပုဏ္ဏားရှစ်ယောက်တို့ဟာ ရထားမှာ ရွှေစင်ရုပ်တင်ပြီး ခရီးပြင်း ထွက်ကြလေသည်။ မဒ္ဒရာဇ်တိုင်း သာဂလမြို့သို့ မနားတမ်းခရီးနှင်သဖြင့် အပြီးပင်ရောက်ကြတော့ လူများရာ ရေဆိပ်နားသို့ ရွှေစင်ရုပ်ကို အသာချထားပြီး အနီးအနားက ချောင်းမြောင်းလျက် အကြောင်းအချက် အခြင်းအရာကို သတင်းရှာဖွေ ကြလေရာ မကြာမီ ရွှေရုပ်အနီး ခုဇ္ဇာ ခေါ် အမျိုးသမီးကြီးတစ်ယောက် ရောက်လာပြီး ရွှေရုပ်မြင် သူ့သခင်မမှတ်လျက် 'အရှင်မ' ဌာနမသင့် အဖော်မပါ ဤနေရာ ဘာဇာကြောင့် ရောက်နေရသနည်း။ ယခုမကြာ အမြန်ပင် ပြန်ပါလော့ဟု မယ်တဒ္ဒါလှမကိုင်ကို လက်ဝါးဖြင့် ရိုက်လိုက်ရာ လက်နာမှ မယ်ဘဒ္ဒါမဟုတ်ကြောင်း သိရတော့ တခဏ ခစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရယ်သွေးပြီး မျက်နှာငယ်လေးနှင့် နေတဲ့အခိုက် ပုဏ္ဏားတစ်သို
ကလည်း အသော့ပြေး၍ မေးရှာသည်မှာ-

သွင်ပြင်ကျနှ၊ ယဉ်စစနှင့်၊ အို ပုဏ္ဏေးမ၊ သင့်သခင်မသ
ဤရွှေရုပ်တမျှ လှပပါသလား။ အထိန်းတော် အမျိုးသမီး
ခုဋ္ဌလည်း မေးလာဘိခြား အိုပုဏ္ဏားတို့ ကျွန်မ၏ အရှင်သခင်မသ
ဤရွှေရုပ်မျှ မကပါ။ အဆာအရာအယောင်မက သာအောင်
လွန်ကဲပိုမိုမည် ထင်ပါသည်။ အရှင်မ၏ ရူပကာယ ဆင်းရောင်လှသ
တစ်ဆယ့် နှစ်တောင်၊ အမှောင်အတွင်း မီးမထွန်းဘဲနှင့် လင်းခဲ့ပါသ
အရှေ့၊ အနောက်၊ တောင်၊ မြောက် ခုနစ်အိမ်အထိ အရှင်မ
ကိုယ်ရနံ့သည် သင်းပျံ့မွှေးကြိုင် လှိုင်ခဲ့ပါ၏။

ထိုစကားကို ပုဏ္ဏားတစ်စုတို့ ကြားလျှင် အထိန်း
ခုဋ္ဌကိုခေါ်၍ ကောသိယပုဏ္ဏား၏အိမ်သို့ တစ်ထောက်မျှ မနားကြ
အရောက်သွားကြလေသည်။ ပုဏ္ဏားရှစ်ယောက် အိမ်သို့ရောက်
သည်ကို ကောသိယပုဏ္ဏား မြင်သည်ရှိသော် အသင်ပုဏ္ဏား
ဘယ်အရပ်က ဘယ်အကြောင်းကြောင့် ဘယ်ကိုသွားကြ
ရောက်လာကြပါလဲဟု ကောသိယ အိမ်ရှင်ပုဏ္ဏားက မေးသည်
ရှစ်ယောက်သော ပုဏ္ဏားတို့က စကားပြန်ဆိုသည်မှာ အခြားဘယ်
မသွားပါ။ မဂဓတိုင်း၊ မဟာတိတ္ထရွာ၌ ကုဋေရှစ်ဆယ်
ကြွယ်ဝသော ကပိလပုဏ္ဏားမှာ ပိပ္ပလိလုလင်ခေါ် သော သားရ
ပညာရှိတစ်ယောက် ထွန်းပေါက်ခဲ့ရာ မိဘနှစ်ပါးက သားသက်လ
အိမ်ထောင်ပြုဖို့အရေး ဆွေးနွေးတဲ့အခါ သားရတနာက မိဘနှ
စကားကို မဖယ်ရှားလို၍ တကယ်ကို ဤရွှေရုပ်အသွင် လှပ
အမျိုးသမီးကို ရခဲ့ပါလျှင် ယူပါမည်ဟူသော ဝန်ခံစကားကြေ





ကျွန်ုပ်တို့မှာ ပဏ္ဏာဆက်ရင်း ကညာရှာ ထွက်ခဲ့ခြင်း ဖြစ်ပါသည်။

အိမ်ရှင် ကောသိယပုဏ္ဏားလည်း အမျိုးကောင်းသား
နှင့်ရှိသော ယောက်ျားပင်ဖြစ်လိမ့်မည်ဟု ယုံကြည်၍ ရွှေရုပ်နှင့်
ပဏ္ဏာလက်ဆောင်တို့ကို သိမ်းယူလျက် သမီးလှကညာ မယ်ဘဒ္ဒါနှင့်
သဘောတူလိုက်လေသည်။ ဤစကားကို ကြားသိရသော ဘဒ္ဒါမယ်
လှသည် ပိပ္ပလိ သတို့သားအပေါ် တစ်မိဝမ်းတွင်း အတူဆင်းသည့်
မောင်းရင်းနှမလိုကား ချစ်ခြင်းမေတ္တာရှိ၏။ ကာမဂုဏ်နှင့်
သာပြွမ်းခြင်းကိုကား အလိုမရှိပေ။

## ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ စာပေးခန်း

ပိပ္ပလိ သတို့သားအတွက် ဇနီးရှာ ထွက်ကြသော ပုဏ္ဏား
ယောက်တို့သည် သာဂလမြို့သူ လှပျိုဖြူ မယ်ဘဒ္ဒါကို ကြန်အင်
လက္ခဏာနှင့် လှပသော ရုပ်ဆင်းအင်ကိုမြင်ရလျှင် ငါတို့ ပင်ပန်းကျိုး
နပ်လေပြီ။ နေပြည့်စခန်းသို့ ပြန်မြန်း၍ အမှန်ကို ပိပ္ပလိ၏ မိခင်-
ဖခင်တို့အား ပြောကြားမည်ဟု သာဂလမြို့မှ ခွာကြပြီးလျှင်
ဘလမ်းသို့ ဖြောင့်တန်းစွာ ပြန်ကြလေသည်။

မဂဓတိုင်းသို့ဆုတ်ဆိုင်းမရှိပြန်လည်ရောက်လာကြသောအခါ
ယ်ဘဒ္ဒါ၏ မိန်းမကောင်းအင်္ဂါနှင့် ညီညွတ်ပုံ (နတ်မယ်တမျှ)
လှပလဲမကာ၊ နတ်လဲမကျ၊ လှပချောမောပုံ၊ ပဏ္ဏာလက်ဆောင်များ
သိမ်းပိုက်ပြီး သဘောတူလိုက်ပုံ အလုံးစုံကို သားရှင် မိခင်-
ဖခင်တို့အား ပြောကြားလေရာ မိဘနှစ်ဖြာတို့မှာလည်း အားပါးတရ



www.burmeseclassic.com

www.burmeseclassic.com



သားလှအမော်ကို အနားသို့ ခေါ်ယူပြီးလျှင် သားအလိုပြည့်ဝကြောင်း သတင်းကောင်းကြားရလေပြီ။

စကားကိုကြားရသော ပိပ္ပလိသတို့သားသည် နဂိုကပင် မလိုချင်၍ ရွှေစင်နိက္ခ တစ်ထောင်ကျအောင် ကြံဆောင်ထုလုပ် ရွှေရုပ်ကို အဟုတ်တူစေ တွေ့ပါစေသော် အဖေ့စကား မပယ်ရှားဟု ငါကား အဖြေ လွှန်မိချေပြီ၊ ရှိပါစေတော့။ တစ်သီးကြံကာ တစ်နည်းနည်းဖြင့် စာရေးပြီး အကြောင်းပြန်လေမှ တော်ပေါ့မှာပဲဟု တစ်နေ့သောကာလ ဆိတ်ကွယ်ရာအရပ်၌ ပေလွှာကို စာတမ်းပြုလျက် သာဂလမြို့သူ ဘဒ္ဒါမယ်ထံသို့ အကြောင်းပြန်ခဲ့လေသည်မှာ . . .

သို့

သာဂလမြို့

ဘဒ္ဒါမယ်အလှ

ချစ်နှမ

ပိပ္ပလိမောင် ကညစ်စာသားနှင့် မေတ္တာစကား ရေးလိုက်ပါသည်။ မောင်နှင့်နှမဟာ ထိုထိုဘဝက ချဖူးသော ရေစက်၊ ပန္နက်သစ္စာ မြဲခိုင်ပါ၍ လှူပြည်လှူရွာ မယ်တစ်ရွာ၊ မောင်တစ်မြို့ ဘယ်သို့ဝေးကွာ ဖြစ်ရသော်လည်း ရှေးစာဂ အစစ်ကုသိုလ်ထူးတို့ကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့ဘူးပဲ ထူးကဲစွာ မင်္ဂလာပြုကြမလို ဖြစ်ခဲ့ပါပြီ။ နှမ၏ဂုဏ်သတင်း၊ လှပါဟာလဲ ထုံသင်းစွာ မွှေးတကြူမို့၊ မောင့်အနေနှင့် အရေးလဲ ယူထိုက်ပါပေတယ်။ သို့သော်လဲ မောင့်စိတ်ထဲတွင် နောင်သော အခါ သာသနာမှာ ဖန်ဝါဆင်မြန်း ဝတ်သင်္ကန်းနဲ့ ရဟန်းဘဝ





ဒုလ္လာဘကို နှမနှင့်ခွဲခွာ ပြုခဲ့ပါသော်၊ နှမသက်လျှာ မယ်ဘဒ္ဒါသည် ပူဖျာသောက ပူဟုန်ကြွလျက် ဖြစ်ရလေခြင်း ဖြစ်လေခြင်းဟု ထန်ပြင်းသော နှလုံး မသာမယာဖြစ်မှုတို့ဟာ ဖြစ်ရပါလိမ့်မယ်။ သို့ပါ၍ (မီး) မလောင်ခင်တား၊ ဆိုစကားသို့ မောင်မှတစ်ပါး အခြားလုလင် နှမမြင်ပါလျှင် ကြည်လင်စွာ ဖင့်မနေးဘဲ ယူဖို့ အရေး မောင်ကျေကျေနပ်နပ်ကြီး ခွင့်ပေးပါသည် နှမသက်လျှာ မယ်ဘဒ္ဒါ . . .

ရှေ့ရေးတွေးမျှော်

မင့်မောင်တော်

ပိပ္ပလိ။

ထိုနည်းတူစွာ မယ်ဘဒ္ဒါကလည်း စာပြန်ရေးသည်မှာ-

သို့

မဂဓတိုင်းသား

မောင်ကြီး

ပိပ္ပလိသတို့သား၊

ဘဒ္ဒါနှမ သိသာရန် စာသလိုက်ပါသည်။ ဘဝါဘဝ ရေးရေစက်ကြောင့် အစ်ကိုအရင်းပမာ ချစ်မေတ္တာ သက်ဝင်လျက်ပါ၊ လူချင်းပင် မမြင်ရခြားသော်လဲ အားတား လောက်သော အမျိုးကောင်းသားတစ်ယောက်ဟု ဝမ်းမြောက် မိပါသည်။ သို့ပေမယ့် ကျွန်မ၏စိတ်ထဲတွင် ပွဲမြဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါသော အရာတစ်ခုမှာ သာသနာပြုလုပ်ငန်းဖြစ်သော ချဟန်းမိန်းမအဖြစ်နှင့် မွေ့လျော်လိုသော ဆန္ဒအာသာ သွန်မင်းစွာ ရှိနေပါ၍ ဟို- အနာဂတ် နောင်ခါကျမှ ယ်ဘဒ္ဒါနှမ ဇနီးဟာ ငါ့အပေါ် ဘဝခရီး မကုန်ဆုံးဘဲနှင့် ခရှောင်လွဲသွေဖယ် ရက်ပါပေတယ်လို့ နှလုံးမသာ ရှိမည် ဟာကို ကြိုတင်ကာ အသိပေးလျက် ဤစာကို ရေးရခြင်း ဖြစ်ပါသည်။ သို့ပါ၍ နှမမှတ်စ်ပါး အခြားကညာ အသစ်ရှာ လျက် နှစ်သက်စွာ ဘဝခရီးကို ပျော်ပျော်ကြီး လျှောက်နိုင် ပါသည် ဆိုသည့်အကြောင်း စိတ်ထားကောင်း စေတနာ အထူးနှင့် ပေလွှာဖူးအထက်ပေါ်က ဆက်လွှာတော်ကို သလိုက်ပါသည် မောင်ကြီး ပိပ္ပလိ . . .

စေတနာဖြူနှင့် နှမဘဒ္ဒါခင်
သာဂလမြို့။

ဤသို့ ကိုယ့်အတွေးနှင့်ကိုယ် စာရေးပြီး လူကြီးများ မသိရလေအောင် ပိပ္ပလိမောင်ကလည်း စာပို့သူတစ်ဦးရှာ၊ ဘဒ္ဒါမယ် ကလည်း စာပို့သူ တစ်ဦးလွှတ်၊ နှစ်ဦးသော စာပို့လုလင်တို့သည် ခရီးအကြား ချိန်းဆို၍ထားကြသလို ဘွားခနဲတွေ့ကြသော အခါ ခေတ္တနားပါဦး၊ မိတ်ဆွေက ဘယ်ပြည်ကို သွားလို့ ဘာ အကြောင်းထူးများ ဆောင်ရွက်ရန်ရှိပါသလဲ၊ သင့်လက်ထဲက ကတ္တိပါ ဟိုအိတ်ကလည်း သိုသိပ်မှုရှိပါကလား။ အကြောင်းစုံ လင်းပါဦး၊ ရောင်းရင်းရယ်။





သိလိုရေးနှင့် မေးလာလှည့်ချေ ကိုယ့်မိတ်ဆွေ အခြားမဟုတ် ပ်ကား မဂဓတိုင်းတွင် လွန်ပေါ်ထင်တဲ့ ပိပ္ပလိလုလင်က ယ်မြို့သူ လှပဖြိုးဖြူ မယ်ဘဒ္ဒါထံ ပို့ဆက်ရန် ပေးလိုက်တဲ့ လွှာပါခင်ဗျာ။

ဟာ-နေရာကျတာပေါ့ဗျာ။ ကျွန်တော်ကလဲ ကိုပိပ္ပလိထံ ို့ရန် မယ်ဘဒ္ဒါထံမှ စေလွှတ်သူပါ၊ ကျွန်တော့်မှာပါကဲ့ ာလွှာနဲ့၊ ရောင်းရင်းရဲ့ ရွှေပေလွှာ ဒီနေရာ အသာဖြေလို့ ာတွေဆိုတာ ကြည့်ကြရအောင်။ အလို-ဟယ်-တစ်ဦးနှင့်တစ်ဦး ယ်ရှုးတဲ့ စာတွေပါလား။ ကဲ-ကဲ ကျွန်တော်တို့နှစ်ဦးက သူတို့နှစ်ဦး မောင်နှံ ဖြစ်ကြရအောင် ကြားဖြတ်ခါ အကျိုးဆောင်ပြီး နှတ်မောင် လုပ်လိုက်ကြမှပဲ ဟု သဘောတူ ချစ်စာသားတွေ ာ ပေးကြသဖြင့် မိဘနှစ်ပါးတို့၏သဘောအရ ဇနီးမောင်နှံ ရှောကြလေတော့၏။

အဖြူဟွရိုယ ထိန်းကြပုံ

ယရာဝါသ၊ လူ့ကိစ္စကို လားလားမျှ အလိုမရှိကြကုန်သော လိနှင့် ဘဒ္ဒါမယ်တို့မှာ မိဘနှစ်ဖြာတို့၏ အလိုတူမှုကြောင့် ကောင်း၊ လမ်းခရီးအကြား စာပို့သမား နှစ်ဦးတို့၏ ရိုးသားမှု သောကြောင့် လည်းကောင်း ဇနီးမောင်နှံဘဝသို့ လှလှကြီး ကြလေတော့သည်။ ဘဒ္ဒကာပိလာသည် ပိပ္ပလိသတို့သားအိမ်သို့ ကလာရ၍ ထမင်းစားပြီးသော ညနေခင်းတွင် ပိပ္ပလိမောင် တွင်း၌ ပန်းကုံးတစ်ကုံး ဘဒ္ဒါ၏ လက်မှာလည်း ပန်းကုံးတစ်ကုံး သီး ပန်းကုံးကြီးတွေကိုင်လျက် အိပ်ရာဝင်ကာ ခင်းထားအပ်သော



www.burmeseclassic.com

www.burmeseclassic.com



နေရာဝယ်-ပိပ္ပလိက ညာဘက်က၊ မယ်ဘဒ္ဒါက ဘယ်ဘက်က၊ တစ်ဖက်နှင့်တစ်ဖက် နှစ်ယောက်အကြားတွင် ပန်းကုံးများ ထားကြလျက် မောင့်ဘက်က ပန်းကုံးညှိုးပြန်လျှင် မောင့်စိတ်တွင် ရာဂဘီလူး ပူးဝင်လေပြီဟု နှမက အသိအမှတ်ပြုပါ။ နှမဘက်က ပန်းကုံးညှိုးပြန်လျှင်လည်း နှမစိတ်တွင် ရာဂဘီလူး၊ ပူးဝင်လေပြီဟု မောင်က အသိအမှတ်ပြုပါ။ ရာဂကျူးသောသူကို စွန့်ခွာကြစတမ်းဟု ပန်းကုံးကို သက်သေထားကြလျက် အပြပ်ဖွဲ့စရိယ အကျင့်မြတ်ကို ကောင်းမွန်လုံခြုံစွာ ရှောင်ရှားကြလေသည်။ သူနှစ်ဦးတို့ ပန်းကုံးတို့ကား ပကတိအတိုင်းပင် ငွါးငွါးစွင့်စွင့်၊ တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ မညှိုးပန်းကုံးများအဖြစ်သာ တည်ရှိသောအသွင်ကို ဆောင်လျက်ရှိကြ ပေသည်။

ဤသို့ မိဘနှစ်ပါးတို့ ထင်ရှားရှိသမျှ နေလာကြရာမှ ငွေအသပြာခန (၈၇) ကုဋေကို စွန့်ပယ်ကာ ကွေကွင်း၍ သေမင်း၏ အလိုနိုင်ငံသို့ မိဘနှစ်ပါး လိုက်ပါကြရပြီးသည့်နောက် ပိပ္ပလိသည် အခါတစ်နေ့တွင် ရွှာခလေး၊ ရပ်ခလေး များစွာသော လူအပေါင်း ခြံရံလျက် မြင်းကသောရထားဖြင့် လယ်တောသို့ သွားလေရာ များစွာသော ကျီး၊ စွန်ရဲတို့က ထွန်ခဲ့ထားရာ မြေစာအကြားမှာ ပိုး ရွ စသော သတ္တဝါများအား စားသောက်၍ နေသည်ကို မြင်တွေ့ရမှ တရားရ၍ ငါ့အား အာမှီပြုကာ ဤသတ္တဝါများ သေကြရပေသည်ဟု စိတ်ဝယ်ထင်မြင်ကာ ယနေ့ပင် ရဟန်းပြုပါတော့အံ့ဟုကြံလျက် အိမ်သို့ ပြန်ခဲ့လေသည်။ ထိုနေ့ပင် ဘဒ္ဒါမယ် နှမသည်လည်း အထိန်းမိန်းမတို့နှင့် နှမ်းလုပ်ခင်းသို့ သွားကြပြန်ရာ နှမ်းခင်းအရောက် ပိုးလောက်ပေါင်းများကို ထိုသတ္တဝါတို့ စားသောက်နေခြင်းကို





ပက်ပင်းသေချာ တွေ့မြင်ရပါသဖြင့် ထိတ်လန့်ခြင်း သံဝေဂဖြစ်ပြီးလျှင် ယနေ့ပင် ရဟန်းမ ပြုလုပ်ပါတော့အံ့ဟု ကြံ၍ အိမ်သို့ပြန်ခဲ့လေ၏။

ဇနီးမောင်နှံတို့သည် အိမ်သို့ရောက်၍ စားသောက်ဖွယ်ရာ များကို စားသောက်ပြီး၍ ပရိသတ်ရှင်း၍ကင်းသောအခါ ဆိတ်ငြိမ် ရာသို့ ဝင်ပြီးလျှင် ပိပ္ပလိမောင်က စတင်၍ နှမခင် မယ်ဘဒ္ဒါ၊ မင့်မိဘ နှစ်ဖြာ ပေးလိုက်သော အသပြာ ငါးသန်းငါးသိန်းနှင့် မောင့်မိဘများ ထားခဲ့သော အသပြာငွေ ရှစ်ဆယ့်ခုနစ်ကုဋေ အထွေထွေသော ပစ္စည်းစုကို မင့်သဘောအတိုင်း ပြုလိုရာပြုရစ်ပါ။ မောင်ကတော့ ဖန်ဝါဆင်မြန်း ဝတ်သင်္ကန်းနှင့် ရဟန်းပြုပါတော့မည်ဟု အဆိုပြု လေသည်။

ထိုစကားကိုကြားရသော ဘဒ္ဒါမယ်နှမသည် မောင်သည်သာ များစွာသော ဥစ္စာတို့ကို စွန့်လွှတ်၍ သံသရာဝဋ်ကို ကျော်လွန် လိုသည်မဟုတ်။ ကျွန်မလည်း ဤပစ္စည်းအစုံကို အကုန်စွန့်လျက် မောင်နှင့်အတူ ရဟန်းပြုလိုပါသည်ဟု အဆိုပြုပြန်ရာ နှစ်ဦးသဘောတူ တစ်ဦးဆံ တစ်ဦးပယ်ဖြတ်၍ ဤလောကဓာတ်၌ ရဟန္တာ အရှင်မြတ်တို့သည် အကယ်၍ ရှိကုန်ငြားအံ့။ ထိုအရှင်မြတ်တို့ကို ဆရာဟု ရည်မှန်းပြီး ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံ၍ တောထွက်ကြလေသည်။

## ခရီးခွဲကြရာ မြေဝထဗျာ တုန်လှုပ်ခြင်း

ဤသို့လျှင် တောကြီးမြိုင်လယ် အသွယ်သွယ်ကို ဟိုဝယ် ဒီရောက် နှစ်ဦးသား ယျောက်ကြရာ ငါတို့တစ်တွေ လုံနှောင်ကိုရှန်း



www.burmeseclassic.com

www.burmeseclassic.com



ကတုံးရိတ်ခါ၊ အဝါထည်သင်္ကန်းနှင့် ဆင်မြန်းကာ နေကြပြား သော်လည်း တစ်ပုံးတွဲတွဲနှင့် တောထဲမှာ လူတွေမြင်က ကဲ့ရဲ့ကြ လိမ့်မယ်။ ငါတို့ကမူ သီလဖြူစင်ပါသော်လဲ လူသူလေးပါး အမြင်အားဖြင့်မလျော်၊ ကဲ့ရဲ့သူ များဗိုလ်လူတို့လည်း ငါတို့ကို အကြောင်းပြု၍ အပါယ်ဆင်းရဲ၌ မလွဲခံကြရပေလိမ့်မယ်၊ သို့ပါ၍ ရှေ့နားက လမ်းဝဲရာမှာ စခန်းခွဲကပါကုန်အံ့ဟု တိုင်ပင်ပြီးလျှင် နှစ်မြွာလမ်းအရောက်တွင် ယာလမ်းက အရှင့်သားက လျှောက်ပါ။ ဝဲလမ်းကို မယ်ဘဒ္ဒါက လျှောက်ပါမည်ဟု ကတိပြုကြပြီး ပိပ္ပလိ ပရိုဗ်၏ ခြေတို့ကိုဖက်၍ လက်ယာရစ်သုံးပတ်လည်ကာ ငါးရပ်သော ရှိခိုးခြင်းဖြင့် ရှိသေစွာ ရှိခိုးလျက် မြတ်နိုးစုံမက်စွာ ကမ္ဘာတစ်သိန်း၏ အထက်က တူစုံဖက်၍ ငှက်ဖြစ်ကလည်း သစ်တစ်ကိုင်းဖျား နားရပ်ပါကြောင်းနှင့် ပန်တောင်းဆုယူခါ တစ်ဦးကိုတစ်ဦး ကြင်နာ ယုယခဲ့ကြသော ဇနီးမောင်နှံ နှစ်ဦးသားတို့ နောက်ဆုံးခွဲခွာကြခါနီး နောက်နောက်ဘဝက ပါရမီရေစက် မကွာဖြည့်ခဲ့၍ ကြင်ရာဖက်ဖြစ်ရာ ယခုအခါ ဒီနေရာက ခွဲကြရမည်ဖြစ်ပါ၍ နှမ မိဘဒ္ဒါ၌ ကမ္ဘာ-ကမ္ဘာ သံသရာက ပါလာမိငြား အပြစ်များရှိပါ့မူ သနားသည်းခံ တော်မူပါ မောင်တော်ဘုရားဟုဆို၍ ကန်တော့လိုက်ပုံက -

ပစ္ဆိမံ ဒဿနံ ပယ္ယံ၊ နာဟံ လစ္ဆာမိ ပဿတုံ၊
ယဒိ ကောစိ ပဒေါသော မေ၊ ခမဿု မမွမာမတာ။

မမွမာမကာ၊ တရားကိုသာ ဖွေရှာမြတ်နိုး အားကိုးတော်မူသော မောင်ဘုရား။ ဒဿနံ၊ နဖူးလက်တင်၍ ယခုလို တပည့်တော်မ ဖူးမြင်ရခြင်းသည်။ မယ္ယံ၊ ဘဒ္ဒါမည်ရ တပည့်တော်မ၏။ ပစ္ဆိမံ၊





နောက်ဆုံးအခါ ဖူးမြော်ရခြင်းပါဘုရား။ ပစ္ဆာ၊ ယနေ့ကစ နောက်ဆုံးကာလ၌။ အဟံ၊ ဘဒ္ဒါမည်ရ တပည့်တော်မသည်။ ပဿိတုံ၊ နဖူးလက်တင်၍ ဖူးမြင်ကြည့်ရှုခြင်းငှာ၊ နလစ္ဆာမိ၊ ပယ်ခွာကာ ကျင့်ကြသဖြင့် အခါအခွင့် ရတော့မည် မထင်ပါဘုရား။ မေ၊ လက်ဝဲခရီး တစ်ယောက်တည်းဖြင့်ခွဲပြီး ယခုသွားမည်ပြုသော တပည့်တော်မအား။ ကောစိပဒေါသော၊ ကမ္ဘာ့ကမ္ဘာ သံသရာက ပါလာရှိငြား အပြစ်များသည်။ ယဒိ၊ အကယ်၍များ ရှိခဲ့ငြားအံ့။ တွံ၊ လက်ယာခရီး တစ်ကိုယ်တည်းဖြင့် ခွဲပြီးယခု ကြွမည်ပြုသော မောင်တော်ဘုရားသည်။ ခမဿု၊ နောက်ဆုံးတစ်ခါ ကန်တော့ခြင်းပေမို့ အပြစ်မထားဘဲ ခြော်-သနားသည်းခံတော်မူပါ မောင်တော်ဘုရား။

ဖြဟ္မာ့ပြည်ကလာကြတဲ့ ပါရမီရှင်ကြီးတွေဆိုတော့ ငါ၏ နှမတော် ဘဒ္ဒကာပိလာနီသည် ကျားနှင့်ပဲတွေ့မလား၊ ဆင်နှင့်ပဲ တွေ့မလား။ သို့မဟုတ် လူသရမ်းတွေနှင့် တွေ့မလားဆိုတာ ငဲ့ကွက်ညှာခြင်းမရှိဘဲ ကန်တော့ပြီးသည်နှင့် တစ်ပြိုင်နက် ပိပ္ပလ ပုရိုဗ်က မြတ်စွာဘုရားရှိရာ ရာဇဂြိုဟ်ပြည်ဘက် လက်ယာခရီးဖြင့်၊ ဘဒ္ဒကာပိလာနီ ရဟန်းတုပရိုဗ်မက ပုရိုဗ် ရဟန်းတုမများရှိရာ ကျောင်းသင်္ခမ်းသို့ ရည်မှန်းခါ လက်ဝဲခရီးဖြင့် သွားကြရှာတယ်။ သံယောဇဉ်ဖြတ်တဲ့နေရာမှာ အတုခိုးလောက်ပါပေတယ်။ ထိုသို့ ခွဲခွာပြီးသည်နှင့် တစ်ပြိုင်နက် တစ်သောင်းသော စကြဝဠာ၊ ကမ္ဘာ မြေပြင်သည် တုန်လှုပ်ပွဲတင် ကောင်းကင်ရိုက်ဟီး ကောင်းချီးပြု သဖြင့် နတ်သိကြားများကပင် သာဓုခေါ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှင်နှင့်တွေ့ခန်း

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်နေခိုက်ဖြစ်လေသည်။ မိုးရိပ်ကောင်းကင်၊ ပွဲတင်တော်ဟည်း၊ မြေကြီးလှုပ်သောအသံတို ဘုရားရှင် ကြားတော်မူလေရာ၊ သမန္တ စက္ခုဖြင့် ရှုတော်မူသည်တွင် ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့ များစွာသော စည်းစိမ်ဥစ္စာကို ပယ်ခွာ၍ ငါဘုရားကိုသာ ရည်မှန်း၍ ရဟန်းပြုကာ လာကြရာဝယ် နှစ်သွယ်သော လမ်းမှ၊ မောင်က တစ်လမ်း၊ မယ်တစ်လမ်းနှင့် မြိုင်တန်းတောထဲ၊ တစ်ဦးနှင့်တစ်ဦး၊ လာလမ်းကို ခွဲကြသောကြောင့် နှစ်သိန်းလေးသောင်း အထုရှောင်းသည့်၊ ဤမဟာပထဝီ မြေကြီးက ကောင်းချီးပေးခြင်းပါတကား။ ငါဘုရားသည် ကြွရောက်ခါမှန် နှီးမြှောက်ချိန် တန်လေပြီဟု၊ ခြွေရံသံဃာ၊ မခေါ်ရှာဘဲ၊ ကိုယ်တော် တည်းသာ၊ သုံးဂါဝုတ် အတိုင်းအတာ ခရီးကို ကြွတော်မူပြီး ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒမြို့အကြား ထွားထွားပေါ်လွင် ဗဟုပုတ္တက အမည်တွင်သော၊ ပညောင်ပင်ရင်း၌ဝယ် လှပတင့်တယ် ဆန်းကျယ် သော အပရာဇိတ ပလ္လင်ထက်၌ တစ်ခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်ကို အတောင်ရှစ်ဆယ်မျှလောက် ကွန့်မြူးလျက် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူလင့်၏။

ထိုသို့ သီတင်းသုံးနေတော်မူရာ ပညောင်ပင်ရိပ်သာသို့ ပိပ္ပလိ မထေရ် ရောက်လာသောအခါ ဤအရှင်ကား သုံးခွင်သော လောက၌ အတုမရှိသော ဘုရားရှင်သာလျှင် ဖြစ်ရပေမည်။ ဤဘုရား အား ကိုးစားရည်မှန်း၍ ငါရဟန်းပြုပေမည်ဟု ရှင်ကြည်လှသော စိတ်ဓာတ်ဖြင့် မြင်ရာအရပ်မှပင် ဦးထိပ်ရွက်ပန်ဆင်လျက် (သတ္ထာ





မေ ဘဂဝါ သာဝကောဟမသ္မိ) ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ဆန်းနိုးဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ မေ၊ တပည့်တော်၏။ သတ္ထာ၊ ဥပဇ္ဈာယ် ဆရာသည်။ ဟောတု၊ ဖြစ်တော်မူပါဘုရား။ အဟံ၊ တပည့်တော်သည်၊ သာဝကော၊ တပည့်သား သာဝကသည်။ အသ္မိ၊ ဖြစ်လိုပါ၏ ဘုရား။

ဤကဲ့သို့ မြင်ရာက ဝပ်တွား၍ မြတ်ဘုရားအား လျှောက်ထားလေရာ မြတ်ဗုဒ္ဓထေရ်ဘုန်းမော်သည် မိစဉ်ဘရိုး အမျိုး တို့၏ ဂုဏ်ဖြင့်ပြီးသော အမည်ကို ခေါ်တော်မူလိုရကား ချစ်သား ကဿပ၊ သင်၏ လေးစားကော်ရော် ပူဇော်မှုသည် ဤမြေပြင်ကို အကယ်၍ ပြုမိငြားအံ့။ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် ထောင်းထောင်းကွဲအက် မှုန်မှုန်ညက်၍ ပြိုပျက်ရာ၏။ သီလ၊ သမာဓိ၊ ပညာ၊ သုံးပါးသိက္ခာဖြင့် နှိုင်းယှဉ်ဖက်ပြိုင် မတုပနိုင်သော ငါဘုရားသာလျှင် ခံယူနိုင်၏။ ချစ်သား ကဿပ၊ ငါဘုရားရှေ့တော်တွင်နေလော့။ သင့်အား လောကုတ္တရာ တရား တည်းဟူသော အမွေကို ငါပေးအံ့ဟု မိန့်ကြားလျက် သုံးပါးသော ဩဝါဒဂါထာဖြင့် သံသာကျူးရင့်၊ ဥပသမ္ပဒတည်းဟူသော မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေတော်မူခဲ့လေပြီ။

မှတ်ချက်။ ။ ဤမဟာကဿပကား ဥပသမ္ပဒါ ရှစ်ပါးတို့တွင် ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## နောက်ထပ်တစ်ဖန် မြေပထဗျာ တုန်လှုပ်ခြင်း

ဤသို့ ပဋ္ဌင်းဖြစ်ပြီးနောက် ဗဟုပုတ္တက ပညောင်ပင်ရိပ် ရှင်မဟာကဿပအား နောက်လိုက်ထား၍ ကြွသွားတော်မူလေ တစ်ဂါဝုတ်မျှရောက်သောအခါ တစ်ခုသော သစ်ပင်ရိပ်ဝ မြတ်စွာဘုရား နားလိုသည့် အခြင်းအရာကို ကောင်းစွာသိသေ ရှင်မဟာကဿပသည် ပခုံးထက်မှ အသပြာတစ်ထောင် တန် ဆောင်သော ဒုကုဋ်သင်္ကန်းကို လေးထပ်ပြုလျက် ခင်းအပ်သောအ မြတ်စွာဘုရားသည် ဒုကုဋ်ယက်ဝယ် ထိုင်တော်မူ၍ သုံးသပ် သင်၏ဒုကုဋ်သည် အလွန်နူးညံ့ပေစွဟု ချီးမွမ်းတော်မူလေ၏။

ရှင်မဟာကဿပလည်း မွန်မြတ်သောသင်္ကန်းကို ဗုဒ္ဓမြတ် အလိုရှိဟန် တူရှာသည်။ ငါ လှူဒါန်းအံ့ဟု သင်္ကန်းကိုယူလှ ဘုရားရှင်အား လှူလေရာ ဘုရားရှင်သည် အလှူခံတော်မူပြီး ပခုံးထက်မှ ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော ပံသုကူဒုကုဋ် ကဿပမထေရ်အား ပေးလေရာ သင်္ကန်းချင်း လဲလှယ်ေ ထိုခြင်းအရာကို မြေပထဗျာ ကောင်းစွာသိ၍ ရေအဆုံးရှိသည် ပြုလျက် အိုးထိန်းစက်ကဲ့သို့သွက်သွက်ခါအောင် ကောင်းချီးပေး တုန်လှုပ်ပြန်ရရှာလေသည်။

## ပိပ္ပလိရဟန္တာဖြစ်၍ ကဿပအမည်ပေးကာ တေဒဂ်ရ

ဘုရားရှင်နှင့် ကဿပမထေရ်တို့ အစဉ်အတိုင်းကြွ၍ ေ ကျောင်းတော်သို့ ကောင်းမွန်စွာ ရောက်ကြသောအခါ က မထေရ်အား ဓုတင်ဆယ့်သုံးပါး အကျင့်ကားရားကို ဟော





မိန့်မြွက်တော်မူလေရာ ပုထုဇဉ်အဖြစ် ခုနစ်ရက်၊ ရှစ်ရက်မြောက် သောနေ့ အရုဏ်တက်လျှင် အရဟတ္တမဂ် ခနီးသို့ ဖြောင့်ဖြောင့်ကြီး ရောက်၍ လေးဖြာသော ပဋိသမ္ဘိဒါ ခြောက်ပါးသော အဘိညာဉ်နှင့် ရဟန္တာဖြစ်ပြီးလျှင် ဘုရားရှင်သည်လည်း ကဿပသံယုတ် ဒေသနာကို ကိုယ်တော်နှင့်အမျှထား၍ ချီးမြောက်အပ်သော တပည့်ရဟန်းတို့အား ချီးမြောက်ရာတွင် ရှင်မဟာကဿပ အလှည့်တော် ကျလာသဖြင့်-

> တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဓုတင်္ဂဓရာနံ ဘိက္ခူနံ၊
> ယဒိဒံ မဟာကဿပေါ။

ဟု ဓုတင်္ဂဓရ ဧတဒဂ်ကိုပေး၍ ဥရုဝေလ ကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ ကုမာရကဿပ လေးဦးတို့နှင့် ခြားနား စိမ့်သောငှာ တတိယသာဝက မဟာကဿပ ဟူသောအမည်ကို ပေးလေသည်။

အဓိပ္ပာယ်မှာ။ ။ရဟန်းတို့ ငါဘုရား၏ တပည့်ရဟန်းများထဲတွင် ဓုတင်ဆောင်ရာတွင် ဤမဟာကဿပသည် အမြတ်ဆုံး၊ အသာဆုံးပေတည်းဟု ဆိုလိုရင်းဖြစ်သည်။

ဘဒ္ဒကာပိလာနီ ရဟန်းတုမမှာလည်း ပုရိဗိုဇ်မများ ကျောင်းသို့သွား၍နေပြီးနောက် ဘုရားမိထွေးတော် ဂေါတမီတို့ ဘိက္ခုနီမ ဖြစ်ခါမှ ၎င်းတို့ထံတွင် ဘိက္ခုနီလုပ်၍ အားထုတ်သဖြင့် ရဟန္တာထေရီမဖြစ်ကာ ပုဗ္ဗေနိဝါသအရာ ဧတဒဂ်ထားတော်မူ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မုတင် (၁၃) ပါး

၁။ ပံသုကူလိက မုတင်။
၂။ တေစီဝရိကင်္ဂမုတင်။
၃။ ပဏ္ဍိပါတိကင်္ဂမုတင်။
၄။ သပဒါနစာရိကင်္ဂမုတင်။
၅။ ဧကာသနိကင်္ဂမုတင်။
၆။ ပတ္တပိဏ္ဍိကင်္ဂမုတင်။
၇။ ခလုပစ္ဆာဘတ္တိကမုတင်။
၈။ အာရညိကင်္ဂမုတင်။
၉။ ရုက္ခမူလိကင်္ဂမုတင်။
၁၀။ အဗ္ဘောကာသိကင်္ဂမုတင်။
၁၁။ သောသာနိကင်္ဂမုတင်။
၁၂။ ယထာသန္တတိကင်္ဂမုတင်။
၁၃။ နေသဇ္ဇိကင်္ဂမုတင် ဟူ၍ တစ်ဆယ့်သုံးပါး အပြားရှိ၏။

## ဆောက်တည်ပုံကား

**၁။ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ။**

ဂဟပတိဒါနစီဝရံ ဒါယကာတို့ လှူအပ်သော သင်္ကန်းကို ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပံသုကူလိကင်္ဂ၊ လမ်းကြားဈေးဝ ၊ သုသာန်





စသော အရပ်ဝယ်၊ မစင်ကြယ်သော မြေမှုန့်တို့၏ အထက်၌ ဖြန့်ကြက်အုပ်လွှမ်း မြေမှုန့်တို့ဖြင့် ပြွမ်းသောသင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမဒါန စေတနာကို၊ အမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ကောင်းစွာယူသိမ်း မတိမ်းမမှောက်၊ မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည် ပါ၏။

**၂။ စတုတ္ထစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂ သမာသိယာမိ။**

စတုတ္ထစီဝရံ ဝတ်လောက်ရုံလောက် မိဋ္ဌာန်တင်လောက် လေးထည်မြောက်သော သင်္ကန်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ တေစီဝရိကင်္ဂ၊ ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင် ဟူသော သုံးထည်သော သင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏။

**၃။ အတိရေကလာဘံ၊ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂ သမာဒိယာမိ။**

အတိရေကလာဘံ၊ ခံ၍ရသောဆွမ်းမှ အပိုအလွန်ဖြစ်သော သံဃဘတ်စသော တစ်ဆယ့်လေးဘတ်တည်းဟူသော လာဘ်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပဏ္ဍိပါတိကင်္ဂ၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် ရင်းနှီး၍ ထိုထိုမြို့ရွာ အိမ်ဂေဟာသို့ လှည့်လည်ချဉ်းကပ် ရပ်ကာရပ်ကာ တစ်လုပ်စာဖြင့် များစွာစုဆောင်း ပေါင်းစည်း၍သာ သပိတ်၌ကျလာသော ဆွမ်းလျှာကို ရှာမှီးခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမဒါန စေတနာကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏။



www.burmeseclassic.com

www.burmeseclassic.com



၄။ **လောလုပ္ပစာရ်၊ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂ သမာဒိယာမိ။**

လောလုပ္ပစာရ်၊ ထိုထိုအရပ်၌ ဆွမ်း၊ ဆွမ်းဟင်းလျာ အကောင်းကိုသာ ရလတ္တံ့ဟု စုံမက်သော လောဘဇောဖြင့် ရွာစဉ်အိမ်စဉ်ကိုကျော်၍ လျှပ်ပေါ်လော်လီသော ဆွမ်းခံလှည့်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သပဒါနစာရိကင်္ဂ၊ အိမ်စဉ်ရွာစဉ် ခရီးစဉ် မပြတ် ဆွမ်းခံလှည့်လည်ခြင်း၊ အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏။

၅။ **နာနာသနဘောဇန်၊ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂ သမာဒိယာမိ။**

နာနာသနဘောဇန်၊ အထူးထူးသော နေရာတို့၌နေ၍ ခဲဖွယ်ဘောဇဉ်တို့ကို စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂ၊ တစ်ထိုင်တည်းသောနေရာ၌သာ ခဲဖွယ်ဘောဇဉ်တို့ကို စားခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏။

၆။ **ဒုတိယဘာဇန်၊ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂ သမာဒိယာမိ။**

ဒုတိယဘာဇန်၊ နှစ်ခုမြောက်သော အာဟာရထည့်သော ခွက်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂ၊ တစ်လုံးတည်းသော ခွက်၌သာ ပေါင်းစည်းစုရုံး၍ ကျသောခဲဖွယ်ဘောဇဉ်တို့ကို စားခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန





စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----။

၇။ **အတိရိတ္တဘောဇန်၊ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂ သမာဒိယာမိ။**

အတိရိတ္တဘောဇန်၊ ပဝါရိတ် သင့်ပြီးနောက် ဝိနည်းကံ အလျောက် အတိရိတ်ဖြစ်ပြီးသောဆွမ်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်္ဂ၊ ပဝါရိတ်သင့်ပြီးနောက် ရသောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ သုံးဆောင်ခြင်း အလေ့မရှိသော ရဟန်း၏ ဝါ၊ ခလုပ်မည်သော ငှက်ကဲ့သို့ ဖြစ်ပြီးသည်မှနောက်၌ မစားခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏

၈။ **ဂါမန္တသေနာသနံ၊ ပဋိက္ခိပါမိ၊ အာရညိကင်္ဂ သမာဒိယာမိ။**

ဂါမန္တသေနာသနံ၊ ဥပစာနှင့်တကွသော ရွာတွင်းကျောင်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အာရညိကင်္ဂ၊ တောကျောင်း၌သာ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----။

၉။ **ဆန္နံ၊ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂ သမာဒိယာမိ။**

ဆန္နံ၊ အမိုးရှိသော ကျောင်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ရုက္ခမူလိကင်္ဂ၊ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဝါ) ----၏။



www.burmeseclassic.com

www.burmeseclassic.com



၁၀။ **ဆန္ဒဋ္ဌ ရုက္ခမူလဋ္ဌ၊ ပဋိက္ခိပါမိ၊ အဗ္ဗောကာသိကင်္ဂ သမာဒိယာမိ။**

ဆန္ဒဋ္ဌ၊ အမိုးရှိသော ကျောင်းကိုလည်းကောင်း၊ ရုက္ခမူလဋ္ဌ သစ်ပင်ရင်းတည်းဟူသော ကျောင်းကိုလည်းကောင်း၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အဗ္ဗောကာသိကင်္ဂ လွင်တီးခေါင်အရပ်၌ နေထိုင်လေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို သမာဒိယာမိ ဆောက်တည်ပါ၏။ (ဝါ) ----၏။

၁၁။ **နသုသာနံ၊ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂ၊ သမာဒိယာမိ။**

နသုသာနံ၊ သုသာန်မဟုတ်သောအရပ်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သောသာနိကင်္ဂ၊ သုသာန်၌ နေလေ့ရှိသောပုဂ္ဂိုလ်၏။ အကြောင်းအင်္ဂါ သမာဒါနစေတနာကို သမာဒိယာမိ ဆောက်တည်ပါ၏။

၁၂။ **သေနာသနလောလုပ္ပံ၊ ပဋိက္ခိပါမိ၊ ယထာသန္တတိကင်္ဂ သမာဒိယာမိ။**

သေနာသနလောလုပ္ပံ ကျောင်း၌ လျှပ်ပေါ်လော်လီသော လောလုပ္ပတဏှာကို ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာသန္တိကင်္ဂ၊ သံဃာသည်ချထားသော ကျောင်း၌သာ နေလေ့ရှိသောပုဂ္ဂိုလ်၏။ အကြောင်းအင်္ဂါ သမာဒါနစေတနာကို သမာဒိယာမိ ဆောက်တည်ပါ၏။ (ဝါ) ----။

၁၃။ **သေယျံ၊ ပဋိတ္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ။**





သေယျံ၊ အိပ်ခြင်း၊ လျောင်းခြင်းကို ပဋိက္ခိပါမိ၊ ပယ်ပါ၏။ နေသဇ္ဇိကင်္ဂ ထိုင်ခြင်း၊ ဣရိယာပုတ်ဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်၏။ အကြောင်းအင်္ဂါ သမာဒါနစေတနာကို သမာဒိယာမိ ဆောက်တည်ပါ၏။ (ဝါ) ----။

**မှတ်ချက်။** ။ ထိုသို့ဆောက်တည်ရာ၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိက မြတ်စွာဘုရား၏ အထံတော်၌ ဆောက်တည်အပ်၏။ မရှိက မဟာသာဝကကြီးတို့၏ အထံ၌ ဆောက်တည်အပ်၏။ မရှိက ရဟန္တာပုဂ္ဂိုလ်၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ပဋိကတ်သုံးပုံဆောင်၊ နှစ်ပုံဆောင်၊ တစ်ပုံဆောင်၊ နိကာယ်ငါးပါးတို့တွင် တစ်ပါးပါးသော နိကာယ်ဆောင်၊ အဋ္ဌကထာ ဆရာတို့၏ အထံ၌ ဆောက်တည်အပ်ကုန်၏။ ဓုတင်ဆောင် ပုဂ္ဂိုလ်သည် ထိုအရပ်၌မရှိသော် စေတီရင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့် နေထိုင်ပြီးလျှင် မြတ်စွာဘုရား၏ အထံတော်၌ ဆိုဘိသကဲ့သို့ ဆောက်တည်အပ်ကုန်၏။ စင်စစ်သော်ကား မိမိအလိုလိုလည်း ဆောက်တည်ခြင်းငှာ အပ်သည်သာဖြစ်၏။

အကျယ်ကို ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ ဓုတင်္ဂနိဒ္ဒေသ၌ရှုလေ။

ထို့နောက် မြတ်စွာဘုရားရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူအတွင်း၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားပြီးလျှင် ရှစ်ရက်မြောက်သောနေ့ သမာပတ်မှထကာ ရာဇဂြိုဟ်ခေါ် ဆိုရာ ဆင်းရဲသော ရက်ကန်းသည်ရွာသို့ ခီးမြောက်ရန် ဆွမ်းခံကြွ



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု စိတ်အကြံဖြစ်တော်မူရှာလေသည်။ ထိုအခါ ငါးရာသော နတ်သမီးတို့က သိကြသဖြင့် ရှင်မဟာကဿပအား ဆွမ်းလောင်း လှူရလျှင် ယခုထက်တိုး၍ ကြွဒ္ဓိပါဒ်တန်ခိုးနှင့် ပြည့်စုံသော နတ်သား၊ နတ်သမီးမျိုးဖြစ်ကြောင်း သိကြသဖြင့် ဆွမ်းလောင်း လှူရန် သွားကြလေသည်။ ထိုအခါ ဝိပ္ပလိဂူအဝမှာ မျက်သစ်ဒန်ပူစားကာ သမာပတ်မှထသည့် ရှင်မဟာကဿပက မင်းတို့လို စည်းစိမ်ကြွယ် ဝတဲ့ နတ်မိမယ်တို့ကို ငါ ချီးမြှောက်ရန် မရည်ရွယ်ဟု ပယ်လှန်ကာ နှင်ချသဖြင့် နတ်တို့ဘုံသို့ ပြန်ကြလေသည်။

ထိုအခါ သိကြားမင်းနှင့် သူဇာဒေဝီ မဟေသီတို့ကလည်း ရှင်မဟာကဿပ ချီးမြှောက်ရန် ကြံဆ၍ ဆွမ်းခံကြွမည့်နေရာ သိကြသဖြင့် ဆင်းရဲသော ရက်ကန်းသည်ရွာ အဝင်နား၌ မထင်ရှားသော တဲအိုပျက်နှင့် ရက်ကန်းစင်ကလေးဖန်ဆင်းပြီး ဆံဖြူသွားကြွေ ပါးရေတွန့်ဆုပ်(အဘိုးအို၊ အမယ်အို)လုပ်၍ ခပ်ကုပ်ကုပ် ယာဂု ကျို၊ ရက်ဖောက်ရောက်နှင့် ဆွမ်းလောင်းရန် အသင့်စောင့်နေကြ ရှာလေသည်။ ထိုအခါ နံနက်စောစော နတ်သမီးများ ပယ်နှင်၍ သင်္ကန်းသပိတ်ပြင်ဆင်ပြီး ဆင်းရဲသော ရက်ကန်းသည်ရွာ ချီးမြှောက်ရန်ကြွအလာတွင် အဘိုးအို၊ အမယ်အို ဟန်အမူအရာနှင့် သိကြားမင်း မိဖုရား နှစ်ဖြာတို့မှာ ယာဂုဆွမ်းလှူကာ လောင်းလိုက် လေသည်။

ထိုအခါ ရှင်မဟာကဿပ၏ သပိတ်အတွင်းမှ နတ်သုဒ္ဓါ ရနံ့သင်းသဖြင့် ချက်ချင်းပင်သိသောအခါ ဟဲ့ အမူအရာအသွင်ဆန်းနှင့် လှူဒါန်းပုံ အခြေမတည်တဲ့ သူဇာဒေဝီနှင့် သိကြားမင်း၊ သင်တို့လို ဘုန်းကံကြီးမားသည့် သိကြားမင်းများကို ငါ ချီးမြှောက်ရန် လာ





သည်မဟုတ်၊ ဘုန်းကံနည်းပါးသည့် ဆင်းရဲသော ရက်ကန်းသည် လေးများကိုသာ ချီးမြှောက်ရန်လာသည်ဟု ခပ်မာမာပြောလိုက်ရာ ရှင်မဟာကဿပကြီးအား ကြောက်လန့်ထိတ်ရွံ့ ခပ်တွန့်တွန့်နှင့် မဝံ့တဝံ့ နောက်နားက ဝပ်တွားကာ တပည့်တော်တို့ သိကြားမင်းများ လည်း သာသနာပ အခါကာလ၌ ကုသိုလ်ကောင်းမှု ပြုခဲ့သောကြောင့် ဆင်းရဲလှပါသည်။ သာသနာတွင်းကာလ၌ ကုသိုလ်ကောင်းမှု ပြုခဲ့ကြသော စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏ နတ်သားတို့သည် တပည့်တော်အနီး၌ ဖြစ်ကြပါသည်။ နတ်သဘင် အစည်းအဝေး၌ ဘုန်းကံကြီးမားသည့် ထိုနတ်သားများနှင့် မယှဉ်ဝံ့ မထိုင်ဝံ့ ခပ်တွန့်တွန့် နောက်ကွယ်နားက ဖယ်ရှားကာ နေရပါသဖြင့် ဆင်းရဲသော သိကြားများသာ ဖြစ်ပါသည်ဘုရားလို့ လျှောက်ထား လိုက်သောအခါ အပြောကောင်းတော့ အထောင်းသက်သာဆိုတဲ့ စကားလို အလျှောက်ကောင်းတော့ နတ်သမီးငါးရာတို့နှင့် မတူဘဲ ဆွမ်းလောင်းလှူလိုက်ရလေသည်။ ရှင်မဟာကဿပလည်း ထိုဆွမ်း ကို အလှူခံပြီး နောင်တစ်ဖန် အဓိဋ္ဌာန်ပျက်အောင် စိတ်အကြံတက်ခါ ယခုလို မပြုနဲ့လို့ ဆုံးမကာ ကြွ၍ သွားရှာလေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရား ရှေ့ဉာဏ်တော်တွင် သားတော်ကြီး ကဿပ ကျင့်သိက္ခာပြည့်ဝသဖြင့် သိကြတဲ့ နတ်ငါးရာ ဆွမ်းလောင်း ရန်အလာတွင် ပယ်ရှားတော်မူပုံနှင့် သိကြားမင်း သူဇာဒေဝီ မဟေသီ တို့ ဆွမ်းလှူကြပုံပါ အစုံထင်လာသဖြင့် သားတော်ကြီး ကဿပ၏ မြတ်သီလ အကျင့်ထူးတို့ကို ချီးကျူးကာ စိတ်တော်မှ နှုတ်တော်သို့ လျှံထွက်လာသောကြောင့် မြွက်ဆိုတော်မူလိုက်ပုံက



www.burmeseclassic.com

www.burmeseclassic.com



**ပိဏ္ဍပတိကဿ ဘိက္ခုနော၊**
**အတ္တဘရဿ အနညပေါသိနော**
**ဒေဝါပိဟယန္တိ တာဒိနော**
**ဥပသန္တဿ သဒါ သတီမတော။**

အတ္တဘရဿ၊ မိမိကိုယ်ကို လုပ်ကျွေးမွေးမြူထသော။ အနညပေါသိနော၊ သူတစ်ပါး မမွေးမြူအပ်ထသော။ ပိဏ္ဍပါတိကဿ၊ သလုံးမြင်းဇခါင်း ခြေနှစ်ချောင်းဖြင့် ရင်းနှီး၍ ထိုထိုမြို့ရွာ အိမ်ဂေဟာသို့ ဆွမ်းခံလှည့်ထသော၊ ဥပသန္တဿ၊ ကိလေသာမှ ငြိမ်းပြီးသည်ဖြစ်၍ (ဝါ) ကိလေသာမှ ငြိမ်းပြီးထသော။ သဒါ၊ အခါခပ်သိမ်း။ သတီမတော၊ အမြဲမပြတ် တရစပ်ဆောက်တည်အပ်သော သတိရှိထသော။ တာဒိနော၊ ထိုသို့သဘောရှိထသော။ (ဝါ) တာဒိဂုဏ်နှင့် ပြည့်စုံထသော။ ဘိက္ခုနော၊ ရဟန်းအား။ (ဝါ) ကဿပမည်ခေါ် ရဟန်းတော်အား။ ဒေဝါပိ၊ တန်ခိုးကြွယ်ပါဒ် လွန်ထူးမြတ်သော နတ်တို့သည်လည်း။ ပိဟယန္တိ၊ သဒ္ဓါကြည်ညို မြတ်နိုးကုန်၏။

**အနညပေါသိ မညာတံ၊ ဒန္တံ သာရေ ပတိဋ္ဌိတံ၊**
**ခီဏာသဝံ ဝန္တဒေါသံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

အနညပေါသိ၊ သူတစ်ပါးကို မွေးမြူမှုမခံမူ၍ အညာတံ (လာဘ်ပူဇော်သကာအတွက် မိမိကိုယ်ကို) ထင်ရှားအောင်မပြုသော၊ ဒန္တံ၊ ဣန္ဒြေကိုဆုံးမပြီး၍ ယဉ်ကျေးခြင်းရှိသော။ သာရေ အကျင့်သီလ နှစ်သာရ၌ (ဝါ) အရဟတ္တဖိုလ် ဟူသော အနှစ်သာရ၌။ ပတိဋ္ဌိတံ၊ ကောင်းစွာတည်သော။ ခီဏာသဝံ၊ ကုန်ပြီးသော အာသဝေါရှိသော။





ဝန္တဒေါသံ၊ ကိလေသာဟူသော အပြစ်ယုတ်တို့ကို ညှစ်ထွေးအန်ပြီးသော၊ တံ၊ ထိုပုဂ္ဂိုလ်ကို။ (ဝါ) သားတော်ကြီး ကဿပလို ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ ဗြာဟ္မဏဟူ၍။ (ဝါ) မကောင်းမှုမှ အပပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ (ဝါ) စိတ်တော်မှ လျှံထွက်၍ နှုတ်တော်ကမြွက်ကာ သိတော်မူခဲ့ပေသတည်း။

မြတ်စွာဘုရားက သားတော်ကြီး ကဿပသည် သူတစ်ပါးအားမကိုး၊ ကိုယ့်အရိုးကိုယ်သယ်၊ ကိုယ့်ခဲဖွယ်ကိုရှာ၊ ဣန္ဒြေတုပ်နှောင်ကာ ယဉ်ကျေးအောင်ဆုံးမ၍ အကျင့်သီလနှင့် ပြည့်စုံစွာ ကိလေသာ အပြစ်ယုတ်တို့ကို ညှစ်ထုတ်ထွေးအန်ပြီးသော သားတော်ကြီး ကဿပသည် ဗြာဟ္မဏမည်ပါပေသည်ဟု စိတ်တော်မှ နှုတ်တော်သို့ထွက်၍ နောင်လာနောက်သားတို့ သိစေခြင်းငှာ ဥဒါန်းထားတော်မူလေသည်။

တစ်နည်းအားဖြင့် ချစ်သား၊ ချစ်သမီး အပေါင်းတို့ သားတော်ကြီးကဿပ၏ မြတ်သီလကြောင့် ရန့်ထူးတို့ကြောင့် နတ်သမီးများ နှင့် သိကြားမင်း၊ သူဇာဒေဝီတို့၏ ဆွမ်းလောင်းလှူရုံမျှမက ပြောရလျှင် ယခုလောက၌ရှိကြသော အလွန်းမွှေးကြိုင်တဲ့ စန္ဒကူး ရန့်သည် လေတင်နှင့်လေအောက် မဟာဘုတ်အကြည် သဘောသို့ ရောက်ခါမှ မွှေးကြိုင်၍လာနိုင်လေသည်။ သားတော်ကြီး ကဿပ၏ ကျင့်သီလ ရန့်သင်းပုံက လေတင်နှင့်လေအောက်မက မဟာဘုတ် အကြည်သဘောရှိသမျှ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ကျအောင် မွှေးကြိုင်ခြင်းသို့ ရောက်နိုင်တယ်ဆိုတာ စိတ်တော်မှ လျှံထွက်၍ နှုတ်တော်က ဖွင့်လျက် ဟောမြွက်တော်မူလိုက်ပုံကတော့ -



www.burmeseclassic.com

www.burmeseclassic.com



**အပ္ပမတ္တော အယံဂန္ဓော၊**
**ယွာယံ တဂရစန္ဒနံ၊**
**ယောစသီလဝတံ ဂန္ဓော၊**
**ဝါတိဒေဝေသု ဥတ္တမော။**

တဂရစန္ဒနံ၊ လောကလူ့ရွာ မတူသာအောင် လွန်စွာမွှေးပျံ့၊ တောင်ဇလပ်ပန်း စန္ဒကူး၏။ ယွယံ၊ ယောအယံဂန္ဓော၊ အကြင်ရနံ့သည်၊ အတ္ထိ၊ ရှိ၏။ အယံဂန္ဓော၊ သင်းထုံမွှေးပျံ့ ဤရနံ့သည်။ အပ္ပမတ္တော၊ အနည်းငယ်မျှသာတည်း။ သီလဝတံ၊ သီလရှိသောသူတို့၏။ ယောစဂန္ဓော၊ အကြင်သီလတည်းဟူသော ရနံ့သည် အတ္ထိ၊ ရှိ၏။ သောစဂန္ဓော၊ ထိုသီလတည်းဟူသော ရနံ့သည်။ ဥတ္တမော၊ ထူးကဲမွန်မြတ်သည်။ (ဝါ) အလွန့်အလွန်မြတ်သည်ဖြစ်၍။ ဒေဝေသု၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ (ဝါ) လူ့ပြည်တွင်မက နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ကျအောင်။ ဝါတိ-ဝါယတိ၊ ပျံ့နှံ့သင်းကြိုင်လှိုင်စေ၏။ (ဝါ) ရင်သတ်လက်တီး အံ့မပြီးအောင်၊ အနံ့ကြီးနှံ့၍ ကြိုင်လှိုင်လေတော့သတည်း။

မြတ်စွာဘုရားက ချစ်သား၊ ချစ်သံမီးအပေါင်းတို့၊ ခုတင်တောရသ၊ အတျင့်သီလနှင့် ပြည့်ဝစုံလင်သည့် သားတော်ကြီးကဿပ ဂုဏ်အစဉ်တို့ကို ချီးကျူး၍မကုန်အောင် အပုံကြီးများပြားသည်ဟု ဘုရားမြတ်စွာ ဟောတော်မူခဲ့လေသည်။

ထိုမှတစ်ပါး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသဖြင့်၊ လူ၊ နတ်၊ ဗြဟ္မာ သာဝကတို့ ပူဇော်ရာ သာခုကိဋ္ဌနှ တစ်သတ္တာဟ သံတောင်တစ်ရာ၊ နှစ်ဆယ်သာ့တည့်၊ လွန်စွာမွှေးထုံ၊ စန္ဒကူးထင်းပုံသို့ သွင်းကုန်ပြီးခါ၊ သဂြိုဟ်ဖို့ရာ စီစဉ်၍နေတာ တစ်သတ္တာတ





ထိုတစ်သတ္တာဟတွင် မလ္လာမင်းတို့ စန္ဒကူးထင်းပုံ မွှေးနံ့သာအစုံနှင့် စုပုံကာ မီးသဂြိုဟ်ကြရာ လောင်ကျွမ်းခြင်းမရှိပါ။ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော် မြတ်စွာဘုရား အလောင်းတော်ရှိရာ စန္ဒကူးထင်းပုံသို့ သံဃာတော်ငါးရာနှင့် ရှင်မဟာ ကဿဿကြွလာကာ ပူဇော်ပြီးနောက် သူ့အလိုလို တေဇောဓာတ် လောင်မြိုက်၍ သဂြိုဟ်ခြင်းကိစ္စ ပြီးရပုံတို့မှာ အလွန်တစ်ရာမှ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပေသည်။ အရှင်အာနန္ဒာ အစဖြာတဲ့ ဖူးကွာသောသံဃာတော်တို့နှင့်တကွ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ပါ ရှင်မဟာကဿပကြီး ကြွလာတော်မူ၍ သဂြိုဟ်ခြင်းကိစ္စ ပြီးမြောက်ရသောကြောင့် ဝမ်းသာအားရ ကောင်းချီးနှုမော်သာခုခေါ်ကြကုန်သော် မဟာပထဝီမြေကြီးကလည်း ပဲ့တင်ဟီးလျက် တုန်လှုပ်သော် ကောင်းချီးနှုမော် သာခုခေါ်ပုံ ..

## မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပုံ

အနုတ္တရ၊ သုဂတဟု ဓမ္မရာဇာ မဟာသကျ သာကီနွယ်ဖွား အရှင်မြတ်ဘုရားသည် ကောဇာသက္ကရာဇ် (၁၄၈)ခု၊ ဥတုဂိမ္ဟ၊ ကဆုန်လပြည့်အင်္ဂါနေ့၊ အရုဏ်တက်ဦး၊ လင်းအားကြီးအချိန် အခါဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော် အတွင်း ခင်းကျင်းထားအပ်သော ညောင်စောင်း၌ မြောက်သို့ ဦးခေါင်းပြုကာ သီဟသေယျ၊ လက်ယာနံစောင်းဖြင့် လျောင်းစက်တော်မူပြီးလျှင် စတုတ္ထဈာန်မှ ထတော်မူသော အခြားမဲ့၌၊ သနိရ ခပ်သိမ်းကုန်ငြိမ်း ကင်းပြတ်ရာ မဟာအသခ်တဓာတ် မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်သို့ ဝင်စံခိုလှုံတော်မူလေသတည်း။

ထိုအခြင်းအရာကို ရှင်မဟာကဿပလည်း မသိ၊ တပည့်ငါးရာ အခြံအရံနှင့် ပါဝါပြည်မှ ကြွလာတော်မူစဉ်၊ တက္ကတွန်းတစ်ယောက်ကို မြင်လေရာ ဖူးစွာသော မန္ဒာဝရ နတ်ပန်းနှင့် အဘယ်သို့ မြန်းမည်နည်း၊ ဂေါတမ စိန္တေယျကိုများ သိပါ၏လားဟု စောကြောမိသောအခါ ယခု- ဗုဒ္ဓမြတ်စွာသည် နိဗ္ဗုတာခမ်းသို့ ကြွမြန်းတော်မူသည်မှာ (၇)ရက်မျှ ကြာရှိပါပြီဟု အပြန်စကား သိရသောအခါ ပုထုဇဉ်ရဟန်းတို့ ငေးမှိုင်ကာ ငိုကြွေးမြည်တမ်းကြလေကုန်သတည်း။

## ပထမသင်္ဂါယနာ တင်တော်မူခန်း

ထိုအခါ ရှင်မဟာကဿပ၏ တပည့်ငါးရာတို့တွင် အပါအဝင်ဖြစ်သော ဝုဍ္ဎပဗ္ဗဇိတ အသက်ကြီးမှ ရဟန်းဘဝရောက်ခဲ့ရသော သုဘဒ္ဒမည်ရ ရဟန်းကြီးတစ်ပါးက ငါ့ရှင်တို့ ငိုကြွေးမနေကြကုန်လင့်၊ အများသိရှိရာကြသည့်အတိုင်း ဘုရားရှင်ရှိပါက ဘယ်ဟာမလုပ်ရ ဘယ်မသွားရနှင့် သိက္ခာပုဒ်တွေ ပညတ်တွေ ထုတ်နေတာပဲ။ အခုဘုရားရှိက တို့တစ်တွေ ချောင်ချောင်ချိချိ နေကြရပေတော့မည်ဟူသော စကားကို ရှင်မဟာကဿပ ကြားလေလျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတာမှ မကြာသေး၊ ယုတ်မာသော အလဇ္ဇီ ရဟန်းတို့၏ ဘေးရန်ကား ကြီးမားလှဘိတကားဟု ဓမ္မသံဝေ ရသောကြောင်း ပိဋကတ်သုံးဖြာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို ခွဲခြားကာစီစဉ်၍ သင်္ဂါယနာတင်ရပါမူ ကောင်းလေစွဟု နှလုံးပြု ပြီးလျှင် ဘုရင်အဇာတသတ်မင်းကို ဒါယကာပြုလုပ်၍ သက္ကရာဇ်





(၁၄၈)ခု ဝါခေါင်လပြည့်ကျော် (၅)ရက် သောကြာနေ့မှစ၍ တပေါင်းလပြည့်ကျော် (၅)ရက်အထိ (၇)လတိုင်တိုင် ပထမသင်္ဂါယနာကို ရာဇဂြိုဟ်ပြည်၏အနီး ဝေဘာရတောင်ဝှမ်း စရည်ပင်းရောက်ရာ လိုဏ်ဂူဝ မြတ်သော မင်္ဂလာမဏ္ဍပ်၌ ရှင်မဟာကဿပ အမှူးပြုသော ရဟန္တာငါးရာတို့ သင်္ဂါယနာ တင်တော်မူကြလေသတည်း။

မှတ်ချက်။ ။ ဇိနတ္ထပကာသနီ၌ ဝါခေါင်လပြည့်ကျော် (၁) ရက်နေ့မှစ၍ သင်္ဂါယနာတင်ရာ တပေါင်း လပြည့်အထိ (၇)လတို့ဖြစ်သည်။

## ဓာတ်တော်ဌာပနာတိုက်တည်ခန်း

ထိုမှတစ်ပါး အပြည်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်များကိုအသီးသီးပင့်ဆောင်၍ စေတီတည်ကာ ကိုးကွယ်ကြလေသည်။ ရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဓာတ်တော်တို့၏ အန္တရာယ်ကို သိမြင်ရကာ ကုသိနာရုံ၊ ဝေသာလီ၊ ကပိလဝတ်၊ ပါဝါ၊ အလ္လကပ္ပ၊ ဝေဋ္ဌဒီပကတိုင်းတို့၌ရှိသော တစ်စရွတ်စီသော ဓာတ်တော်တို့ကို ဣဒ္ဓိပါဒ်တန်ခိုးဖြင့် တစ်ခဏချင်း ပင့်ဆောင်ကာ အဇာတသတ်မင်းနှင့် တိုင်ပင်ပြီး တိုက်ခန်းများစွာ ရွှေသား၊ ငွေသား၊ ပတ္တမြား၊ နီလာ၊ ကြုတ်များစွာတို့တွင် ဂေါမုတ်၊ ဥဿဖရား စီချယ်ကာပလ္လင်စံကျောင်း၌ ကိန်းအောင်းရန် ဓာတ်တော်တို့ကို သက္ကရာဇ် (၁၆၈)ခုနှစ်အကျော်တွင် ဌာပနာပြီး သင်းပျံ့မွှေးကြိုင် နံ့သာတိုင်တို့သည် အနံ့မပြယ်မပျောက်စေကုန်

www.burmeseclassic.com



သတည်း။ ဆီမီးတို့သည် မငြိမ်းစေကုန်သတည်း။ ပန်းတို့သည် မညှိုးကုန်သတည်းဟု မိဋ္ဌာန်ပြုကာ လှူဒါန်းပြီးနောက် သာဝက ပါရမီဉာဏ်ဖြင့် အနာဂတ်ဖြစ်ဟန်ကို ကြည့်ရှုဆင်ခြင်တော်မူပြီးလျှင် နောင်သောအခါ ဓမ္မာသောကမင်း ပေါ်ပေါက်လာ၍ ဓာတ်တော်များ တူးဖော်ကာ တိုင်းကြီး၊ သေဋ္ဌသတို့၌ စေတီတည်၍ ကိုးကွယ်မည့် အကြောင်း ရွှေပေ၌ ရေးသား၍ ဗျာဒိတ်ထားတော်မူခဲ့သည်မှာ-

**အနာဂတ ပိယဒါသော နာမ ကုမာရော ဆတ္တံ**
**ဥဿာပေတွာ အသောကောနာမ ဓမ္မရာဇာ ဘဝိဿတိ၊**
**သောဣမာ ဓာတုယော ဂဟေတွာ ဝိတ္ထာရိကာ ကရိဿတိ။**

အနာဂတေ၊ နောင် (၂၀၈)ခုနှစ်အခါ၌။ ပိယဒါသောနာမ၊ ပိယဒါသ အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဆတ္တံ၊ ဇမ္ဗူဒိပ်မှု ဧကရာဇ်ထီးဖြူကို၊ ဥဿာပေတွာ၊ စိုက်ဆောက်၍။ အသောကောနာမ၊ အာသောကအမည်ရှိသော။ ဓမ္မရာဇာ၊ တရားမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုအာသောကမင်းသည်။ ဣမာဓာတုယော၊ ဤဓာတ်တော်ကို၊ ဂဟေတွာ၊ တူးဖော်ကာယူ၍။ ဝိတ္ထာရိတာ၊ ပြန့်နှံ့စေသည်။ ဝါ၊ ဇမ္ဗူဒိပ်ကျွန်းအနှံ့ ပြန့်အောင်၊ ကရိဿတိ၊ ပြုလတ္တံ့ဟု အက္ခရာဖြင့် ရေး၍ ထားလေသည်။ အဇာတသတ်မင်းလည်း (၂၄) ကုဋေ အဖိုးထိုက်သော ပတ္တမြားကို (သော့)၌ ဖွဲ့ချည်၍ မင်းတံဆိပ်တော် ခတ်နှိပ်ခါ နောင်းမင်းဆက်ရဲများ ပတ္တမြားကိုယူ၍ ဓာတ်တော်တို့ကို ပူဇော်စေသတည်းဟု အက္ခရာ ရေးထားပြီး စေတီပေါက်ဝကာ ပူဇော်ကြလေသည်။

**အနာဂတေ ဒလိဒ္ဒရာဇာ ဣမံ မဏိံဂဟေတွာ မာဟိုနံ**
**သက္ကာရံ ကရောတု - ဟုရေးသားထားလေသည်။**





အနာဂတေ၊ နောင်အခါ၌။ ဒလိဒ္ဒရာဇာ၊ ဆင်းရဲသော မင်းတို့သည်။ ဣမံမဏိံ၊ ဤနှစ်ဆယ့်လေးကုဋေ အဖိုးထိုက်သော ပတ္တမြားကို။ ဂဟေတွာ၊ ယူဆောင်၍။ ဓာတုနံ၊ ဓာတ်တော်တို့အား။ သက္ကာရံ၊ ပူဇော်သက္ကာရကို ကရောတု ပြုစေသတည်း။

ထို့နောက် သကြားမင်းသည် ဝိသကြုံနတ်သားကိုခေါ်၍ ဓာတ်တော်ဌာပနာတိုက်ကို စောင့်ရှောက်စေ၏။ ဝိသကြုံနတ်သားသည် ကြောက်မက်ဖွယ်ကောင်းသော သားရဲ၊ နတ်ဘီလူးရုပ်တို့ကို သံယှက်ကိုင်ကာ စက်ယန္တရား တပ်ဆင်၍ စောင့်ရှောက်စေသတည်း။

## အရှင်မဟာကဿပ ပရိနိဗ္ဗာန်စံခန်း

ထိုသို့ သက္ကရာဇ် (၁၄၈)ခုနှစ်တွင် သင်္ဂါယနာတင်၍ (၁၄၈)ခုနှစ်အကျော်တွင် ဓာတ်တော်ဌာပနာ စေတီကြီးတည်ပြီး နောက် ရှင်မဟာကဿပမထေရ်ကြီးသည် ပုဗ္ဗေနိဝါသဉာဏ် အနာဂတံသဉာဏ်တော်တို့ကို ဖြန့်ကျက်၍ ဓရှေ့ကမ္ဘာရှစ်ဆယ်၊ နောက်ကမ္ဘာရှစ်ဆယ်တို့ကို ကြည့်ရှုတော်မူသည်ရှိသော် ငါသည် ပဒုမုတ္တရဘုရားသခင်၏ နိယတဗျာဒိတ်စကားတော်ကို ရပြီးနောက် ဘုရားသာသနာတော်အကုန်တွင် တရားဏာသီပြည်မှာ မင်းညီနောင် သုံးပါး တော၌ ဈာန်တရားကို ကျင့်ပြီးမှ ကောင်းကင်ခရီးဖြင့် ဒေသစာရီ လှည့်လည်တော်မူပြီးလျှင် (ဂေါတမ)အလောင်း၊ (အရိမေတ္တေယျ)အလောင်း နောင်တော်နှစ်ပါးတို့နှင့် သလ္လာဝတီမြစ် အနောက်ဘက် ဝေဘူလ-ဝေဘာရ-သုန္ဒရ တောင်သုံးလုံးအတွင်း ငါတို့ရသေ့ညီနောင်သုံးပါး တရားကျင့်တော်မူကြသောအခါကတိ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာထားတော်မူခဲ့ကြသည်မှာ နောင်တော်ကြီး ဘုရားဖြစ်၍ ကျွန်ုပ်က ရဟန္တာအဖြစ်ကို ရပြီးလျှင် နောင်တော်ကြီး ပရိနိဗ္ဗာန် စံဝင်သောအခါ ကျွန်ုပ်က သင်္ဂြိုဟ်မှသာ တေဇောဓာတ် လောင်ကျွမ်းပါစေ။ ကျွန်ုပ် ပရိနိဗ္ဗာန် စံဝင်ခဲ့သော် နောင်တော်ငယ်က သင်္ဂြိုဟ်မှသာလျှင် တေဇောဓာတ် လောင်ကျွမ်းပါစေဟု ထားခဲ့သော ကတိရှိကြသည်။

ထိုကတိအတိုင်း နောင်တော်ကြီး ဂေါတမနှင့် ထားခဲ့သော ကတိသည် ယခုအခါ ပြီးပြည့်စုံပြီးဖြစ်သည်။ နောင်တော်ငယ် အရိမေတ္တေယျ အလောင်းနှင့် ထားသောဂတိသည်သာ ကြွင်းကျန်နေပါသေးတကား။ ဤသို့ ကတိသစ္စာ ထားတော်မူခဲ့ဖူးသောကြောင့် ငါ၏ခန္ဓာကိုယ်သည် ယခုလက်ငင်း တေဇောဓာတ် မလောင်ကျွမ်းနိုင်သေး။ အရိမေတ္တေယျ ဘုရားပွင့်တော်မူသောအခါ ရွှေလက်ဝါးတော်ဝေါ်၌ လူနတ်ဗြဟ္မာ သတ္တဝါတို့အား တင်ပြမှသာလျှင် တန်ခိုးတော်ကြောင့် တေဇောဓာတ် လောင်ကျွမ်းတော့မည်ကို သိတော်မူဃည်။

ငါ၏အလောင်းကို ရှိခိုးပူဇော် လျှုဒါန်းဆုတောင်း လာကြကုန်သော လူနတ်ဗြဟ္မာအပေါင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြစေခြင်းအကျိုးငှာ ပရိနိဗ္ဗာန်ပြုအံ့သောနေရာကို ဒိဗ္ဗစက္ခုရွှေဉာဏ်တော်ဖြင့် ကြည့်ရှုပြန်သည်ရှိသော် ဇမ္ဗူဒီပ တမ္ပဒီပတိုင်း မြန်မာပြည်အထက်ပိုင်း(သလ္လာဝတီ) ချင်းတွင်းမြစ်အနောက်ဘက် (ဝေဘူလ) (ဝေဘာရ) (သုနန္ဒရ) တောင်သုံးလုံးအောက်တွင် ပရိနိဗ္ဗာန်စံယူမှသာလျှင် နောင်တော်အငယ်နှင့် ထားသောဂတိသည် ညီပေတော့မည်။





သို့ဖြစ်ခြင်းကြောင့် ဝေဘူလ-ဝေဘာရ သုနန္ဒရ တောင်အောက်၌ ပရိနိဗ္ဗာန် စံယူတော့အံ့ဟု (ပါ) သစ္စာအဓိဋ္ဌာန်ပြုတော်မူသည်ကို သိကြားနတ်မင်းတို့ ဒိဗ္ဗသောတနားဖြင့် ကြားသိကြ၍ လှူပြည်သို့ ကိုယ်တိုင်ဆင်းတော်မူခဲ့ပြီးမှ ဝေဘူဘ၊ ဝေဘာရ သုနန္ဒရ တောင်သုံးလုံးကို ညွတ်၍ ဝေဘာရတောင် အလယ်ဗဟိုအတွင်း၌ အလျား၊ အနံ၊ အမြင့် (၁၅)တောင် စတုရန်းညီမျှသော (မြ) (ဖန်) (ရွှေ)(ငွေ) စသည်တို့ဖြင့် မွမ်းမံချယ်လှယ်အပ်သော မဟာဂန္ဓကုဋိတိုက်တော်ကို တန်ခိုးတော်ဖြင့် ဖန်ဆင်းထားလေ၏။

## ညောင်စောင်းနှင့် ပြာသာဒ်

၎င်းတိုက်၏ အလယ်၌ အလျား(၁၆)တောင်၊ အနံ(၈)တောင်၊ အစောက် (၄)တောင်မြင့်သော မြသလွန် ညောင်စောင်းနှင့် (၂၅)တောင်မြင့်သော ကြေးပြာသာဒ်ကြီးကို ဖန်ဆင်း၍ ထားတော်မူ၏။ ရှင်မဟာကဿပသည် မြောက်သို့ ဦးခေါင်းပြုကာ လက်ယာန်တောင်းစောင်း၍ ထိုညောင်စောင်းထက်ဝယ် ပရိနိဗ္ဗာန်ပြုလေသည်။

## တံခါးသုံးတန်

မဟာဂန္ဓကုဋိတိုက်၏ - လေးမျက်နှာစာတွင် တစ်ဖက်တစ်ဖက်၌ ကျောက်တံခါး၊ ငွေတံခါး၊ ရွှေတံခါး သုံးတန်စီပိတ်ထား၏။ တံခါး၏ အမြင့် (၁၆)တောင်၊ အနံ (၈)တောင်ရှိ၏။ တံခါးတစ်ခုနှင့် တစ်ခု အတောင် (၅၀)စီ ကွာ၏။



www.burmeseclassic.com

www.burmeseclassic.com



## အစောင့်အရှောက်များ

၁။ အရှေ့တံခါး သုံးတန်မှာ ရန္ဒဝနတ်မင်း သုံးထောင်စောင့်၏။
၂။ တောင်တံခါးသုံးတန်မှာ ကုမ္ဘဏ်နတ်မင်း သုံးထောင်စောင့်၏။
၃။ အနောက်တံခါးသုံးတန်မှာ ဂဠုန်မင်း၊ နဂါးမင်း၊ သုံးထောင်စောင့်၏။
၄။ မြောက်တံခါးသုံးတန်မှာ ယက္ခဘီလူးမင်း သုံးထောင်စောင့်၏။
၅။ အောက်မျက်နှာ၌ ဘုမ္မစိုးနတ်မင်း၊ မဟာပိန္ဓဲ အသုရာနတ်မင်း သုံးထောင်စောင့်၏။
၆။ အထက်မျက်နှာ၌ အာကာသစိုး နတ်မင်းသုံးထောင်စောင့်၏။
၇။ မဟာဂန္ဓကုဋိတိုက်အတွင်း၌ သမ္မာဒေဝ နတ်မင်း လေးထောင်စောင့်၏။
၈။ မဟာဂန္ဓကုဋိတိုက်၏ အပြင်တွင် ဝိဇ္ဇာမိုရ်ပေါင်း လေးထောင်စောင့်၏။

ဤသို့လျှင် (၂၆၀၀၀)ကုန်သော အစောင့်အရှောက်တို့သည် ကျွန်ုပ်သကြားမင်း၏ အမိန့်တော်နှင့် ခေါ်တော်မူပြီးလျှင် -

(၁) မဟာဂန္ဓကုဋိတိုက်၊
(၂) ရှင်မဟာကဿပရုပ်ကလာပ်၊
(၃) အရိမေတ္တေယျ ကျောင်းတော်စောင့်ရန်နှင့် မဟာကဿပ သင်္ဂြိုဟ်စရိတ် အစရှိသော ရတနာ ခုနစ်ပါး ရွှေ ငွေ ပဒေသာပင် ဝတ္ထုအမျိုးမျိုးတို့ကို မပျောက်မပျက်၊ မရွေ့မပြောင်း၊ မလုယူရအောင်





စောင့်ရှောက်ကြရမည်။ ဟို နတ်အပေါင်းတို့ ကျွန်ုပ် ဣန္ဒာသက္က သိကြားမင်း အမိန့်တော် -

ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းပင်စည် ပန်းဥယျာဉ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာတော် ခြောက်နှစ် ဘိုးတော် အဇ္ဇနမင်း ဖြို့ခွင်းသော ကောဇာသက္ကရာဇ် (၁၅၄) ခု၊ တပို့တွဲလပြည့် အင်္ဂါနေ့ နံနက် ခြောက်နာရီအချိန်ဝယ် သက်တော် တစ်ရာ့နှစ်ဆယ်၊ ဝါတော်သိက္ခာ ငါးဆယ်ပြည့်တော်မူ၏။

မှတ်ချက်။ ။ အချို့သမိုင်းဟောင်း၌ သာသနာတော် သက္ကရာဇ် ဆယ်နှစ်၊ ဘိုးတော် အဇ္ဇနမင်း ဖြို့ခွဲသော ကောဇာ သက္ကရာဇ် (၁၅၈)ခု၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့ နံနက် ခြောက်နာရီ အချိန်ဝယ် သက်တော် တစ်ရာ့နှစ်ဆယ်၊ ဝါတော် သိက္ခာ ငါးဆယ် ပြည့်တော်မူ၏ ဟုဆို၏။

### ဖယောင်းလေးတိုင်နှင့် ဥာပနာပစ္စည်း

၁။ ရှင်မဟာကဿပ အလောင်းတော်ကြီး၏ ဦးခေါင်းတော် ထက်မှ လုံးပတ်လေးထွာ၊ အမြင့် တစ်ဆယ့်နှစ်တောင်ရှိသော ပတ္တမြားဖယောင်းတိုင်ကို ရာမသမ္မုဒ္ဒ အလောင်းသည် ဘုရားဆု ပန်ဆင်ကာ လှူဒါန်းပူဇော်ထားခဲ့လေသည်။

၂။ ခြေတော်ဘက်က လုံးပတ်လေးထွာ၊ အမြင့် တစ်ဆယ့်နှစ်တောင် ရှိသော မြဖယောင်းတိုင်ကို ကောသလနတ်သားက လှူဒါန်း ပူဇော် ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ လက်ယာဘက်က လုံးပတ်လေးထွာ၊ အမြင့် တစ်ဆယ့်နှစ်တောင်ရှိသော ရွှေဖယောင်းတိုင်ကို အသူရိ နတ်သားက သမ္မာသမ္ဗုဒ္ဓဆုကိုတောင်း၍ လှူဒါန်းထား၏။

၄။ လက်ဝဲဘက် လုံးပတ်လေးထွာ၊ အလျား တစ်ဆယ့်နှစ်တောင်ရှိသော ငွေဖယောင်းတိုင်ကို အဘိဘူအလောင်းနတ်သားက သမ္မာသမ္ဗောဓိဆုကိုပန်၍ လှူဒါန်းပူဇော်ထား၏။

၅။ ဦးခေါင်းတော်ဘက်က တစ်ဆယ့်ငါးတောင်မြင့်သော ရွှေပန်းခိုင်ကို ဗြဟ္မာမင်းတို့ လှူဒါန်းပူဇော်ထားကြကုန်၏။

၆။ ခြေတော်ဘက်က တစ်ဆယ့်ငါးတောင်မြင့်သော ငွေပန်းခိုင်ကို သိကြားနတ်မင်းတို့ လှူဒါန်းပူဇော်ထားကြကုန်၏။

၇။ အလောင်းတော်၏ ရှေ့တည့်တည့်၌ ဂါထာ၊ မန္တန်၊ မန္တရား၊ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ ပြဒါးလုံး၊ သံလုံး၊ ဆေးဒန်း၊ ဟင်းရှိုင်း၊ စိန် စသော ဓာတ်လုံးများ၊ ဆေးတောင်ဝှေး၊ ဆေးလုံး၊ ဆေးရုပ်၊ ပန်းပေါင်း၊ ဂမုန်းပေါင်း စသည်တို့ကို တစ်ဆယ့်ငါးတောင်မြင့်သော ပဒေသာပင်၌ ချိတ်ဆွဲပြီးလျှင် ဝိဇ္ဇာဓိုရ်အပေါင်းတို့က လှူဒါန်းပူဇော်ထား၏။

၈။ အလျား၊ အနံ၊ စောက် ငါးတောင်စတုရန်းညီမျှသော (၁) ရွှေသေတ္တာ၊ (၂) ငွေသေတ္တာ၊ (၃) ပတ္တမြားသေတ္တာ၊ (၄) ဝရမိန်သေတ္တာ၊ (၅) ကျောက်မျက်ရွှဲသေတ္တာ၊ (၆) မြသေတ္တာ၊ (၇) ပုလဲသေတ္တာ၊ ဤသေတ္တာကြီး ရှစ်လုံးတို့ကို ရာမ၊ ကောသလ၊ အသူရိ၊ အဘိဘူ၊ ဝက်ပေါနိ ဝဂ်ီကဒ္ဒေါဒေယျ နာဠာဂိရိ ရင့်မာတစ်ကျိတ်ဝင် အလောင်းတော်နတ်သား ရှစ်ယောက်တို့က လှူဒါန်းထား၏။ ထိုပစ္စည်းများသည် အလောင်းတော် တေဇောဓာတ် လောင်ကျွမ်း





သောအခါ၌ အသုံးပြုရန်နှင့် အရိမေတ္တေယျ ဘုရားပွင့်တော်မူသောကာလ ကျောင်းတော်ဆောက်လုပ်ရန် ဖြစ်သည်။

မှတ်ချက်။ ။ အချို့သမိုင်း၌ ရွှေ၊ ငွေ၊ မြ၊ ပတ္တမြား၊ ဖယောင်းလေးတိုင်တို့ကို အဇာတသတ်မင်းနှင့် နောက်ပါပရိသတ်တို့ စီမံလှူဒါန်းခဲ့ကြောင်း၊ ၎င်းဖယောင်းတိုင်တို့၌ ညှိထွန်းပူဇော်ထားသော မီးအလျှံသည် အရိမေတ္တေယျဘုရား ပွင့်တော်မူရာကာလ အရှင်မဟာကဿပ ရှင်ကလာပ် တေဇောဓာတ်လောင်ကျွမ်းသောအခါမှ ငြိမ်းပါစေသားဟူ အဇာတသတ်မင်းကြီး အဓိဋ္ဌာန်ဖြင့် ညှိထွန်းပူဇော်သောကြောင့် ယခုတိုင် မီးမငြိမ်းသေးကြောင်း သမိုင်းအချို့ကဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com




## အရှင်မဟာကဿပ ကြွတော်မူရာ ခရီးစဉ်

ရှင်မဟာကဿပ မထေရ်ကြီးသည် ဓာတ်တော်ဌာပနာ စေတီတိုက်ကြီး တည်ထားကိုးကွယ်ပြီးနောက် သက်တော်(၁၂၀) ဝါတော်သိက္ခာ ငါးဆယ်ပြည့်သောနေ့၌ ပရိနိဗ္ဗာန် ပြုအံ့သောငှာ မြန်မာပြည် အထက်ပိုင်း၊ ချင်းတွင်းမြစ် တစ်ဖက်ကမ်း မုံရွာမြို့၏ အနောက်မြောက်ထောင့် ခပ်ယွန်းယွန်း မိုင် (၆၀) ခန့်အကွာ ကန်နီမြို့နယ် အပါအဝင် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံး ရှိရာသို့ ခရီးစဉ်အတိုင်း ကြွချီတော်မူခဲ့လေသည်။ ဇေတဝန်ပူရ၊ အာသံ၊ စစ်တကောင်း၊ ပင်းဝါ၊ ပေါက်တူ၊ တံပူ စသော မြို့များနှင့် ချင်းတွင်းမြစ်ကို ကျော်၍ မဟာမြိုင်၊ တောတန်း ခရီးဖြင့် ကြွမြန်းတော်မူခဲ့ရာ မင်းကင်းမြို့အောက် ချင်းတွင်းမြစ်လိုင်း ရှစ်မိုင်ခန့် အကွာ နှင်းကြီးရွာသို့ ရောက်တော်မူလေသည်။ ထိုရွာရှိ ဦးကောင်း

စတုဗ္ဗအကြိမ်.

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စင် အမည်တွင်သော တောင်သူကြီးသည် ရှင်မဟာကဿပအား ဆွမ်းလုပ်ကျွေးပြီးနောက် အရှင်ဘုရား၊ တပည့်တော်တို့အား သနားသော အားဖြင့် နောင်လာနောက်သားများ ကိုးကွယ်ရန် အရှင်၏ ခြေတော်ရာတစ်ဆူ ချထားတော်မူခဲ့ပါရန် အကြောင်း လျှောက်ထား တောင်းပန်လေသောအခါ ရှင်မဟာကဿပက ခြေတော်ရာကို မည်သူ စောင့်ရှောက်မည်နည်းဟု မိန့်တော်မူလေရာ တပည့်တော်ပင် စောင့်ရှောက်ပါမည့် အကြောင်း ထပ်လောင်း လျှောက်ထားလေမှ ခြေတော်ရာ တစ်ဆူကို ချထားပေးတော် မူခဲ့လေသည်။ ထိုခြေတော်ရာသည် အလျား(၃၂) လက်မ၊ ခြေဖျားတော်ဗျက် (၁၅) လက်မခွဲ၊ ဖနောင့်တော် ဗျက် (၁၀) လက်မခွဲ ရှိသည်။ ထိုခြေတော်ရာကို နောင်အခါ တောင်သူကြီး ဦးကောင်းစင်သည် လူ စင်စစ်မှ နတ်ဖြစ်၍ ယခုတိုင် ခြေတော်ရာကို စောင့်ရှောက်နေရသည်။ ထိုခြေတော်ရာသည် ယခု နှင်းကြီးရွာနှင့် လေးမိုင်ခန့် အကွာ လူနေအိမ်ခြေ နှစ်ဆယ့်ခုနစ်လုံးရှိ အညာ အညာလယ်ရွာ ဘုန်းတော်ကြီး ကျောင်းဝင်း အတွင်း၌ တည်ရှိသည်။ ယခုအခါ ထိုခြေရာတော် အပေါ်မှ မြေပေါက်စေတီ ငုံ၍ တည်ထား ကိုးကွယ်သည်။ အတွင်းသို့ ဝင်၍ ဖူးမြော်ရသည်။ ထိုခြေတော်ရာ ပွဲတော်သည် တန်ဆောင်မုန်းလဆုတ် ရှစ်ရက်မှစ၍ နှစ်စဉ် ကျင်းပသည်။ ထိုခြေတော်ရာ၏ ထူးခြားချက်မှာ ဘုရားပွဲတော် စည်ကားမည့်နှစ် ဖြစ်လျှင် ပွဲတော် မကျင်းပမီ ကျောက်ဖျာအပြင် ခြေတော်ရာခွက်မှ ရေစမ့်ထွက်၍ လာသည်။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် ယခုနှစ် ဘုရားပွဲတော် စည်ကားမည်ဟု အယူမ်း အမှတ် ရှိကြသည်။ တစ်နည်းထူးခြားပုံကား ဘုရားပွဲတော် အတွင်း၌

www.burmeseclassic.com



ရွှေပွဲလာ စေတနာရှင်တို့က ခြေတော်ရာ အပြင်ကို ရွှေသက်န်း ကပ်လှူပူဇော်ကြသည်။ ထိုရွှေများသည် လပိုင်းအတွင်းမှာပင် ကွယ်ပျောက်သွားလေ့ရှိသည်။ သက်ဆိုင်ရာ အစောင့်အရှောက်တို့က အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ ဌာန(အလောင်းတော်ကဿပ) လိုဏ်ဂူအတွင်းသို့ ပို့ဆောင်သည်ဟု အယူအဆ ရှိကြသည်။ ခြေတော်ရာ၏ ဒါယကာ ဦးကောင်းစင် နတ်နန်းသည် ခြေတော်ရာနှင့် လေးဖာလုံခန့်အကွာတွင် တည်ရှိသည်။ ထိုအနီးအနားရှိ လူတို့သည် နယ်စားပယ်စားအဖြစ်ဖြင့် ဦးကောင်းစင်ကိုပင် ပူဇော်ပသ ကြသည်။

ထိုသို့ ခြေတော်ရာ ချထားတော်မူပြီးသောအခါ နောက်သို့ ဆုတ်၍ ကြွတော်မူရာ တစ်မိုင်ခန့်အကွာ ချောင်းငယ်တစ်ခုသို့ ရောက်လေသည်။ ထိုချောင်းငယ်အတိုင်း ဆင်းလေရာ ချင်းတွင်း မြစ်ကမ်းနဖူးသို့ ဆိုက်ရောက်လေသည်။ ထိုချောင်းငယ်အတိုင်း ရှင်မဟာကဿပသည် စုန်၍ထွက်လာသောကြောင့် ထိုချောင်းငယ် ကို ယခုအခါ လူတို့က (ဘုရားထွက်ချောင်း)ဟု ခေါ်ကြသည်။ ရှင်မဟာကဿပသည် ဤမှာဘက်မြစ်ကမ်းမှ ဟိုမှာဘက် မြစ် ကမ်းသို့ ကူးရန်အကြွတွင် ဟိုမှာဘက်ကမ်းမှ ချေသူငယ်သည် ဤနေရာမှ ကူးရန် သျှောက်ထားလေဟန်ဖြင့် နှာရောင်စင်း ဦးခင်း၍ ပြလေသည်။ ရှင်မဟာကဿပသည်လည်း ထိုနေရာမှပင် ချင်းတွင်း မြစ်တစ်ဖက်ကမ်းသို့ ကူးကြွလေသည်။ ချေသူငယ် ဦးခင်း၍ ပြသောနေရာကို လူတို့က ယခုတိုင် (ချေနရောင်ချောင်း)ဟု ခေါ် ကြသည်။ ထိုမြစ်ကမ်းရိုးအတိုင်း အထက်သို့ ဆန်၍ ကြွခဲ့ပြန်ရာ မင်းကင်းမြို့အောက် နှစ်မိုင်ခန့်အကွာ (ပုထိုးလုံးချောင်း) ခေါ်





အလောင်းတော် ချောင်းဝသို့ ဆိုက်ရောက်လေသည်။ ထိုချောင်း အတိုင်း အထက်သို့ ဆန်၍ ကြွတော်မူပြန်ရာ မထီဒလီသို့ ရောက် သည်။ ရှင်မဟာကဿပသည် ဤနေရာသို့ လှည့်လာသောကြောင့် ရှေးအခေါ်(မထေရ်ဒီလှည့်) ယခုအခေါ် မထီဒလီ ခေါ်ကြသည်။ ထိုမှတစ်ဖန် ကြွပြန်လေရာ ယခု (ပွေ့ညက်) ရှေးအခေါ် ပွေ့လျက် သို့ ရောက်လေသည်။ ရှင်မဟာကဿပသည် သပိတ်ကိုပွေ့လျက် ကြွလာသည်ကို အစွဲပြုလျက် ရှေးအခေါ် 'ပွေ့လျက်' ယခုအခေါ် (ပွေ့ညက်ရွာ)ဟု ခေါ်သည်။

ထိုမှတစ်ဖန် ရှေ့သို့ခရီးဆက် ကြွတော်မူစဉ် ဒကာ၊ ဒကာမများက ဝပ်လျှိုးတောင်းပန်၍ ကန်တော့ကြသော နေရာကို ရှေးအခေါ် (ဝပ်လျှိုးကုန်း) ယခုအခေါ် (ဝက်တိုးကုန်း) ခေါ်သည်။ ထိုကုန်းပေါ်တွင် ယခုအခါ မြေပေါက်စေတီ တစ်ဆူ တည်ထား ကိုးကွယ်လျက် ရှိသည်။ ရှင်မဟာကဿပသည် ခရီးထွက်ပြန်ရာ ပင်ပန်းနွမ်းနယ်၍ တစ်အောင့် တစ်ခဏ အနားယူအပန်းဖြေသော နေရာကို ရှေးအခေါ်(တစ်အောင့်)၊ ယခုအခေါ်(တောင်အောက်ရွာ) ဟုခေါ်လေသည်။ ထိုမှတစ်ဖန် ပုထိုးလုံးချောင်းအတိုင်း ခရီးဆက်ပြန်ရာ ယခုအခေါ် (အောက်စာသား)သို့ ရောက်သည်။ ရှင်မဟာကဿပသည် ကျောက်ဖျာအပြင်မှာ (စာသား)ခဲ့ခြင်းကို အစွဲပြု၍ ရှေးအခေါ် (အောက်စာသား)အမည်တွင်သည်။ ထိုမှတစ်ဖန် ပုထိုးလုံးချောင်း အတိုင်း ဆန်၍ ကြွသော် ပုထိုးလုံးချောင်းသို့ စီးဝင်သော ယခု ကုလဲချောင်းခေါ် ချောင်းငယ်တစ်ခုသို့ ရောက်သည်။ ထိုချောင်းငယ် အတိုင်း ဆန်၍ ကြွရာ ထိုချောင်းငယ်သို့ ဝင်ရောက်ပေါင်းစုံသော (မင်းဝင်ချောင်း)ခေါ် ပထမချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးအတိုင်း ဆက်လက်ကြွတော်မူပြန်ရာ ကူလဲချောင်းသို့ ပေါင်းစုံစီးဝင်ပြန်သော ဒုတိယချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။ ထိုချောင်းငယ်အတွင်း ဝင်၍ ချောင်းရိုးအတိုင်း ခရီးဆက်လေရာ ချောင်းဖျားတွင် လိုဏ်ဂူတစ်ခုရှိလေသည်။ ၎င်းလိုဏ်ဂူ၌ ကျိန်းစက်တော်မူပြီး ဤနေရာ၌ ပရိနိဗ္ဗာန်ပြုအံ့သောငှာ ကျေးငှက်သံထူပြော၍ မသင့်လျော်ဟု အကြံဖြစ်ကာ ၎င်းချောင်းရိုးအတိုင်းပင် စုန်၍ ထွက်လာပြန်သည်။ ရှင်မဟာကဿပ ပြန်ထွက်လာသော ထိုချောင်းငယ်ကို လူတို့က ယခုတိုင်(ဘုရားထွက်ချောင်း)ဟု ခေါ်ကြပြန်သည်။ ထိုချောင်းမှ ထွက်သောအခါ ပုထိုးလုံးချောင်းသို့ပင် ပြန်၍ ဆိုက်ရောက်သည်။ ထို ပုထိုးလုံးချောင်း အတိုင်း အထက်သို့ဆန်၍ကြွသော် (အထက်စသာ)သို့ ရောက်သည်။ ရှင်မဟာကဿပသည် ကျောက်တုံးတစ်လုံးကို စားသားခဲ့ပြန်ခြင်းကြောင့် ရှေးအခေါ် (အထက်စာသား)၊ ယခုအခေါ် (အထက်စသာ)တွင်သည်။ ထိုအထက်စသာမှ ပုထိုးလုံးချောင်း အတိုင်း ခရီးဆက်ပြန်ရာ ရွာငယ်တစ်ရွာသို့ ရောက်သည်။ ထိုရွာသို့ မိုးလင်းမှ ရောက်သောကြောင်း ၎င်းရွာကို (လင်းလု)ဟုခေါ်သည်။ ၎င်းရွာသည် ယခုတိုင် အထင်အရှားရှိသည်။ ၎င်းရွာမှ ရှေ့သို့ကြွတော်မူပြန်ရာ ရွာငယ်တစ်ရွာသို့ ရောက်ပြန်သည်။ ၎င်းရွာသို့ ရောက်သောအခါ ထိုရွာရှိ ဒကာ၊ ဒကာမတို့က ဆွမ်း၊ ဆွမ်းဟင်းတို့ကို ဖက်နှင့်ထုပ်၍ ကပ်လှူလိုက်သောကြောင့် ထိုရွာကို (ဖက်ထုပ်)ဟု ခေါ်သည်။ ၎င်းမှရှေ့သို့ ကြွပြန်ရာ ပုထိုးလုံးချောင်းကမ်းရှိ တောင်ခင်တန်းတစ်ခုသို့ ရောက်၍ ခဏ အနားယူပြီး သင်္ကန်းများကို ဖြန့်၍ လှမ်းသည်။ ထိုသင်္ကန်းလှန်းသော တောင်တန်းကို ယခုတိုင် လူတို့က(သင်္ကန်း





တန်း)ဟု ခေါ်သည်။ ရှေ့သို့တစ်ဖန် ဆက်ပြန်ရာ ချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။ ၎င်းချောင်း၌ ဆွမ်းဘုန်းပေးတော်မူပြီး သပိတ်တော်ကို ဆေးသောကြောင့် ထိုချောင်းကို (သပိတ်ဆေးချောင်း)ဟု ခေါ်သည်။ ထိုချောင်းငယ်အတွင်းရှိ ကျောက်ခဲလေးများသည် ဆွမ်းလုံးပုံသဏ္ဌာန် ရှိကြသည်။ ၎င်းမှတစ်ဖန် ပုထိုးလုံးချောင်းအတိုင်း အထက်သို့ ဆန်၍ကြွတော်မူရာ ကန္တီမြို့နယ်၊ ဆယ်ရွာချောင်းသို့ ရောက်သည်။ ၎င်းမှ ခရီးစဉ်အတိုင်း ဆက်လက် ကြွပြန်ခဲ့ရာ ဘုရားဝစခန်းအောက် (လေးမိုင်) ခန့်အကွာ ချောင်းကမ်းယံစောင်း ကျောက်ဖျာသို့ ရောက်လေသည်။ ထိုကျောက်ဖျာအနီး၌ အနားယူ၍ မြတ်စွာဘုရားနှင့် သင်္ကန်းချင်း လဲလှယ်ထားသော ပံသုကူ-ဒုကုဋ် နှစ်ထပ်သင်္ကန်းကြီးကို ကျောက်ဖျာအပြင်၌ ဖြန့်၍ လှန်းသည်။ ထိုကျောက်ဖျာကို (သင်္ကန်းလှန်း)ဟု ခေါ်သည်။ ၎င်းကျောက်ဖျာအပြင်တွင် ဒုကုဋ်သင်္ကန်းအကွက်များနှင့် သင်္ကန်းအနားပတ် နေရာကွက်များပါ ယခုတိုင် ထင်လျက်ရှိသည်။ ထိုမှ တစ်ဆင့် ဘုရားဝစခန်းသို့ ရောက်သည်။ ထိုနေရာ၌ ပုထိုးလုံးချောင်းသို့ ပေါင်းဆုံသော ချောင်းငယ်တစ်ခု ရှိသည်။ ထိုချောင်းငယ်အတွင်း ဝင်၍ ခရီးဆက်ရာ ယခု ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးတို့ ဦးညွှတ်ပေါင်းဆုံရာဖြစ်သော ဝေဘာရတောင် လိုဏ်ဂူအတွင်းသို့ ရောက်လေသည်။ ထိုလိုဏ်ဂူအတွင်း ခင်းကျင်းထားအပ်သော မြသလွန် ညောင်စောင်းဝယ် ပရိနိဗ္ဗာန်ပြုလေတော့သည်။

မှတ်ချက်။ ။ ယခုအညာလယ်(ခေါ်) အရာတော်(ခေါ်) မြေတော်ရာရွာသည် ယခင်က နှင်းကြီးရွာဖြစ်သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



နှင်းကြီးရွာသည် ချင်းတွင်းမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ နှင်းကြီးရွာမှ အညာလယ်ရွာသို့ လေးမိုင်ခန့် ရှိသည်။

## အဇာတသတ်မင်းကြီး ရှာပုံတော်ဖွင့်ခန်း

ဓာတ်တော်ဌာပနာ စေတီတော်ကြီး တည်ပြီးနောက် ကာလအတန်ကြာသောအခါ ရှင်မဟာကဿပမထေရ်သည် မည်သည့်အရပ်သို့ကြွချီတော်မူကြောင်းကို အဇာတသတ်မင်းကြီး မသိလိုက်ရပေ။ မင်းကြီးသည် နှလုံးပူပန်ခြင်း ပြင်းထန်စွာဖြင့် မှူးမတ်ဗိုလ်ပါ၊ ဆင်တပ်၊ မြင်းတပ်၊ ပရိသတ်အစုံ ခြံရံကာ သတင်းအစဉ်ကိုမေးပြီး ရာဇဂြိုဟ်ပြည်မှ စ၍ ရှာပုံတောဖွင့်ခဲ့လေရာ ငါတို့ မြန်မာပြည်အထက်ပိုင်း ချင်းတွင်းလိုင်း၊ မင်းကင်းမြို့နယ်၊ နှင်းကြီးကျေးရွာခေါ် အညာလယ်ရွာသို့ ရောက်ရှိလေသည်။ ထိုရွာရှိ တောင်သူကြီး ဦးကောင်းစင်သည် အဇာတသတ်မင်းကြီးအား ရှင်မဟာကဿပ မထေရ်မြတ်ကို ဆွမ်းလုပ်ကျွေးလိုက်ရပုံ၊ ခြေတော်ရာတစ်ဆူ ချထားတော်မူခဲ့ရန် အသနားခံပုံ၊ ခြေတော်ရာချထားတော်မူခဲ့ပုံတို့ကို အကြောင်းစုံ လျှောက်ထား သံတော်ဦးတင်၍ ရှင်မဟာကဿပ ရှေ့သို့ဆက်၍ ကြွတော်မူခဲ့ပုံ ခရီးအစုံကို ညွှန်ပြလိုက်လေသည်။ ထိုညွှန်ပြချက်အရ အဇာတသတ်မင်းနှင့် ဗိုလ်ပါအစုံကို့သည်လည်း ရှင်မဟာကဿပ နောက်သို့ ခြေတော်ရာကောက်၍ အစဉ်အတိုင်း လိုက်လေလျှင် ကူလဲချောင်း၏ လက်တက်ဖြစ်သော ချောင်းငယ်တစ်ခုသို့ ရောက်လေည်။ ထိုချောင်းငယ်အတွင်းသို့ အဇာတသတ်မင်းသည် ဝင်၍ လိုက်ရှာလေ၏။ ၎င်းချောင်းငယ်ကို ယခုလူတို့က (မင်းဝင်)ချောင်းဟု ခေါ်သည်။ ထိုချောင်းငယ်





သည် မင်းကင်းမြို့တောင်ဘက် လေးမိုင်ခန့် အကွာတွင် ရှိသည်။ ဘုရားထွက်ချောင်းနှင့် ငါးဖာလုံခန့်သာကွာသည်။ ထိုမှတစ်ဆင့် (မြပန်းကန်)အင်းသို့ ရောက်သည်။ ရှင်မဟာကဿပ ဈာပနပွဲတော်မှာ အသုံးပြုရန် မင်းကြီးသည် ဆင်တပ်နှင့်တင်၍ သယ်ဆောင်လာသော မြပန်းကန်များကိုချ၍ ထိုနေရာတွင် မြှုပ်နှံထားခဲ့လေသည်။ ၎င်းနေရာသည် ယခုအခါ အင်းဖြစ်နေသည်။ ထို့ကြောင်း ၎င်းအင်းကို လူတို့က မြပန်းကန်အင်းဟု ခေါ်စမှတ်ပြုကြသည်။ ထိုမှတစ်ဖန် (ဘင်းဒေါင်း)သို့ ရောက်သည်။ မင်းပရိသတ်တို့က (တောင်း)ကို အသုံးပြုရန် တောင်းရာ ရပ်သူရွာသားတို့က (အင့်တောင်း)ဟု ပေးလိုက်သောကြောင့် ရှေးအခေါ် (အင့်တောင်း) ယခုအခေါ် (အင်းဒေါင်း) ဖြစ်သည်။ ထိုမှတစ်ဖန် (ညောင်ကိုင်း) သို့ရောက်ပြီး အဇာတသတ်မင်းနှင့် အပေါင်းပါ ပရိသတ်တို့သည် ခရီးပန်း၍ အညောင်းကိုင် ကုန်းကွကာ ပေါင် စသည်မှ အဖုအကျိတ်တို့သည် ထွက်၍ လာကုန်၏။ ထိုအခါ အနီးအနားရှိ ရွာတစ်ရွာမှ ထုံးမန်းကောင်းသော သမားတော်တစ်ယောက်ကို ခေါ်၍ ကုသရသည်။ ထိုဆရာကို အစွဲပြု၍ ၎င်း ဆရာနေသောရွာကို (ထုံးမန်း)ဟု ခေါ်သည်။ ထိုရွာသည် မင်းကင်းမြို့တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင် ယခုတိုင် ရှိလေသည်။ မင်းနှင့် ပရိသတ်တို့ အညောင်းကိုင်၍နေသော နေရာကို ရှေးအခေါ် (ညောင်းကိုင်) ယခုအခေါ် (ညောင်ကိုင်း)ရွာဟု ခေါ်သည်၊ ထို့နောက် အနားယူနေခိုက် ဆင်များ လွတ်ကျောင်းရာ ဆင်များ ပြန်ဖမ်း၍ရသော ရွာကို (ဆင်ဖမ်းကျွန်း)ဟု ခေါ်သည်၊ ထိုနေရာသည် ယခု တောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရှာပုံတော်ဖွင့်ခန်း

ယင်းသို့ ရှာပုံတော်ဖွင့်နေခိုက် မင်းကြီးသည် မိမိလက်တွင် ဝတ်ဆင်ထားသော လက်စွပ်မှ ပြည်တန်သည့် ကျောက်ပြုတ်ကျနေသည်ကို မသိ။ နောက်အခါမှ ကျောက်မပါ၊ ကျောက်အိုးသာပါသည်ကို သိသောနေရာကို ယခုအခါ (ကျောက်အိုး)ဟု ခေါ်သည်။ ပြည်တန်ကျောက်ပြုတ်ကျသောနေရာကို (ပြည်တန်) ဟုခေါ်သည်။

ထိုမှတစ်ဖန် သက်န်းတန်း၊ သပိတ်ဆေးချောင်း စသည်မှ ပုထိုးလုံးချောင်း အတိုင်းဆန်၍ လိုက်ကြရာ ဆယ်ရွာချောင်း၊ ၎င်းမှ ခရီးစဉ်ဖြင့် သက်န်းလှန်းသို့ရောက်သည်။ ၎င်းမှ တစ်ဖန် အဇာတသတ်မင်းသည် မြင်းတစ်စီးဖြင့် ခရီးပြင်းနှင်ပြန်ရာ သတ္တဝါစီးတော်မြင်းသည် အပန်းကြီး၍ ရပ်နားပြီး ခွာယက်နေလေသည်။ ထိုနေရာကို လူတို့က ယခု (မြင်းခွာတောင်)ဟု ခေါ်ကြလေသည်။ ထိုမှတစ်ဖန် စီးတော်မြင်းကို အပြင်းနှင်ပြန်ရာ သတ္တဝါ စီးတော်မြင်းသည် နှလုံးကွဲ၍ ဝုန်းဝုန်းလဲကာ သေရာလေသည်။ ထိုအခါ အဇာတသတ်မင်းသည် မြင်းဇက်တို့ကို စုပုံကာ အကြံခက်၍ ဤသို့ အဓိဋ္ဌာန်ချက်ပြုလေသည်။ ငါသည် ရှင်မဟာကဿပ မထေရ်မြတ်အား ရှာ၍ တွေ့မှာ အမှန်ဖြစ်ပါမူ ဤမြင်းဇက်များသည် ကျောက်ဆောင်ကျောက်ခဲ အတိပြီးပါစေသတည်းဟု အဓိဋ္ဌာန်ပြုသောသကာလ မြင်းဇက်များသည် ကျောက်အတိ ပြီးလေသည်။ ထိုအနီးရှိ ချောင်းကို လူတို့က ယခုတိုင် (မြင်းဇက်ပုံချောင်း)ဟု ခေါ်ကြလေသည်။ ထိုမှတစ်ဆင့် ဘုရားသို့ရောက်ပြီး ၎င်းမှ ယခု ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာန 'ဝေဘာရတောင်ဝှန်း' မလှမ်း





မကာမ်း တောင်ကုန်းတစ်နေရာသို့ ရောက်ပြန်လေသည်။ ထိုသို့ရောက်သော်လည်း အလောင်းတော်ကို မဖူးတွေ့နိုင်၊ လက်မှိုင်ချကာ ဤသို့ အဓိဋ္ဌာန်ပြုပြန်လေသည်။

## သစ္စာရေတွင်း

အဇာတသတ်မင်းကြီးသည် လက်တွင် ဆွဲကိုင်လာသော 'လှံ'ကို မြေသို့စိုက်လျက် ငါ၏ဆရာ အရှင်မဟာကဿပသည် ဤဌာန၌ ပရိနိဗ္ဗာန်ပြုရိုး အမှန် ဖြစ်ခဲ့သော်လည်းကောင်း၊ ငါကား အရှင်မဟာကဿပ ရုပ်ကလပ်ကို ဖူးတွေ့ရရိုးအမှန် ဖြစ်သော်လည်းကောင်း၊ ယခု လှံစိုက်လျက်ရှိသော မြေအပြင်သည် ရစ်မွှေသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ရေသည် မြေအပြင်မှ လျှံထွက်၍ အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ ဌာနသို့ (စီးဆင်းပါစေသားဟု အဓိဋ္ဌာန်ပြုသောအခါ မြေအပြင်မှ ရေအလျဉ်သည် လျှံထွက်၍ အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနသို့) စီးဆင်းလေတော့သည်။ ထိုအခါ အဇာတသတ်မင်းကြီးသည် ရေစီးဆင်းရာသို့ လိုက်သောအခါ ကိုက်တစ်ရာခန့် အကွာတွင် ဟောင်သုံးလုံး ဦးညွှတ်၍ 'ဝေဘာရ' တောင်ကမ်းပါးယံ၊ သိကြားနတ်မင်းတို့ ဖန်ဆင်းအပ်သော လိုဏ်ဂူဝယ် ဇမ္ဗူရစ်ရွှေသားရွှေကုံးကဲ့သို့ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုနေသည်ကို ဖူးတွေ့ရလေသည်။

မှတ်ချက်။ ။ အလောင်းတော်၊ ရုပ်ပွားတော်နှင့် မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်သို့ အတန်ငယ် တက်သွားက ကိုက်တစ်ရာခန့် အကွာသို့ရောက်လျှင် အကျယ်သုံးပေ ပတ်လည်ခန့်၊ အနက် နှစ်တောင်ခန့်ရှိ သစ္စာရေတွင်းကို တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဋင်း၏ ထူးခြားချက်မှာ ပရိသတ်ထောင်ပေါင်းများစွာ သောက်ချိုး သုံးစွဲသော်လည်း ကုန်ခန်းသည်မရှိ။ ပကတိတည်မြဲ တိုင်းသာ။ ဋင်းရေတွင်းလေး၏ ထူးခြားဖွယ်တစ်ရပ်မှာ အကယ်၍ ဘုရားဖူးများ စွာ လာရောက်မည်ဖြစ်လျှင် တွင်းငယ်ရှိရေသည် တိုးတက်ပြည့်လျှံ၍ လာလေသည်။ ထိုအထိမ်းအမှတ်ကို ကြည့်ရှုခြင်းဖြင့် ရေးကနှင့် ယခုပါ တောင်ပေါ်ရှိဈေးသည်တို့မှာ ဘုရားဖူးအနည်းအများ လာမည်ကို လည်းကောင်း၊ နောက်ထပ်ရောက်မည်၊ မရောက်မည် ကိုလည်းကောင်း ကြိုတင်၍ သိနှင့်ရကြောင်း အထိမ်းအမှတ် ရှိကြသည်။ ဋင်းအပြင် ထိုတွင်းငယ်မှထွက်သောရေသည် ဆေး ဖက်ဝင်၍ ရောဂါအမျိုးမျိုး ကင်းစင်လွင့်ပျောက်စေတတ်ကြောင်း ယုံကြည်ကြသူ ရဟန်းရှင်လူတို့က သောက်သုံးခြင်းပြုရုံမျှသာမက အချို့မှာ မိမိတို့ ရပ်ထံ အရောက် သယ်ဆောင်ကြလေသည်။

**သည်ကိုရည်၍။** ။ အံမဆုံး ကျောက်ကုန်းမြင့်ကမ်းပါးတွင် ဝိသ ကြုံ စိမ့် ဆန်းသည်နှယ်၊ နရန်းသေလာ၌ သယ်ဇာ ဇလာဘွဲ့၊ စိမ်းလဲ့ရွှင်ရွှင်၊ မေတ္တာရေ သညာအရမတော့ နဝါ ဆရောဂါဖြင့် ကင်းစင်လို့ပ အေးရေဇလံ၊ များဗိုလ်လူ ဝေနေယျတို့ သုံးစေရန် စိမ့်သ ဩသမဆေး။

ရာဇဂြိုဟ်ပြည်က သည်အရပ်သို့ကြွကာ ကဿပမထေရ် ဆရာမှာ သေချာမယွင်း မေတ္တာနှင့် ဓိဋ္ဌာန်ပါသည် မည်သညာ ထူးတဲ့ရေတွင်း၊ များလူရှင် သောက်သုံးလို့ တောင်ကုန်း ထိုနေရာမှာ ရေထွက်လို့ မကုန်ပါသည် အံ့စရာတစ်မျိုး၊ ကဿပ ထေရ်ဆရာ တန်ခိုးဂုဏ်ကို တွေး၍သာ ကြည်ညိုကာ ဦးချရှိခိုး၊ တစ်မျိုးနော် အမြင်ထူးပါဘိ၊ တည်ရှိတဲ့ လောင်းဗုဒ္ဓကို ရှိခိုးကြ အဖန်ဖန်





စိတ်ကဓိဋ္ဌာန် ချမ်းသာဖို့ ရည်သန်သည် ပြည်နိဗ္ဗာန် ဆုတောင်း ကြလေး။

**စကားချပ်။** ။ ဤရေတွင်းသည် အဇာတသတ်မင်းကြီး၏သစ္စာ ကြောင့်ဖြစ်လာရ၍ သစ္စာရေတွင်းဟု ခေါ်သည်။ အချို့က ရှင်မဟာကဿပမထေရ်သည် သောက်သုံးသူတို့ ဆေး အကျိုးငှာ မေတ္တာဖြင့် ထားတော်မူခဲ့သောကြောင့် မေတ္တာရေတွင်း ဟုလည်း ခေါ်ကြပြန်သည်။

## နိမိတ်သတ်မှတ် အလုပ်အကျွေးခန့်အပ်

အဇာတသတ်မင်းကြီးသည် နောက်ပါအခြံအရံတို့နှင့် တကွ ရှင်မဟာကဿပ ရုပ်ကလာပ်ကို ဖူးတွေ့ရပြီးနောက် မင်း နှင့်တကွ မင်းပရိသတ်၌ ပါလာသော အဖိုးတန်ရတနာတို့ကို ရှင် မဟာကဿပ၏ ရုပ်ကလာပ်တေဇောဓာတ် လောင်ကျွမ်းသောကာ လ သင်္ဂြိုဟ်စရိတ်နှင့် အရိမေတ္တေယျဘုရားပွင့်သောအခါ ကျောင်း တော် ဆောက်လုပ်ရန် အဓိဋ္ဌာန်ဖြင့် လှူဒါန်းပြီးလျှင် ရှင်မဟာ ကဿပ ပရိနိဗ္ဗာန်ပြုရာဒေသမှ အရှေ့လားသော် ခရီးတစ်သောင်း၊ အနောက်လားသော် ခရီးတစ်သောင်း၊ မြောက်လားသော် ခရီးတစ် သောင်း၊ တောင်လားသော် ခရီးတစ်သောင်း၊ ဤစတုရန်း ခရီးလေး သောင်းကို အလောင်းတော်ကဿပ ဝတ္တကမြေအဖြစ် သတ်မှတ်၍ ရာဇဂြိုဟ်ပြည်မှပါလာသော နောက်ပါပရိသတ် မျူးမတ်တို့နှင့် အမတ် မဟာသမ္ဘိဝကို အကြီးအမှူးပြုကာ အသင်တို့ ဤခရီးလေး သောင်းအတွင်း အလောင်းတော် ကဿပဝတ္တက မြေပေါ်မှာနေထိုင်၍ လုပ်ကိုင်စားသောက်ကြပြီး ရှင်မဟာကဿပ မထေရ်ကြီးထံ နိယံမ



www.burmeseclassic.com

www.burmeseclassic.com



မပြတ် ဆွမ်းပန်းရေချမ်း ဆက်ကပ် လှူဒါန်းပြီးလျှင် ဘုရားလူကြီး ဥပါသကာအဖြစ်နှင့် စောင့်ရှောက်ရမည်ဟု အမိန့်တော် သတ်မှတ်ခဲ့လေသည်။

ထိုသို့ အဇာတသတ်မင်းသည် နောက်ပါ ပရိသတ်တို့အား ဥပါသကာမှတ်၍ ရှာတည်ပေးခဲ့သော ဌာနသည်ကား အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနနှင့် တစ်မိုင်ခန့် ဝေးကွာသည်။ ထိုနေရာကို ရှာတည်၍ အဇာတသတ်မင်း သတ်မှတ်ထားခဲ့သောကြောင့် ၎င်းနေရာကို ယခုထက်တိုင် အဇာတသတ်ကွင်းဟု ခေါ်ကြသည်။ ထို အဇာတသတ်ကွင်း၌ ရှေးအခါ (တုဿမုနိ) စေတီ နှစ်ဆူကိုလည်း အဇာတသတ်မင်းကြီး တည်ထားကိုးကွယ် ခဲ့လေသည်။ ထိုစေတီ နှစ်ဆူကို အဇာတသတ်မင်း လွမ်းစေတီနှင့် ဆုတောင်းပြည့်စေတီလို့ ယခုအခါ ဘွဲ့မည်သညာ ထင်ရှားလျက် ရှိလေသည်။

အဇာတသတ်မင်းကြီးသည်လည်း ဤစေတီနှစ်ဆူကို ငါ မရှိသည့်နောက် ဘုန်းကံကြီးမားသော ယောကျာ်းတို့နှင့် ပဋ္ဌာန်းဆက်ရှိကြကုန်သော ခုနစ်ရက် သားသမီးတို့သည် နောင်သောအခါ ပြုပြင်နိုင်ရစ်ကြပါစေကုန်သတည်းဟု သစ္စာဓိဋ္ဌာန်ပြု၍ တည်ထားကိုးကွယ်ခဲ့လေသည်။

အမှာ။ ။ ထိုစေတီနှစ်ဆူသည် ယခုအခါ ယိုယွင်းပျက်စီးလျက် ရှိချေပြီ။ အလောင်းတော်ကဿပ ဝန်ဆောင် အဖွဲ့ကလည်း အခါအခွင့်သင့်သလို ပြုပြင်မွမ်းမံရန် ရည်ရွယ်ရင်း ရှိပါ၏။

ထိုကြောင့် ဘုရားဒကာ ဘုရားအမ ပါရမီရှင်ထူးအလို ရှိနေပါသည်။

စတုတ္ထအကြိမ်



## အလောင်းတော်ကဿပရုပ်ပွားတော်

အဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ လိုဏ်ဂူ၏အထက် မြေပြင်ဝယ် လိုဏ်ဂူအတွင်းအလောင်းတော်၏ ခြေတော်၌ ဦးခေါင်းတော်ထား၍ ဉာဏ်တော် တစ်ဆယ့်နှစ်တောင်ရှိ စန္ဒကူးသရက္ခန်သားကို ကိုယ်စားတော် တစ်ဆူထုလုပ်၍ တည်ထားကိုးကွယ်ခဲ့သည်။ ထိုကိုယ်စားတော်ကား ယခုမရှိတော့ပေ။

ဘုရားဖူး ရဟန်းရှင်လူတို့ ယခုအခါ ကြည်ညိုရသော ရုပ်ပွားတော်သည် အင်္ဂတေရုပ်ပွားတော်ဖြစ်၍ ဉာဏ်တော် ဆယ်တောင်ရှိသည်။ အနောက်မြောက်ဆီသို့ ဦးခေါင်းထား၍ ပရိနိဗ္ဗာန်ပြုနေဟန်(ရောင်လျှံတော်)မပါ ရဟန္တာပုံသဏ္ဌာန်ဖြစ်သည်။ ထိုလျောင်းတော်မှ ပရိနိဗ္ဗာန်ပြုပုံ ကိုယ်စားတော်ကိုသာ လူတို့မြင်တွေ့ ဖူးမြော်ရသည်။

စာမျက်နှာ ၇၆ မှ ၉၆ အထိ ဖော်ပြပါရှိသော သမိုင်း၊ ရေးရာတို့သည် (က) မန္တလေးမြို့ ဇေယျမင်္ဂလတိုက်၊ ပဟ်ာတအုတ်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စရေး အလောင်းတော်ကဿပသမိုင်း၊ (ခ) ကန္တမြို့ နန်းကျောင်း ဆရာတော် စသူတို့ တောင်းပန်၍ မုံရွာမြို့ ဓမ္မာရုံဆရာတော် ဦးဉာဏရေး ၁၃၀၄ ခု၊ တပေါင်းလ ရိုက် အလောင်းတော်ကဿပ သမိုင်းဟောင်းတို့ကို မှီငြမ်းပြု၍ ရေးသားခြင်းဖြစ်ပါသည်။

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ မျက်နှာဖုံးပုံတွင် စာရှုသူ ပါရမီရှင်တို့ ကြည်ညိုနိုင်ရန် ဖော်ပြထားသောပုံသည် သမိုင်းပါအတိုင်း သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။

## ကျောက်စာတိုင် ခိုင်ခိုင်ကြီး

အထက်ဖော်ပြပါ အလောင်းတော်ကဿပ ကိန်းဝပ်ရာ ရုပ်ပွားတော်၏ ခေါင်းရင်းဘက် တနင်္ဂနွေထောင့်ရှိ ကျောက်ကုံးကြီးပေါ်ဝယ် ထွင်းထားသော ကျောက်စာများတွင် အောက်ပါအချို့ကိုသာ ဖတ်ရသမျှ စာရှုသူ သုတေသီတို့အား တင်ပြပါသည်။

တုလွှတ်ဘုံကျော်ကျောင်း
မုတ်ဆိုးဘို ကိုကုန်းဘောင်
သောကြာသားမင်း
သားတော်ကြီး ဆင်ဖြူရှင် ရွှေနန်းတက်
တော်အကြီး သီရိမင်္ဂလာ မဟာဒေဝီ
၁၁၄၄-ခု၊
၁၁၅၄ ခု၊ တပေါင်းလ အလောင်းတော် ကဿပသို့
အတုလဆရာတော်။

ဤမျှသာဖတ်၍ ရတော့သည်။

အချို့ သမိုင်းဟောင်းများတွင် ၎င်း ကျောက်စာသည် အဇာတသတ်မင်းကြီးက ဘုရားလှူထားသော ရွာအမည်၊ လူအမည်များ ပါရှိနေ၍ ထိုသူတို့က ၎င်းတို့၏ အမည်များကို





နောင်လာ နောက်သားတို့ မသိစေရန် ဖျက်ဆီးပစ်ကြလေဟန် တူသည်ဟု ဖော်ပြထားသည်။ ထိုစကားလည်း နောက်ကပြခဲ့သော (၁) အလုပ်အကျွေး ခန့်အပ်ခန်းကို လည်းကောင်း၊ (၂) ရှေ့၌ ဖော်ပြလတ္တံ့ ဖြစ်သော ဘိုးတော်စစ်တမ်းကိုလည်းကောင်း ထောက်ထားလျှင် ဟုတ်နိုင်လောက်စရာ အလားအလာများစွာ ရှိပေသည်။

## ဘိုးတော်စစ်တမ်း

ဧဝံမေ သုတံ။ ။ သက္ကရာဇ် (၁၁၆၄)ခု၊ တန်ခူးလဆန်း (၁၅) ရက်နေ့တွင်

ရှင်မဟာကဿပ၊ အရာမ်စောင့် ကပိုင်ရွာ အကြီးထောင်မှူး မရှိသည့်နောက် သာသနာတော် လေးလမြောက်သောအခါ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော် မူသော အဇာတသတ်မင်းကို အမှီပြု၍ ငါးရာသော ရဟန္တာတို့နှင့် ပထမသင်္ဂါယနာ တင်တော်မူသည်။ ထို့နောက် အရှင်မဟာကဿပ မထေရ်ကြီးသည် ပရိနိဗ္ဗာန်ယူမည့်အတွက် နောက်ကမ္ဘာရှစ်ဆယ်၊ ရှေ့ကမ္ဘာရှစ်ဆယ်၊ စဉ်းစားတော်မူသည်ရှိသော် နောက်ကမ္ဘာရှစ်ဆယ် အတွင်း၌ ရှင်သုငယ်ဘဝက ကျေးဝိပါက်ကို မြင်တော်မူသည်။ သို့ဖြစ်ခြင်းကြောင့် တောင်သုံးလုံး ပိတ်ဖုံး၍ ပေါင်းကူးသော အရပ်နေရာကြီးစွာသော တောင်သုံးလုံးတို့၏ အမြတ်အထွတ်ညွှတ်လျက်စပ်ကာ လေးမျက်နှာအရပ် ထူးဆန်းသော မြိုင်ညိုတောင်ကမ်း ဖုံးလွှမ်းပတ်လည် ဝန်းရံရာသည်သေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် တောင်သုံးလုံးအတွင်း အလျှံအစွန်း မှန်းတည့်မှန်းယိမ်းရှိမှု တစ်ခဏသာ နေရောင်ရောက်၍ တောက်ထွန်းနိုင်သော တောင်သုံးလုံး၏ အတွင်း အနောက်တောင်ခြေ ခါးမှန်း၊ ကမ်းယံ လိုဏ်ဂူအောက် အခါမပြတ် တစ်ခဲနက် တောင်မျက်နှာအရပ်မှ တောင်ခြေရင်းကို ခွေရစ်၍ ဆင်းကျသော ရေအဟုန်သည် အသံဟာရာနက်သော နရက်ချောက်ကဲ့သို့ဖြစ်၍ တောင်ကမ်းတို့ ရိုက်ရှိမှု မည်သံအချီနှင့် သုံးလုံးတောင်ခြေရင်းသို့ ဆင်းလာ၍ ယှက်ဆုံကြသည်။

မြေကြီးအောက် ဖောက်ထွင်းဝှတ်လျှိုး စီးဝင်ရာ တာလေးဆယ်ကျော်တွင် ရေပေါ်၍ အလောင်းတော်ရှိသည့် လိုဏ်ဂူ၏ အတွင်း နတ်တို့စီမံဖန်ဆင်းအပ်သော သာလွန်ညောင်စောင်းဝယ် လဲလျောင်းပရိနိဗ္ဗာန် စံတော်မူသည်။

အလောင်းတော်ကို အဇာတသတ်မင်းသည် ရွှေ၊ ငွေ၊ ရတနာကိုးမျိုး ကိုးမည်သော ကျောက်မြတ်နဝရတ် အတိပြီးသော ဆီမီးတန်ဆောင်၊ ဖယောင်းတိုင်၊ ပန်းခိုင်ပန်းထီး၊ တံခွန်ကုက္ကား မလေးပွား၊ ရွှေ ငွေအတိ ပန်းပေါက်ပေါက်တို့ဖြင့် ကြမြောက်ပူဇော် သွင်းထား၍ လိုဏ်ဂူအနီးရှိ ခရီးရှေ့နောက် တောင်မြောက်ငါးတိုင်ကွာ တာနိမိတ်သတ်မှတ်သည့် အတွင်း ယောက်ျား မိန်းမ ကာလအရှည် ရှာတည်၍ အနီးမနေစေရ တောင်ကမ်းတောအတိ ဖြစ်စေသတည်းဟု နတ်တို့အား ဗလိနတ်စာပေး၍ ကိုင်တန်းဓိဋ္ဌာန်ပြီးလျှင် ကျောက် တံခါးရွက်ကို လက်တော်မပိတ်ဘဲ ပိတ်ဖုံးခြင်း စသည်ဖြင့် ဖြစ်ရာ ရတနာမျိုး အပေါင်းနှင့် အလောင်းတော်ကို နောင်ကာလ မိစ္ဆာ မှောင်ထု လူရိုင်းတို့ ဖျက်ဆီးယူဆောင်အံ့သည်များကြောင့် မယိုမယွင်း





သန့်ရှင်းစွာ သာသနာ ငါးထောင်တည်စေသတည်းဟု အဇာတသတ် မင်းကြီးသည် အမတ်မဟာ သမ္ဘိဝနှင့်တကွ မိန်းမငါးရာ၊ ယောက်ျား ငါးရာကို နေရပ်သင့်ရာ အရပ်က အစောင့်အနေ ထားခဲ့ကြောင်း၊ အလောင်းတော်ကိုလည်း ထိုလိုဏ်ဂူ၏ တံခါးရွက်အတွင်း၌ ရှိနေကြောင်းကို သမုတ်ပြောပရာပြု၍ ယခုတိုင် စဉ်ဆက်ဥဒါန်း ဖြစ်ပါသည်။ ထိုကာလ ပေထက် အက္ခရာ စမတင် တိပိဋကဝါစုဂ္ဂတဖြစ်၍ ကျောက်စာ မထွက်မရှိပါ။

အလောင်းတော် ရှိသည်ဆိုသော လိုဏ်ဂူ၏အတွင်း ရဲဝံ့ စွမ်းသန် လျင်မြန်သော သတ္တိရှိသူတို့ ကျောက်ဆူး၊ ကျောက်စွန်း ထွက်ရာ ကြိုးပန်းကပ်ယပ်၍ ဆွဲငင်ရောက်လျှင် လိုဏ်ဂူပေါက်၏ အထက် ပူးယှက်သည့် ပေါင်းကူးအမိုးတွင် ဖောက်ထိုးတွဲလျား စီ၍ထားသော ငွေကြယ်လုံးကဲ့သို့ များစွာသော ကျောက်တို့၏ အကွတ်ထဲမှ အဖွဲ့ဖွဲ့ကျ[illegible] သုံးတာခန့် ဝင်မိလျှင် မကျဉ်းမကျယ် အပေါက်နှင့် ကျောက်တံခါးပိတ် တားဆီးဆို့၍ မသွားမဝင်နိုင် ရှိပါသည်။

၎င်းလိုဏ်ဂူ၏ အထက်မှ လေးတာခန့်အကွာ မြောက် မျက်နှာ တောင်ခါးပန်း ထူးဆန်းတင့်တယ်သော ကျောက်ဖျာအပြင် အကျယ်ငါးတာတွင် ပလ္လင်တော်အမြင့် သုံးတောင်နှင့် ကိုယ်စား တော်စား ပရိနိဗ္ဗာန် စံတော်မူဟန်၊ အနောက်မြောက်ထောင့်သို့ ဦးခေါင်းပြု၍သာ လျောင်းရုပ်တုပမာဏ ရှိပါသည်။ ထို အလောင်းတော် အပေါ် ကျောင်းတော်နှစ်ထပ်၊ ဇရပ်အမိုး၊ အပြောက်အမွန်း မှန်ကင်းစိန်ပွင့်နှင့် ဘုရားရွှေလက်ထက်တော် ကိုယ်စားတော်စား ကုသိုလ်တော်ပွား ရွှေလွှတ်တော်က စေချွန်ပေး၍



www.burmeseclassic.com

www.burmeseclassic.com



တည်ထား ဆောက်လုပ်ရပါသည်။

အဖူးအမြော် လာရောက်သူ ရှင်၊ လူပရိသတ်အပေါင်းတို့ အလောင်းတော်ရှိရာ တောင်သုံးလုံးအတွင်း ဆင်းသွားသည့် စောင်းတန်းနှစ်သွယ် ထားရှိပါသည်။

ထို့ပြင် ပတ်လည်အရပ်မှာ ဝန်းရံရစ်ဆိုင်း၊ တံတိုင်းပမာ ဗီလာတော်င့်ကမ်း၊ ကပ်ယပ်တောင်ထရံ၊ အတန်အဆင့် ကြီးမြင့်စည်ပင်စွာသော သစ်ဝါး ကြိမ်နွယ်ပင်များ ရှိပါသည်။ ပန်းပင်အပေါင်းတို့၌ အပွင့်အဖူးတို့သည် တောလုံးလှိုင်လျက်၊ သာယာဆန်းကြယ်စွာ အသံမျိုးပြွမ်းသော သားငှက်အပေါင်းတို့သည် ထိုတော၌ ရောက်၍ ဆီးနှင်းတဖျောက်ဖျောက်ကျလျက် ချိန်ခါမရွေး အေးချမ်းစိမ့်ခြင်း ရှိပါသည်။

အဖူးအမြော် လေးမျက်နှာမှ လာရောက်သူ ရှင်လူအပေါင်းတို့သည် အလောင်းတော် အနီး ညအိပ်နေ့နေ့ တည်းခိုလျှင် အလိုတော်မရှိ၊ မသန့်မရှင်း အညစ်အကြေးရှိအံ့သည်မှ ဖယ်စေခြင်းငှာ နတ်ရဲ၊ ဘီလူးရဲတို့က လေကြီးမုန်တိုင်းအယောင်၊ တောင်ကမ်းကျိုးပဲ့သံ၊ မြေကြီးကြေသံကဲ့သို့ ရံဖန် မရှေးမနှောင်း ညဉ့်နေ့မဆို ခြိမ်းခြောက်ပါသည်။ ထို့ကြောင့် အဖူးအမြော် လာရောက်သူ ရှင်၊ လူအပေါင်းတို့သည် အနီးအပါး၌ တည်းခိုခြင်း မပြုဝံ့။ အလောင်းတော်ရှိရာမှ ဂါဝုတ်ခွဲကွာ အရပ်တွင် ဇရပ်ဆောက်လုပ် တည်းခိုဖူးမြော်ကြပါသည်ဟု ထွက်ဆိုကြသည်။

စတုတ္ထအကြိမ်



## မုန်တိုင်ပင်ဆရာတော်၏ သေလေးပါး၊ ရှင်လေးပါး မှတ်တမ်း

### သေလေးပါး

ဝေဘာရတောင်၊ အလယ်ခေါင်၊ ထွန်းပြောင် ကဿပ
ထေရ်နေရာ။
သုဘာသာရ၊ နေထုံထ၊ ဥတ္တမ တောင်၌သာ၊
မကုလတောင်၊ ထွတ်မြတ်ခေါင်၊ ထွန်းပြောင်ရှင်မေခါ၊
ဝေဒိယက၊ တောင်ထိပ်မှ၊ နေထခုတိုင်သာ၊
ဓမ္မသာရ၊ အမည်ရ၊ တွင်ထရဟန္တာ။
သေလေးပါးလျှင်၊ ဤသည်ပင်၊ ဝမ်းတွင်စွဲမှတ်ပါ၊
ဤကား သေလေးပါးစကားရပ် မှတ်ဖွယ်တည်း။

### ရှင်လေးပါး

ရှင်ဥပဂုတ်၊ တန်ခိုးချုပ်၊ သမုဒ်တောင်မျက်နှာ၊
ရှင်မေရသ၊ ပစ္ဆိမ၊ နေထနောက်မျက်နှာ၊
ခေမာဝတ္တ၊ နေတုံထ၊ ဒေသမြောက်မျက်နှာ၊
ဓမ္မသာရ၊ ထေရ်မြတ်လျှ၊ နေထရှေ့မျက်နှာ၊
ရှင်လေးပါးလျှင်၊ ဤသည်ပင်၊ ဝမ်းတွင်စွဲမှတ်ပါ၊
မေတ္တေးရှင်ဝယ်၊ ဝန့်လင့်ရွယ်၊ အံ့ဖွယ်ခုတိုင်သာ။
ဤကား ရှင်လေးပါး၏ စကားရပ်မှတ်ဖွယ်တည်း။

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



(ကျမ်းကြီး၊ ကျမ်းငယ်တို့၌ မတွေ့စဖူး၊ စာငယ်တို့မှာ ကွေ့၍ မှတ်ဖွယ်ဆောင်ပုဒ် ထုတ်လိုက်သည်။)

၁။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုနှင့်

၂။ ဝံသာဘိလင်္ကာရ ဓဇမဟာဓမ္မရာဇာဂုရု ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ (မုံတိုင်ပင်ဆရာတော်)ရေး 'သုံးပုံအိတ်ထောင့်' ကျမ်း၊ စာမျက်နှာ ၇၂။ ဟံသာဝတီတိုက်၊ (၁၉၅၉)ခုနှစ်ရိုက်၌ အထက်ပါအတိုင်း သေလေးပါး၊ ရှင်လေးပါးကို ဖော်ပြထားသည်။

**လုံးတော်ဆရာတော်၏ သေလေးပါး၊ ရှင်လေးပါး အဖြေ -**

ပဉ္စမသင်္ဂါယနာတင်၊ မင်းတုန်းဘုရင် လျှုဒါန်းအပ်သော 'ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု' တံဆိပ်တော် ဆက်ကပ်ခြင်း ခံတော်မူရသော 'လုံးတော်ဆရာတော်ဘုရားကြီး'၏ 'ပကိဏ္ဏကဝိသဇ္ဇနာ'ကျမ်း ပထမတွဲ၊ စတုတ္ထကဏ္ဍ၊ မန္တလေးမြို့ (၂၆)ဘီလမ်း၊ မြန်မာ့တာရာ သတင်းစာ ပုံနှိပ်တိုက် (၁၉၁၃)ခုနှစ်ရိုက် ကြံခင်းမြို့ ဒါယကာ မောင်စံပြည့်က (၁) သူသေလေးအင်၊ သူရှင် လေးပါးတို့ ယခုကာလတိုင် ရှိမည်၊ မရှိမည်။ (၂) ရှင်မဟာကဿပ မထေရ်၏ အလောင်းကို အဘယ်အရပ်၌ အဘယ်မင်းတို့ သွတ် သွင်းသိုထားသည်။ (၃) ရှင်မဟာကဿပအလောင်းကို မေတ္တေယျ ဘုရားရှင်လက်ထက်တော်၌ သင်္ဂြိုဟ်ဖုတ်ကြည်းမည်ဟု ပြောဆို ကြသော စကားများသည် တရားဓမ္မခန်းနှင့် လျော်မည်၊ မလျော်မည်၊ မေးလျှောက်သည်တို့ကို အောက်ပါအတိုင်း လုံးတော်ဆရာတော် ဘုရားကြီးက စာမျက်နှာ (၄၄၆)မှစ၍ ဖြေဆိုထားလေသည်။





သူသေလေးအင် သူရှင်လေးပါးကို မေးလျှောက်သည်မှာ ထိုစကားသည် သင်္ဂါယနာ သုံးတန်တင် ကျမ်းဂန်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့တွင်မလာ၊ ဝစနုပရံပရ စကားအဆက်ဆက် ပြောကြသည်မှာ အစချီလျက် -

၁။ ဝေဘာရတောင် ရှင်မဟာကဿပထေရ်
၂။ သုဘာသာရတောင်တွင် ဥတ္တမထေရ်
၃။ ဝေမိဿကတောင်တွင် ဓမ္မထေရ်
၄။ မကုလတောင်တွင် ဥခေရထေရ်
ဤကား သေလေးပါးတည်း။

၁။ တောင်သမုဒ္ဒရာမှာ ဥပဂုတ္တထေရ်
၂။ အနောက်သမုဒ္ဒရာမှာ မေခရထေရ်
၃။ မြောက်သမုဒ္ဒရာမှာ ဘဒ္ဒထေရ်
၄။ အရှေ့သမုဒ္ဒရာမှာ ဓမ္မသာရထေရ်
ဤကား ရှင်လေးပါးတည်း။

သူသေလေးပါး အပါအဝင် ရှင်မဟာကဿပ အလောင်း တော် ဘယ်အရပ်မှာ ရှိသည်ဟု မေးလျှောက်သည်မှာ -

ငါတို့မြန်မာပြည်တိုင်းနိုင်ငံတွင် ရတနာပုဉ္ဇရာဇဒ္ဓာနီ- မင်းနေပြည်တော်ကြီးမှ အနောက်တောင်ထောင့် ခပ်ယွန်းယွန်း ခရီး ခုနစ်သောင်းကျော်ခန့်အကွာ၊ ကန္နီမြို့နယ် အတွင်း ဝေပုလ္လ၊ ဝေဘာရ၊ သုနန္ဒရ ဟူ၍ တောင်သုံးလုံးတို့တွင် ဝေဘာရ တောင် အောက်တွင် 'အရှင်မဟာကဿပ' အလောင်းတော်ရှိကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အစဉ်စကားပြောကြားကြ၏။ ငါတို့မြန်မာနိုင်ငံအတွင်း အနီးအဝေး အရပ် ထက်ဝန်းကျင်တို့မှ သွားရောက်ကြရသည်ကား အလွန်ပင် များ၏။

အဘယ်မင်းတို့ သွင်းထားခဲ့သည်၊ မေးလျှောက်သည်မှာ- ကျမ်းလာစကားမဟုတ်၍ ခွဲခြား၍ မဆိုသာဖြစ်သည်။ မေတ္တေယျ ဘုရားရှင်လက်ထက် လက်တော်၌ တင်ထား၍ သဂြိုဟ်မည်ဆိုသော စကားကို ကျမ်းဂန်လာ၊ မလာ မေးလျှောက်သည်မှ အရှင်းလဲလျှင့် အဖျားထင်းဖြစ်သည် ဆိုသကဲ့သို့ အရင်းစကားကပင် ကေန်မုချ မမှန်ချေက နောက်ကိုထပ်၍ မေးရန်မရှိတော့ပါဟု ဖြေဆိုတော် မူခဲ့လေသည်။

## ရှင်လေးပါး ဘုရားရှိခိုး

၁။ ငါးမာရ်အောင်၊ မေတ္တေးရှင်ကို၊ ဖူးမြင်ရအောင်၊ ကြံရည် ဆောင်၍၊ ဝေးခေါင်ကာလ၊ ငါမျှော်ရသည့်၊ ဇိဝမြင့်ရှည်၊ သက်တော်တည်လျက်၊ ထေရ်မွန်မြတ်စွာ၊ ရဟန္တာတွင်(ရှင်ဥပဂုတ်)၊ ဘုန်းတော်အုပ်လျက်၊ ပတ်ချုပ်လှုံ့ပြောင်၊ ရွှေလရောင်သို့၊ တောင်သမုဒ္ဒရာ၊ ရေထဲမှာမူ၊ စံရာတုလွတ်၊ ကြေးပြာသာဒ်နှင့်၊ ပျော်မှတ်ကြည်ဖြူ နေတော်မူ၏။

၂။ (သာရဒတ္တ) နာမထင်စွာ၊ ရဟန္တာမူ၊ မြောက်ညာသမုဒ်၊ ရေအစုတ်၌၊ ဝန်းချုပ်ရွှေရည်၊ ဝင်းဝင်းကြည်သို့၊ မြင့်ရှည်ဘုံစွမ်း၊ ပြာသာဒ်နန်းနှင့်၊ ရွှင်လန်းတင့်တယ်၊ နေသပ္ပာယ်သား၊ အံ့ဖွယ်ရွှင်မော မြူမနှောတည့်။

၃။ (သက္ကောသာရ) နာမထင်စွာ၊ ရဟန္တာမူ၊ ပြုဗ္ဗာရစ်စစ်၊





သမုဒ်မြစ်က၊ ပယ်လှစ်မှောက်ချွေ၊ စမွာယ်နေ၏။

၄။ ရှင်မေဓရ၊ နာမခေါ်မြောက်၊ အနောက်သမုဒ္ဒရာ၊ ရေထဲမှာလျှင်၊ ရောင်ဝါလျှံပတ်၊ ကြေးပြာသာဒ်နှင့်၊ လျှောက်ပတ်တင့်ထွေ၊ ကိန်းဝပ် နေ၏။ လေးထွေသံယာ၊ အရိယာကို၊ ကြည်စွာနိယံ၊ သုံးပါးကံဖြင့်၊ ကောဆံညွတ်ခ၊ ဖြူစွစေတနာ၊ ကိုးကွယ်ပါသား၊ အကျိုးအားကြောင့်၊ လေးပါးအပါယ်၊ သုံးသွယ်သောကပ်၊ ရပ်ပြစ်ရှစ်ပါး၊ ဝေးစွာရှား၍ မမှားဂတိ၊ သတိအယူ၊ သဘောဖြူလျက်၊ ညစ်ညူးကိလေ၊ ကင်း လွတ်စေ၍၊ ဘေးပင်မြေသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့ ရွှင်လန်းကြည်ညို ရောက်ရလိုဟု၊ သံချိုသံပြောင်း၊ ကျွန်ုပ်တောင်းသည်၊ လျှင်ကြောင်း ခဏ၊ ပြည့်စေသော်။

## သေလေးပါး ဘုရားရှိခိုး

၁။ မေတ္တေဇိနော်၊ မြတ်ကဲ့ကော်ဝယ်၊ ပွင့်တော်မူကာ၊ မြင့်ရှည်စွာနှင့်၊ နှစ်ကြာကာလ၊ သာဝကစစ်၊ သားတော်ချစ်သို့၊ ရင်နှစ်ပမာ၊ (မဟာကဿပ)ထေရ်မြတ်လှမူ၊ ဝေဘာရတောင်၊ မြတ်ခေါင်သာဝှန်း၊ ရောင်ခြည်ထွန်းသား၊ မြဝန်းကဗ္ဗလာ၊ ကျောက် နေရာထက်၊ ခန္ဓာကြွေပြုတ်၊ လောင်းတော်မြတ်လျှင်၊ လျှံပတ်ဝန်းပြီ သို့စဉ်ရှိ၏။

၂။ နှံ့သည့်ပညာ၊ ထင်ရှားစွာသည်၊ (မဟာသုဘာရ)သာဝကလျှင် ဥတ္တမတောင်၊ မြတ်ခေါင်တုလွတ်၊ နေရမြတ်၌၊ လျှောက်ပတ် တင့်တယ်၊ ကိန်းသောနှယ်လျှင်၊ သပ္ပါယ်ကိုယ်တော်၊ နိဗ္ဗာန်ပျော်ကို ခုဇော် ထင်ထင် ရှိခိုးချင်၏။

၃။ အရှင်မြတ်သီ (ဥပေကွာရ) နာမထင်စွာ၊ ရဟန္တာမူ၊ ညီပြာ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြ၊ ပန်းမျိုးခသည့်၊ မကုလတောင်၊ ငွေခေါင်လယ်မှာ၊ ရွှေရောင်ပဝင်း၊ တန်ခိုးလင်းလျက်၊ သန့်ရှင်းကြည်ဖြူ စံတော်မူ၏။

၄။ ဘုန်းလူတောက်ပ၊ ကြီးတေဇနှင့်၊ မကုလတောင်၊ ထိပ်ပေါ်ခေါင်က၊ (မဓ္ဓသာရ) နာမထင်ရှာ၊ ရဟန္တာမူ၊ သာလှထူးဆန်း၊ မွေ့ရာနန်းထက်၊ စံမြန်းနိဗ္ဗာန်၊ သ[illegible]နှံတန်လျက်၊ နောက်ကျန်သခင်၊ မေတ္တေးရှင်မူ၊ လေးအင်သစ္စာ၊ ပွင့်သောခါလျှင်၊ ရောင်ဝါထွန်းပတ်၊ တေဇောစာတ်ဖြင့်၊ ညီမျှဆုရည်၊ မျှော်အံ့သည်ဟု၊ လေးမည်အမှန်၊ ရှင်အရဟံတို့ ဝေဖန်ဖော်ပြ၊ နက်နဲလှသား၊ မဓ္ဓဝိတင်း၊ ကျမ်းခပင်းမှ၊ မယွင်းမယုတ်၊ ရအံ့ထုတ်၍၊ သမုဒ္ဒနတ်၊ သားတော်မြတ်က၊ ယေရ်မြတ်သံယာ၊ အရိယာတို့၊ သဒ္ဒါကြည်နူး၊ လက်စုံဖူး၍၊ ရှင်မြူးမြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်ဆော ရောက်စေသောဝ်။

ဤကား ရေးဆရာတို့ သီကုံးနှုန်းဖွဲ့ခဲ့သော သေလေးပါး၊ ရှင်လေးပါး ဘုရားရှိခိုးတည်း။

**အမှာ။**

၁။ မုံတိုင်ပင်ဆရာတော် ရေးသားသော သေလေးပါး၊ ရှင်လေးပါး၊
၂။ လုံးတော်ဆရာတော် ညွှန်ပြသော သေလေးပါး၊ ရှင်လေးပါး၊
၃။ ရေးဆရာတို့ သီကုံးနှုန်းဖွဲ့ခဲ့သော သေလေးပါး၊ ရှင်လေးပါ။

၎င်းတို့သည် ရဟန္တာတို့၏ ဘွဲ့တော်အမည်သညာနှင့် နေရာဌာနများ မတူကြပေ။ ။

စတုတ္ထအကြိမ်



ဥဒါန်းကိုလည်းကောင်း။

(ယ)ဘိုးတော်စစ်တမ်းကိုလည်းကောင်း။

ဤသည်ကို စုပေါင်းကာ အဆီညှစ်၍ ကောက်ချက်ချလျှင် ဤအလောင်းတော်ကဿပသည် ရှင်မဟာကဿပ မထေရ်ကြီးသာ ဖြစ်နိုင်လောက်ရာ၏ဟု စာရေးသူကား အယူအဆ ရှိပါသည်။

**အထူးမှတ်ချက်။** ။အချို့သမိုင်းဟောင်းများ၌ ရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ဝယ် ပရိနိဗ္ဗာန်ပြုကြောင်း၊ ကဿပသံယုတ် အဋ္ဌကထာကို အကိုးအကားပြု၍ ရေးထားကြသည်ကို တွေ့ရပါ၏။ ကဿပသံယုတ် အဋ္ဌကထာတွင် ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုကြောင်းကိုကား အရိပ်အမြွက်မျှ မပါရှိချေ။

## ဝမ်းမြောက်ဝမ်းသာ လက်ခံပါမည်

ဤအလောင်းတော်ကဿပ အတ္ထုပ္ပတ္တိသည် ဘုရားရှင်မရှိသည့်နောက်မှ ပေါ်ပေါက်လာသော အတ္ထုပ္ပတ္တိ ဖြစ်သောကြောင့် သင်္ဂါယနာဝင် ကျမ်းအကိုးအကားနှင့် ဖော်ပြရေးခြင်းငှာ စွမ်းနိုင်ကြမည် မထင်ပါ။ ဤသမိုင်းသစ်ကို ရေးသားသော အရှင်သည်လည်း မိမိရေးသားသော ဤသမိုင်းသည်သာ အမှန်ဟု တစ်ထစ်ကျယူဆမှုမရှိပါ။ သို့ကြောင့် သင်္ဂါယနာဝင် ကျမ်းအကိုးအကားနှင့် ဖော်ပြနိုင်စွမ်းရှိသူ ပညာရှင်များ ပေါ်ပေါက်ပါက ဝမ်းမြောက်ဝမ်းသာ လက်ခံမည် ဖြစ်ကြောင်း ကတိပြုပါသည်။

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



## တေးထပ်

ဝေဘူတောင်၊ ဝေဘာရ ကဿပ အလောင်းတော်၊ မှတ်ကြဖို့ အကြောင်းဖော်မည်၊ သောင်းကျော်လို့ထင်ရှား၊ အံ့ကိုးပါး စုံလင်စွာငယ်၊ ဂုဏ်တင်စရာရှိတဲ့ မြတ်ဖျား၊ ဖူးလာကြဆွေသဟာတွေမှာ အဝေရာရန်ရှား၊ စေတနာမှန် တရားကြောင့်၊ ကပ်သုံးပါးလွတ်မြန်၊ ထက်နတ်ပြည်ကျော်ကာလွှမ်းပါလို့၊ နိဗ္ဗာန်နန်းရောက်မည့်ဇကန်၊ ကံ့ကော်ညွန့် ပလ္လင်ပံ့မှာ မြတ်ဝိနံ့ပွင့်ကာမှ မေတ္တေးရှင် ရွှေလက်တော်၊ ကျွမ်းလိမ့်ခေတ်တော်၊ ထူးလှတဲ့ သာဝက အမော်ကို လာကြနော် ဦးချဖို့ရေး၊ ထူးမြတ်တဲ့ ဇမ္ဗူကျော်ကို တူပျော်ပျော်ဖူးကြစို့လေး။

## ကဗျာလေးချိုး

ချောက်ကမ်းမြိုင် ဒုံနေကနက်ပါဘိသနဲ့၊ ကျောက်ပန်းခိုင် ဝေဝေယှက်လေတော့၊ အရှေ့မပျက်တဲ့ သေလာမျှောင်၊ အိုကွယ် လေပြေသက်ပါတဲ့ ဝေဘာတောင်၊ အလွန်ထူးတာမို့ မြင်ဖူးပေါင် ဒီကမ်းပါးယံအခြေကဲ့သို့၊ ထေရ် အရဟံ ပရမေလောင်းတော်၊ ကိန်းတယ်ကွယ်၊ စိမ်းလဲ့ညိုမှောင်၊ တရားဓိပါက်ရာ ဒေသတစ်ပါးပေမို့ သွားရောက်ခါ နေပါခြားလျှင်ဖြင့်၊ စေတနာ ပွားစေဖို့ တံခွန် ထီးဆောင်ဆောင်၊ အစဉ်အပြီးပြောင်တဲ့ ရတနာ ရွှေ ငွေ၊ ပတ္တမြား အိုကွယ် ရှင်မငြီးအောင်ကွယ့်၊ ဥပနာလေပြား၊ ဒါနစရိုက်ယှဉ်ခါ၊ ကြည်သဒ္ဓါဝိုး ရှာကြတဲ့၊ အာရုတိုက် အဝင်အပါ ပြည်မြန်မာ အမျိုးတို့မှာဖြင့် တစ်မျိုးဂုဏ်ရည်ဖြာဖို့ ယုံကြည်စွာ သွားကြသည့်ပြင် တရားဘာဝနာပွားရန် သင့်တယ်ကွယ် လောင်းရှင့်ထံပါး။





## ခြေဆင်း

အကြောင်းမျှော်ကာ သဒ္ဓါတရားတွေနဲ့၊ လောင်းတော် ဘဂဝါဘုရားကိုလ၊ သွားကြစို့ မေနှင့်မောင် ဖူးချီရအောင်၊ အထူး သီလဆောင်၊ တန်ခိုးတော်ပြောင်၊ တောင်မေရုအလား၊ ဝေဘူခေါ် ဝေဘာကြားမှာ ထားတဲ့ကိုယ်စား၊ ရည်စူးလို့လာရှာ၊ ကြည်နူးစရာ အဖြာဖြာကောင်းလိုက်ပါတဲ့ လောင်းတော်မြတ်ဘဂဝါ၊ ဒက္ခိဏ ဇမ္ဗူဒီပါ၊ တစ်ကျွန်းလုံး ဦးခိုက်လာ လောင်းတော်မြတ်စွာ တန်ခိုးတော် မှာ အမြို့မြို့နယ်တကာ၊ ရပ်ပေါင်းစုံစွာ ကောင်းမှုဒါန ပြုကြသည့် အဖြာဖြာ၊ ဇရပ်ကျောင်းနှင့် တန်ဆောင်းပြာသာဒ်မှာ၊ ထူးမြတ်သည့် နေရာ၊ ဥမင်ဝန္ဒစ်မြှာ၊ ရေလာသွယ်စီးဖြာ၊ ရွှေပြာသာဒ်နှင့် ကိုယ်တော် စစ်ပါ လောင်းတော်မြတ် ဗုဒ္ဓစံရာ၊ ကိန်းအောင်းပျော်ရှာ ဖူးကြစို့ ဖောင်ဖွဲ့ကာ ရှင်သာမဏေမောင်ရင် သူငယ်ပေါက်ဟာ၊ ကြောက် စရာကောင်းတာ၊ ရွံ့စရာကောင်းတာ၊ ထွက်ပြန်လာ၊ တက်ပြန်လာ ခက်ခဲနက်နဲ လက်ဆွဲကိုင်ဖို့ရာ၊ ကျောက်နို့ကမ်းပါးယံ အတွဲမှာ နောက်ဆုတ်ပြန်ထွက်စရာ၊ ခက်လှသည့် သူငယ်ပေါက်ပါ အောင် မယ်မယ့်၊ ကြောက်စရာကောင်းလိုက်တာ။

လူပေါင်းနော် တစ်သောင်းကျော်မကပေမယ့်၊ အလောင်း တော် ဘုရာ့တေဇာ၊ ကျောင်းတော်ဝဝ ဝေဖြာသည်၊ ပရမေဘဂဝါ ကြည်နူး၊ နေစရာမရှိပေဘူးရယ်လို့ အထူးပထင်စရာ၊ ပြန့်မဟီမြေမှာ ကျဉ်းသော်လည်း တေဇာရင်း တန်ခိုးတော်ကြောင့်ကျယ် အလောင်း တော်မြတ် စံပေသည်။ အသွေသွေ ရောင်မောင်းနှင့် ကြေးစည် ပေါင်း တစ်ရာကျော်၊ များလှသနော်၊ သုံးလုံးရှိခေါင်းလောင်းတော်ကို အိုကွယ် သုံးလုံးရှိ၊ ဘားစည်တော်ကို၊ တီးခတ်လို့ အပြီးသတ်



www.burmeseclassic.com

www.burmeseclassic.com



ပျော့စည်စုံစွာ တောင်းဆုပန်ထွာ (လောင်းတော်မြတ်စိန္တေယျာကို) (လောင်းတော်မြတ် စိန္တေယျာကို) နှိုင့်နှာ လွှမ်းဆွတ်ဖို့ကောင်း။

ဤ(၂)ဂါထာဖြင့် သာယာစွာ ကျူးရင့်ပါ။

(က) မဏိသေလပရိက္ခိတ္တေ၊ နာနာရုက္ခေဟိ မဏ္ဍိတေ၊
ဝေဘာရာမေ ဝသန္တေန၊ အာရာမေဝါဋ္ဋသေဝိတေ၊

(ခ) ဓိမတေကဘုဥ္ဇာရ၊ သေယျင္ဇ-ဝါသိနာကဟံ၊
အပေါသတ္တာန မတ္တာယ၊ ပရိနိဗ္ဗာနမဏ္ဍပံ။

မဏိသေလမရိက္ခိတ္တေ၊ ပတ္တမြားရောင် ထွန်းလင်းပြောင်သည့်၊ အခေါင်မြင့်စွာ၊ ဝေဘာမြည်ဟီး၊ ကျောက်တောင်ကြီးကိုဖြင့် ခြံရံအပ်သော နာနာရုက္ခဟိ ရှုဖွယ်ဘနန်း၊ မြရောင်သန်းသည့်၊ ညွန့်လမ်းယှက်ဝေ၊ ပင်တွေယိမ်းနွဲ့၊ စိမ်းလဲ့ညိုမှိုင်း၊ ခက်ကိုင်းဝေဆာ၊ နတ်ဖန်လာသို့၊ ကောင်းစွာနိမ့်မြင့်၊ သီးပွင့်ငုံဖူး၊ အထူးထူးသော သစ်ပင်တို့ဖြင့်၊ မဏ္ဍိတေ။ နတ်ပေါင်းများစွာ၊ ပျော်ရာစံလွန်၊ နန္ဒဝန် မြည်သီး၊ ဥယျာဉ်ကြီးသို့၊ မြိုင်ဟီးလှပ၊ တန်ဆာဆင်အပ်ထသော၊ အာရာမေ၊ ချောင်းပတ်ရစ်ခွေ၊ စမ်းချောင်းရေနှင့်၊ ဘောင်ဝွေနိမ့်မြင့်၊ အဆင့်ဆင့်ပြိုင်၊ မြိုင်နှင့်ညိုညို၊ နုပျို သာယာ၊ လွန်စွာချမ်းမြေ့၊ စိတ်ပျော်မွေ့ရာလည်း၊ ဖြစ်ထသော၊ အာရာမေ၊ ရောဂါတိုင်းပင်၊ လွင့်စင်စေတတ်၊ ဆေးပင်မြတ်တို့၏ ပေါက်ရောက်ရာဌာနဖြစ်၍ မွေ့ပျော်ရာရှိထသော အာရာမေ၊ ငှက်များစွာတို့ သာယာရင့်ကျူး ပျော်မြူးနိုင်မျှ၊ မွေ့လျော်ရာဌာန၊ ဖြစ်ထသော ဝါဋ္ဋသေဝိတေ၊ ကျား၊ ဆတ်၊ ပြောင်း၊ ဝံ၊ စိုင်၊ ဆင်၊ တောဝက်၊ တောကြက်၊ တောယုန်၊ တောချိုးပုံးငြား၊ တောဖြူများနှင့် တောသားချေဟောက်၊ တောမျောက် သစ်ကျူပ်၊ မည်ရုတ်သံပြောင်း၊





သားအပေါင်းတို့အား ခိုအောင်းရာလည်းဖြစ်ထသော ဝေဘာရာမေ။ ဗုဒ္ဓမြတ်စွာရှိစဉ်အခါက ရာဇဂဟ ပြည်ဌာနတယ်၊ နေလသို့ပြောင်၊ ဝေဘာတောင်သို့ အခေါင်သီလ၊ တေရသဓုတင်၊ ဖြူစင်ကောင်းမြတ်၊ ပဋိပတ်ဖြင့် သုံးအပ်နိုင်ပြောင်း၊ သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော် ရွှင်ပျော်ခိုမှီ ဝေဘာရမည်သော တောင်မဟီ၌ ဝေဘာရာမေ နှင်းဆီဖေါန်၊ သောကစပယ်၊ သဇင်ရင်ကပ်၊ ဇလပ်ကြက်ရုံး၊ ဂမုံးခတ္တာ၊ ဇီဇဝါနှင့် မာလကာ၊ ငှက်ပျော ပေါများဖျင်သီး၊ ဝေဘာရတောင်ကြီး၌ ဝသန္တေန၊ ပရိနိဗ္ဗာန် မဝင်စံမီ ရာဇဂြိုဟ်ပြည်ရှေ့ မြစ်ကွေ့ခွေကာ ဝေဘာခင်တန်း မြိုင်ဝှမ်းတောရိပ် ပိပ္ပလိဂူဟာ သီလာလေဏ စိမ်းမြဝေမှောင် ပြည်ညောင်ပင်ရင်း ကျောက်လိုဏ်ဂူ တွင်း၌ မှီတင်းယာပထ ဘောဇနဥတုညီမျှပြု၍ နေထိုင်တော်မူလေ့ ရှိထသော ဧကဘုဥ္ဇာရသေယျင္ဇဝါသိနာ၊ မြိုင်ကြီးတောထဲ ပုလဲ ဆင်မင်းကဲ့သို့ မပျင်းမရိ ဝီရိယအားဖြင့် တစ်ပါးတည်းတိတ်ဆိတ် စားအိပ်ကျင့်ကာ သီတင်းသုံးသော အလေ့ရှိထသော ဓိမတာ ပဒုမုတ္တရသမ္ဗုဒ္ဓဟု လူ့ဘမြတ်စွာပွင့်စဉ်ခါဝယ် ဟံသာဝတီတိုင်း ဌာနီဝယ် ဂုဏ်ရည်ပြန့်ပြော၊ ကျော်တစောဖြင့်၊ မနောမြူခဲ့၊ ပမာနဲ့သို့ သဲသဲဖြိမ့်အုံး၊ ဟိုရှေးတုန်းက ရွှင်ပြုံးပါရမီ ပြည့်ခဲ့ပြီမို့ ဘဒ္ဒာပိလာနီ ဇနီးသည်ကို သွေ့ဖိရှောင်မှု၊ ရဟန်းပြုသဖြင့်၊ သုံးဆင့် သာဝက၊ ဗုဒ္ဓလက်ရုံး၊ ရွှေဘုန်းရောင်စီး၊ ရင့်လေပြီးသော ပါရမီလည်းရှိထသော မဟာထေရေန၊ အကြီးအမှူး၊ ဦးစီးနာယက၊ ပဌမသင်္ဂါယနာတင်၊ အရှင်မဟာကဿအမထေရ်ကြီးသည်၊ သတ္တာနံ၊ ဝေနေယျများစွာ၊ သတ္တဝါတို့၏ အတ္တာယ၊ တစ်ပွင့်မျှပန်း၊ မြေမှုံဆွမ်းဖြင့်၊ ကြီးစွမ်း

www.burmeseclassic.com



ပွင့်ဖြိုး၊ တောင့်တကျိုးကို မျှော်ကိုးရည်ရင်း ရစေခြင်းငှာ၊ ပရိနိဗ္ဗာန မဏ္ဍပ်၊ သင်္ဂါယနာ၊ ဌာပနာနှင့် သာသနာ ကိစ္စအဝဝတို့၊ နေလ အဖွယ်၊ တင့်တယ်လှစွာ၊ ပြုပြီးခါဝယ်၊ တစ်ရာ့နှစ်ဆယ်၊ သက်ပြည့် ကြွယ်၍၊ ဘယ်နယ်ဒေသ၊ ချီးမြှောက်ကမူ၊ နောင်လူအကျိုး၊ ပွားတိုးမြင့်ရှည်၊ မျှော်ထောက်ရည်သော်၊ ဇော်ဂျီရှင်မြတ်၊ ဝိဇ္ဇာနတ်တို့ မျှော်မှတ်နေရာ မြှောက်မှသာတည့်၊ လမ်းမှာတန်တန်၊ တောင်ရံ ခုနစ်လုံး၊ ပိတ်ဖုံးကွယ်ဆီး၊ တောကြီးအလယ်၊ ပျော်ဖွယ်ကိန်း အောင်း၊ ငါ့အလောင်းတော်၊ နောင်သော်ကာလ၊ ပြည်မမဏ္ဍိုင်၊ တည်ခိုင်ရှည်ကြာ၊ ဖြစ်မည်သာဟု၊ ဉာဏ်မှာကုန်စင်၊ ရှုကြည့်မြင်က၊ မြိုင်ခွင်ဤတော၊ ရွှင်မောကြည်သာ၊ ကြွခဲ့ပါ၍၊ မဟာသိင်္ဂီ၊ ရောင် ခြည်ဇမ္ဗူ ရောင်၊ ရွှေတုံးစစ်သို့၊ သစ်သစ်ဖြစ်ကျန်၊ ခန္ဓာပရိနိဗ္ဗာန် တည်းဟူသော မဏ္ဍပ်ကြီးကို ကတ်၊ သတ္တဝါများ၊ ဒုက္ခသားတို့ အား သနားသမှု၊ အာရုံပြု၍၊ ဂရုစိုက်ကာ ဆောက်အပ်တော်မူရှာ လေပြီ၊ အဟော၊ ဩော်- ဝမ်းမြောက်စရာကြီး အစစ်ဖြစ်ကြီး ဖြစ်တော့သည်တကား။

## တံခါးဖွင့်၍ ဖူးခွင့်ရခဲ့သူ လူတစ်စု

သူတို့ကား အသည်းဖြူအူစင်း၍ သန့်ရှင်းစင်ကြယ်သော နှလုံးသားပိုင်ရှင်များဖြစ်ကြပေသည်။ ၎င်းတို့သည် ကန္ဒီမြို့နယ်၊ ယာကြီးအုပ်စု၊ ရွာမကျေးရွာမှ အမည် (၁) မောင်ထွန်းကြိုင်၊ (၂) မောင်ကျော်၊ (၃) ဒေါ်မိဒေါ်င်း၊ (၄) ဒေါ်ကြွားတင်၊ (၅) မကြောင်၊ (၆) မောင်လှငွေ၊ (၇) မောင်ဝင်းလှိုင်၊ (၈) မစွဲမိ၊ (၉) မသေးသေး၊ (၁၀) မောင်လှတို့ ဖြစ်ကြသည်။





ထိုသူတို့သည် ၁၃၄၀-ခု၊ တပေါင်းလပြည့်ကျော် ၂-ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၈-နာရီခန့် အလောင်းတော်ကဿပ လှိုဏ်ဂူ အတွင်းသို့ ဆင်း၍ ဖူးမြော်ကြသည်။ ၁၀-ယောက်အုပ်စုတွင် သုံးလေးယောက်မှာ လိုဏ်ဂူအပြင်ဘက်၌ ရှိနေကြသည်။ ငါး ယောက်၊ ခြောက်ယောက်ကား လိုဏ်ဂူအတွင်း ကျောက်တံခါးဝ၌ ဖူးမြော်နေကြသည်။ ထိုအခါ ၎င်းတို့၏ ရှေ့၌ အလွန် ကြည်လင် တောက်ပသော အလင်းရောင် အလုံးတစ်လုံး ပေါ်လာသည်။ ထိုအလင်းရောင်လုံးသည် ငယ်ရာမှ တဖြည်းဖြည်း ကြီးထွားလာပြီး မည်သည့်အလင်းရောင်နှင့်မျှ မတူသော အလင်းရောင်မျိုးဖြင့် လှိုဏ်ဂူကြီး တစ်ခုလုံး လင်းထိန်သွားသည်။ ထိုအခါ ရှေးဦးစွာ အလောင်းတော်ကဿပ ရုပ်ကလာပ်၏ ခေါင်းရင်းတော်ဘက်၌ ရွှေစေတီတစ်ဆူ ပေါ်လာပြီး မကြာမီ ကာလအတွင်းမှာပင် အလောင်း တော်ကဿပ ရုပ်ကလာပ်တော်အစစ်ကို ဖူးမြော်ခွင့်ရကြသည်။ ထိုသို့ ဖူးခွင့်ရသည်နှင့် တစ်ပြိုင်နက် လိုဏ်ဂူအတွင်းမှ ဖူးမြော် နေကြသူတို့က အပြင်မှာ ရှိနေသော လူစုကို အားရဝမ်းသာ ကြည်နူးစွာဖြင့် လာကြဟေ့၊ လာကြ ကိုယ်တော်ကြီး၏ ရုပ်ကလာပ်တော် အစစ်ကို တို့ ဖူးမြော်ခွင့်ရပြီ။ လာကြဟေ့၊ လာကြဟု ဟစ်အော် ခေါ်ယူသော အသံသည် လိုဏ်ဂူတစ်ခုလုံးတွင် ပဲ့တင်ထပ်အောင် ဆူညံ၍ သွားလေသည်။

လိုဏ်ဂူ၏ အပြင်မှာ ရှိနေကြသော လူတစ်စုကလည်း ဂူအတွင်းသို့ အတင်း ပြေးဝင်လာကြသော်လည်း ဂူအတွင်းသို့ ရောက်သောအခါ ရုပ်ကလာပ်အစစ်ကို ဖူးမြော်ခွင့် မရတော့ဘဲ၍ ဂူကြီးတစ်ခုလုံး အလင်းဓာတ်၊ အကြည်ဓာတ်ကြီးဖြင့် လင်းထိန်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုသာ တွေ့မြင်ကြရတော့သည်။ ဖူးလိုက်ရသူတို့က ဝမ်းသာအားရ ဖြစ်နေကြသလို မဖူးလိုက်ကြရသူတို့ကလည်း ဝမ်းနည်းပက်လက်ရှိနေစဉ် အလင်းရောင်ကြီးလည်း တဖြည်းဖြည်း ကွယ်ပျောက်သွားပြီးနောက် ၎င်းတို့ တစ်စု ဂူအထက်သို့ တက်လာကြပြီး ဂူထိပ်သို့ရောက်သောအခါ ၎င်းတို့အဖွဲ့တွင် ဦးဆောင်အမျိုးသမီးတစ်ယောက်သည် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်သော မြည်တမ်းခြင်းဖြင့် အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီး ဘုရားတပည့်တော်မ မပြန်တော့ပါဘုရား၊ အရှင်ဘုရားရဲ့ ခြေတော်ရင်းမှာ အလုပ်အကျွေး အဖြစ်နဲ့သာ နေခွင့်ပြုပါတော့ဘုရား၊ ဘုရားတပည့်တော်မ နေခဲ့တော့မယ် ဘုရား စသည်ဖြင့် တွတ်တီးတွတ်တာ ဝမ်းနည်းဖွယ်ရာတို့ဖြင့် ငိုကြွေးပြီး ပေ (၇၀) ခန့်မြင့်သော အလောင်းတော်ကဿပ လှိုဏ်ဂူထိပ်မှ အောက်သို့ ခုန်ချသေပါတော့မည် လုပ်၍ အတင်းအဓမ္မ ဝိုင်းဆွဲပြီး ရင်ပြင်တော်ပေါ်သို့ ရောက်လာကြသည်။ အချိန်ကား အလောင်းတော်ကဿပ ရုပ်ပွားတော် ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်တော်ကြီးကို တည်ဆောက်ရန် နောက်ပါ ရဟန်းတော် ၄-ပါး၊ လက်သမား၊ ပန်းရန်(၃၀ ကျော်) ခန့်တို့နှင့်အတူ အလောင်းတော်ကဿပသို့ ၁၃၄၀-ခုနှစ်၊ ဒုတိယခေါက် စာရေးသူတို့ ရောက်ရှိသောအခါ ဖြစ်ပါသည်။





## နိဂုံး

ဤသို့လျှင် စာရေးသူနှင့် အလောင်းတော်ကဿပသို့ ဘုရားဖူးလိုက်သူ ရဟန်း၊ ရှင်၊ လူတို့သည် အလောင်းတော်ကဿပ သမိုင်းတစ်ခု ပြုစုရန် တောင်းပန် လျှောက်ထားချက်အရ (သံသုဒ္ဓ မာနိတဗ္ဗာ ဝိမံ သိတဗ္ဗာ ဇေတာယာတိ သမိုင်း) ဇေတာယ၊ ဤစကားစဉ်ဖြင့် သံသုဒ္ဓ၊ ကောင်းစွာ မာနိတဗ္ဗာ၊ ဝိမံသိတဗ္ဗာ၊ စူးစမ်းရှာဖွေအပ်၏။ ဣတိတသ္မာ၊ ထိုသို့စူးစမ်းရှာဖွေကြောင်း ဖြစ်သော သတ္တိကြောင့်၊ဇေတာယာတိပဒေန၊ ဇေတာယဟူသော ပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်သော၊ တံဝစနံ၊ ထိုစကားသည် သမိုင်း၊ သမိုင်းမည်၏။ ဟူသည်နှင့်အညီ ရှာဖွေစုပေါင်း တင်ပြအပ်သော အလောင်းတော်ကဿပ သမိုင်းတည်း။ ဤတွင် အစအဆုံး ကမ္ပတ်ဖုံး၍ ပြီးဆုံးခြင်းသို့ ရောက်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ
## သမိုင်းဟောင်းတစ်ခု၏ အဆို

ရှေးနှစ်ဦးအခါ အရိမေတ္တေယျ ဘုရားလောင်းကား ဆရာရဟန်းဖြစ်၏။ ရှင်မဟာကဿပ အလောင်းကား တပည့် သာမဏေဖြစ်ခဲ့ဖူး၏။ ရှင်မဟာကဿပ အလောင်း သာမဏေငယ်သည် ကျေးသတ္တဝါတစ်ကောင်ကို ခွင်ခနောက် (၃)လုံးအောက်တွင် ဖိဖုံးဝှက်ထား၍ ကျေးသတ္တဝါမှာ သေရှာလေ၏။ ထိုအခါ ဆရာရဟန်းသည် မောင်ရင်သာမဏေ သို့ဝှက်ထားသည့် အခြင်းအရာကို ကြည့်ရှုပြီး အမိန့်ရှိသည်မှာ ကျေးကလေးကို ခွင်ခနောက်(၃)လုံးဖြင့် ဖုံးဖိ သို့ဝှက်ထားမိသည့် ဝိပါက်တရားကြောင့် နောင်သောအခါ ကျေးငှက်ကလေးကဲ့သို့ ပုံမခြား၊ ပြာသာဒ်တလားနှင့် တင်ထားကာ လူသူမနီးတဲ့ တောမြိုင်ကြီးမှာ ဤကဲ့သို့ ဝိပါက်တော်လိုက်လိမ့်မည်။ သင့်သည် ပါရမီပြည့်၍ ရှေ့ပြည်နိဗ္ဗာန် အလျင်စံသည်ရှိသော် အလွန်နူးဖြိုး သင့်ခန္ဓာကိုယ်အလုအိုးကို လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ





တို့ အကျိုးငှာ၊ နှစ်ပေါင်း သန်း၊ ပြာသောင်းရှည်လည်း အခါမပျက်၊ မိဌာန်ချက်ဖြင့် ထားခဲ့ပါလေ၊ တတိအဆိုင်းမှာတိုင်းမသွေ၊ ထားခဲ့စေသည်ရှိသော်၊ ငါဘုရားဖြစ်တော်မူသောအခါ၌ ဆင်နှာမောင်းကဲ့သို့ သွယ်ပြောင်းပြည့်စုံ ညာလက်ဝါးအပြင်၌ သင့်ခန္ဓာကိုယ် အလောင်းကို တင်ကာထားလျက် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး တေဇောကသိုဏ်းမီး အမျိုးမျိုးတို့ဖြင့် အမှန်ပင် သဂြိုဟ်ရပေတော့အံ့ ဤသို့-ကတိစကားဖြင့် မှာကြားသည်ကို ကြံအောင်မေ့လျက် ရှေးဝိပါက်တော်အကြောင်း မကင်းသဖြင့် ကျောက်လိုဏ်ဂူ အတွင်းမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူရလေ၏။

အရိမေတ္တေယျ ဘုရားသခင်သည် ရှင်မဟာကဿပ အလောင်းတော်ကို ညာလက်ဝါးအပြင်၌ တင်ထားပြီး တေဇောကသိုဏ်းဖြင့် လောင်ကျွမ်းစေရမည့် ဝိပါက်အကြောင်း တရားမှာ ရှေးပါရမီ နှစ်ဦးအခါ အရိမေတ္တေယျ ဘုရားအလောင်းက ဆင်ထိန်း (ဆင်ဦးစီး) ရှင်မဟာကဿပ အလောင်းက ဆင် ဖြစ်လေ၏။ ထိုဖြစ်စဉ်အခါက သူတစ်ပါး၏ ပန်းပဲဖိုအနီးတွင် ဆင်ကို လွှတ်ထားလေ၏။ ထိုအခါ ပန်းပဲဆရာက 'ဖိုတဲအနီးတွင် လွှတ်မထားပါရန်၊ အကယ်၍ နှာမောင်းဖြင့် ဝေ့ရမ်းလျှင် ဖိုတဲနှင့် ပစ္စည်းတွေ ပျက်စီးမှာ စိုးရိမ်ပါ၏'ဟု ပြောလေသည်။

ထိုအခါ ဆင်ဦးစီးက 'ငါ၏ ဆင်သည် လူစကားကို နားလည်၍ သိ၊ ကြား လိမ္မာ၏။ ခိုင်းစေတိုင်းရ၏။ သင်၏ ပစ္စည်းကို ဖျက်ဆီးလိမ့်မည် မဟုတ်ပါ'ဟု ပြောဆိုလေသည်။ ထိုအခါ ပန်းပဲဆရာက 'သင်၏ ဆင်သည် လူစကား နားလည်၍

www.burmeseclassic.com



ခိုင်းတိုင်း ရသည်ဆိုသော် ည်း နေရာတိုင်းမှာ ခိုင်းစေလို့ ရမည် မဟုတ်ပါ'ဟု ပြောဆိုလေ၏။ ထိုအခါ ဆင်ဦးစီးသည် 'ငါ၏ ခာင်သည် ကျဉ်းကျပ် ကုတ်ကပ်တဲ့ နေရာနှင့် ကျပ်တည်းကျဉ်းမြောင်းတဲ့ နေရာတိုင်းမှာ ခိုင်းစေသည်ကို မငြင်းဘဲ အလွယ်တကူနှင့် ပြုလုပ်သည်'ပြောဆိုကာ စကားကပ်သည်ကို မစဉ်းစား၊ မဆင်ခြင်၊ မတွေးတောဘဲ လောင်းကစား ပြုလိုက်လေ၏။ ပန်းပဲဆရာက 'သင်သည် လောင်းကစားသည့်အတိုင်း သင်၏ ဆင်ကိုခိုင်းစေရမည်' ဟု ပြောဆိုကာ သံတုံး သံခဲကို မီးအုံလျက် သင်၏ ဆင်သည် ၎င်းသံတုံးသံခဲကို နှာမောင်းဖြင့် ပွေ့၍ (၃)ကြိမ်မ၊ (၃)ကြိမ်ချနိုင်လျှင် သင်ကအနိုင်၊ (၃)ကြိမ်မ၊ (၃)ကြိမ်မချနိုင်လျှင် သင်ကအရှုံး'ဟု ပြောဆိုကာ ခိုင်းစေလေ၏။

ထိုအခါ ဆင်ဦးစီးသည် လောင်းကစားသည့် အတိုင်း မခိုင်းစေသော် ရှုံးရတော့မည်။ ခိုင်းလိုက်ပြန်သည် ရှိသော် ခိုင်းသည့် အတိုင်း ငါ၏ဆင်သည် မငြင်းဘဲ ပြုလုပ်ခဲ့ပါက ပြင်းထန်သော ဝေဒနာ၊ နှာမောင်းမှာ ဒဏ်ရာရ၍ မန်းဝင်ပြီး သေများသေလေမလားဟု ညည်းတွားကာ လက်မှိုင်ချရှာလေ၏။

ဩော်- ငါ၏ဆင်သည် သံတုံးသံခဲရဲရဲကို နှာမောင်းဖြင့် (၃) ကြိမ်မ၊ (၃) ကြိမ်ချရခြင်းကြောင့် ပြင်းထန်သောဝေဒနာ ဒဏ်ရာရသော်လည်း မန်းကို အတင်းတိုက်ကျွေးပြီး ဆေးလိမ်းကာ အကင်းအကျပ် စောင့်မကြည့်ရှုကုသရသော် ရနိုင်လိမ့်မည်ဟု ကြံစည်အောက်မေ့လျက် သံတုံးသံခဲရဲရဲကို နှာမောင်းဖြင့် သုံးကြိမ်မ၊ သုံးကြိမ်ချရန် ဆင်ကို ခိုင်းစေလေတော့၏။ ထိုအခါ ဆင်သည် သံပူသံတုံးရဲရဲကို နှာမောင်းဖြင့် (၃) ကြိမ်မ၊ (၃) ကြိမ်ချလျှင်





၎င်းဒဏ်ရာဖြင့် သေရမှာ အမှန်ဖြစ်တယ်ဟု ဝမ်းနည်းကြေကွဲ ပူဆွေးကာငိုကြွေး ရှာလေ၏။

ဩော်- ငါ၏ဦးစီးဆရာသည် သံပူသံတုံး ရဲရဲကို နှာမောင်းဖြင့်ပွေ့ပြီး (၃) ကြိမ်မ၊ (၃) ကြိမ်ချရလျှင် သေမှာပင် မသိလေရော့သလားဟု ပူဆွေးကာ ငိုကြွေးပြီး ဦးစီးဆရာ ခိုင်းစေသည်ကို မငြင်းဆန်ဘဲ သံပူသံခဲရဲရဲကို နှာမောင်းဖြင့် (၃)ကြိမ်မ၊ (၃) ကြိမ်ချရခြင်းကြောင့် မန်းဝင်ပြီး ဆေးကုလို့ မရနိုင်သော ဝေဒနာဒဏ်နှင့် ငိုကြွေးကာ ပူဆွေးလျက်သေရှာလေ၏။ ဤသို့ မသက်ညှာ မသနား လောင်းကစားပြီး ဆင်ကို ခိုင်းစေမိသည့် ဝပါက်အကြောင်းကြောင့် အရိမေတ္တေယျ ဘုရားရှင်သည် ရှင်မဟာကဿပ၏ ရုပ်ကလာပ်ကို လက်ဝဲပြင်ပေါ်တင်၍ မီးကြိုဟ်ခြင်းကိစ္စပြုရလိမ့်မည်။ ထိုအခါ အရိမေတ္တေယျ ဘုရားရှင် လက်ဝဲပြင်၌ မီးလောင်နာထင်၍ ပရိနိဗ္ဗာန် ဝင်စံရလိမ့်မည်။ အရိမေတ္တေယျ ဘုရားသာသနာနှင့် ကြုံကြိုက်ကြကုန်သော လူအပေါင်း တို့သည် အရိမေတ္တေယျ ဘုရားသခင် လက်ဝဲမှာ အနာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်ရမည့်အဖြစ်ကြောင့် လက်ဝဲမှာ အနာဖြစ်လျှင် ကာလနာဟု သတ်မှတ်သဖြင့် ဆေးကု၍ ရခဲလိမ့်မည်ဟု ပြောဆိုကြ၏။

စာမျက်နှာ ၁၄၀ မှ ၁၄၄ အထိ နောက်ဆက်တွဲ သမိုင်းဟောင်းတစ်ခု၏ အဆိုဟု သာမန်ဖော်ပြရခြင်းသည် ထိုအလောင်းတော် ကဿပသမိုင်းစာအုပ် စာရေးသူ လက်တွင်းသို့ ရောက်လာချိန်ဝယ် ထိုသမိုင်းစာအုပ်တွင် မျက်နှာဖုံးနှင့် နိဒါန်း၊ နိဂုံး၊ စက္ကူစာသားမှာ မရှိတော့ပါ။ စာကိုယ်သာရှိတော့ပါ၍ အဲဆိုပါ သမိုင်းပြုစုသူ၏ အမည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်သက္ကရာဇ်ကို ဖော်ပြနိုင်စွမ်းမရှိပါ။

**ပေစာ။** ။ ရှင်မဟာကဿပကား ရှေးသရောအခါ ဆင်ဖြစ်၏။ အရိမေတ္တေယျ အလောင်းကား ဆင်ထိန်းဖြစ်၏။ သံတွေခဲကို မျိုဟူ၍ဆိုမိ၍ တစ်ဖန် အဖန်ငါးရာ ဝိပါက်လိုက်၍ ထိုဝိပါက် အခန်းမကုန်၍ အရိမေတ္တေယျအလောင်း ဘုရားဖြစ်သောအခါ အရှင်မဟာကဿပအလောင်းတော်ကို အရိမေတ္တေယျဘုရားရှင်လက်ဝါး ပေါ်တွင်တင်၍ တေဇောဓာတ်လောင်၍ သဂြိုဟ်မည်ဆိုသည်။ ပေစာတွင်ရေးသားထားသော သတ်ပုံမူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။

**မှတ်ချက်။** ။ အထက်ပါ ပေစာမူကို စာရေးသူတို့ သင်္ချိုင်းကြောင်းလေ့လာရေးခရီး၊ ထွက်စဉ်က (၁၃၃၇- ခု၊ သီတင်းကျွတ်လဆုတ် (၁၁) ရက်နေ့နံနက် (၁၁း၃၀) နာရီအချိန် မင်းကင်းမြို့ တောင်လက် အောက်စသာရွာ ဆရာတော် ဦးပညာ၊ ဇေတကျောင်း၌ ဂုဏ်ရှာရှိ စာပေဝါသနာပါသူ ဒါယကာ ဦးဘထော်ထံ၌ စုဆောင်းထားသော ပေစာဟောင်းတစ်ရွက်မှ ကူးယူရရှိခဲ့သောမူရင်းဖြစ်ပါသည်။

## စာရေးသူ၏ အာသီသနှင့် အမိဋ္ဌာန်

ယခုသမိုင်း ဖွဲ့ခဲ့ပြီးဖြစ်သော အလောင်းတော် ကဿပ၏ ဂုဏ်သတင်းရနံ့သည် သမိုင်းပါအတိုင်း သင်းပျံ့ကြိုင်လှိုင်ခဲ့ပုံ၊ ထူးဆန်းအံ့ဖွယ်ရှိပုံတို့ကို စာရေးသူသည် လူမမယ်ကျောင်းသားအရွယ် ငယ်စဉ်ကပင် သက်ကြီးစကား သက်ငယ်ကြားဖြင့် အလောင်းတော်၏ ခြေတော်ရင်းသို့ ဝပ်စင်းခိုလှုံလိုသော အာသီသသည် ပြင်းပြစွာ ရှိခဲ့ပါသည်။ သို့သော် အရွယ်ငယ်၍ အာသီသအတိုင်း ခိုလှုံခွင့် မရနိုင်ခဲ့ပေ။





မိမိတို့၏ ကျေးရူးရှင် ပုပ္ပား-ဖိုလ်ဝင် သာသနာပြု ဆရာတော် ဦးကုမာရသည် အလောင်းတော် ကဿပသို့ တစ်နှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် စသည်ဖြင့် နီးစပ်ရာ ပါရမီရှင်တို့ကို ခေါ်ဆောင်၍ အလောင်းတော်၏ ခြေတော်ရင်းကို ဝပ်စင်းလေ့ရှိခဲ့ပါသည်။ အလောင်းတော် ကဿပသည် ဆရာတော်၏ သာသနာပြုဌာနတို့တွင် တစ်ခုအပါအဝင် ဖြစ်လေသည်။ ယခုအချိန်အထိ ဆရာတော်များ ရှိနေခဲ့ပါမူ အလောင်းတော် ကဿပသည် မည်မျှအဆောက်အဦတို့ဖြင့် စည်ကားနေလိမ့်မည်ဟု ခန့်မှန်း၍ရနိုင်မည် မဟုတ်ပေ။ ဆရာတော်၏ သာသနာပြုလုပ်ငန်းအစသည် အလောင်းတော်ကဿပပင် ဖြစ်သည်ဟု ဆိုပါမူ မှားနိုင်မည်မဟုတ်ပါ။ အကြောင်းသော်ကား ဆရာတော် ရဟန်းဖြစ်ခါစ ရွှေဘိုခရိုင် အတွင်းသို့ ရောက်သွားလေသည်။ ထိုအခါ ဆရာတော်တစ်ပါးသည် အလောင်းတော်ကဿပ လိုဏ်ဂူကြီးအတွင်းမှ ရရှိထားသော ဉာဏ်တော် တစ်ထောင့်ထွာခန့်ရှိ ကျောက်သား အလောင်းတော် ကဿပကိုယ်စားတော်တစ်ဆူကို အိမ်မက်အရ ဆရာတော် ဦးကုမာရအား ပေးလှူလိုက်လေသည်။ ဆရာတော်သည် ထိုကိုယ်စားတော်ကို ပုပ္ပားသို့ပင့်ခဲ့၍ ကျောင်းတွင် ဂရုတစိုက် အလေးထား၍ ကိုးကွယ်ခဲ့ရှာသည်။ ရံဖန်ရံခါ အရပ်တစ်ပါးသို့ တရားဟောကြွသောအခါ ထိုကိုယ်စားတော်ကို ပင့်ဆောင်၍ သွားလေ့ရှိသည်။ ပူဇော်ခံ၍ ဒကာ၊ ဒကာမများအား ကိုးကွယ်ကြည်ညိုစေသည်။ ထိုအချိန်မှစ၍ ဆရာတော် ဦးကုမာရသည် သာသနာပြုလုပ်ငန်းတို့ကို ဆထက်တိုး၍ ပြုနိုင်လေသည်။ ထိုအလောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကဿပ ကိုယ်စားတော်ကား ယခုအခါ ဆရာတော်၏ မူလသီတင်းသုံးရာဌာနဖြစ်သော ပုပ္ပားတောင်ကလပ် ကုမာရရာမတိုက် အနီး(သီလတောင် မဟာကဿပလိုဏ်ဂူတော်) အတွင်းဝယ် သီတင်းသုံးလျက်ရှိသည်။

ဆရာတော်ကား ပင်ပန်းနွမ်းနယ်လှသော သာသနာပြု လုပ်ငန်း ကျပ်တည်းကျဉ်းမြောင်းလှသော လူ့ဘောင်လောကနှင့် တပည့်၊ ဒကာ၊ ဒကာမတို့အား စွန့်ခွာ၍ (၁၃၃၀)ခုနှစ် တော်သလင်းလပြည့်ကျော် (၄) ရက် ဘဝနတ်နန်းသို့ ကြွမြန်း တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ ဆရာတော်၏ အလောင်းတော် ကဿပ သာသနာပြုတာဝန်သည် မိမိတို့ပခုံးပေါ်သို့ အလိုအလျောက် လွှဲပြောင်းကျရောက်ခဲ့လေသည်။ ထိုကျရောက်လာသော တာဝန် ကိုလည်း မိဘအမွေအနှစ်ကို သားသမီးကောင်းတို့ မပျက်စီးရ လေအောင် ထိန်းသိမ်းထားရိုး အစဉ်အလာအရ ယခုလည်း ဆရာ၏ အမွေအနှစ်ဖြစ်သော အလောင်းတော် ကဿပသာသနာပြုအမွေကို စာရေးသူတို့ အနူးအညွတ် ရင်ခွင်ပိုက်၍ သိမ်းဆည်းထားသည်။ ထိုသို့ သိမ်းဆည်းထားရခြင်းဖြင့် စာရေးသူသည် အလောင်းတော်၏ အရိပ်ကို ခိုလှုံလိုသော ငယ်စဉ်က အာသီသသည်လည်း ယခုအခါ ပြီးပြည့်စုံပြီဟု ဆိုရပေတော့မည်။

ဆရာတော်၏ သာသနာပြုအမွေကို ရင်ဝယ်ပိုက်၍ ဆရာတော်၏ ကျေးဇူးကို ဆပ်သောအားဖြင့် စာရေးသူနှင့် ဖိုလ်ဝင်တောင် ဂေါပကအဖွဲ့ အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်သုမနတို့သည် မြို့အရပ်ရပ်၊ နယ်အသီးသီးရှိ (အလောင်းတော် ကဿပသို့ လိုက်ပါဖူးမြော်လိုသူ ပါရမီရှင်တို့အား နှစ်စဉ် သတင်းစာ





အစောင်စောင်မှ ဖိတ်ခေါ်၍ နိဗ္ဗာန်ကူးတို့ ပို့ဆောင်ခဲ့သည်မှာ ဆယ့်သုံးကြိမ်မြောက် ရောက်ခဲ့ပေပြီ။ ထိုကာလအတွင်း မိမိနှင့် အလားတူ အလောင်းတော် ကဿပခြေတော်စုံကို ခိုလှုံခဲ့သူ ရဟန်း ရှင်၊ လူ ပါရမီရှင်ပေါင်း (၅၀၀၀) ကျော်ခန့် ရှိခဲ့ပြီးဖြစ်သည်။

မိမိသည် (၁၃၃၀)ခုနှစ်၊ တပို့တွဲလပြည့်အတွင်းမှာ အလောင်းတော် ကဿပသို့ ရဟန်း၊ ရှင်၊ လူ ပါရမီရှင်ပေါင်း လေးရာကျော်ခန့်ဖြင့် ဦးစွာအစ ရောက်ခဲ့ရသည်။ ထိုအခါ တောကြီးမျက်မည်းထဲမှာ အလောင်းတော်ကဿပ ရုပ်ပွားတော်နှင့် လိုဏ်ဂူကြီးအတွင်းသို့ အာရုံသွင်း၍ ဖူးမြင်လိုက်သော အချိန်များစွာ ခွဲခွာ၍နေခဲ့ရသော မိဟောင်း၊ ဘဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်း ညီအစ်ကို၊ မောင်နှမဟောင်းတို့နှင့် လတ်တလော တွေ့လိုက်ရသလို ဝမ်းနည်းဝမ်းသာ များစွာဖြစ်မိပါသည်။ မိမိ၏ နောင်တော်ကြီး တစ်ပါးထီးတည်း တောကြီးအလယ်မှာ သီတင်းသုံးခါ နေရသည် ကိုလည်း စိတ်မကောင်းဖြစ်လိုက်မိသလို အရှင်မြတ်သည် တော၌ နေလေ့ရှိခြင်း၊ လွင်ထီးခေါင်၌ နေလေ့ရှိခြင်း၊ သုသာန်၌ နေလေ့ရှိခြင်း အစရှိသော အရှင်မြတ်၏ ဓုတင်ဆောင်ဂုဏ်တို့ကို အာရုံပြု နှလုံးသွင်း ပြန်တော့လည်း ကြည်ညို၍ မဆုံး၊ ကြည်ညို၍ မဝနိုင်ခဲ့ပါ။ ဒီလိုနှင့် ကိုယ်တော်မြတ်၏ ခြေတော်စုံဘက်မှ စုံရပ်ခါ မိမိ၏နဖူးပြင်ဖြင့် ခြေဖျားတော်ကို ပွေ့ပိုက်လျက် အရှင်၏ ခြေတော်ရင်းသို့ တပည့်တော် ယခု ရောက်လာခြင်းဟာ ပထမဦးဆုံး ရောက်ရခြင်းပါဘုရား။ အရှင်၏ ခြေတော်စုံကို ခိုလှုံလိုသော အာသီသ ငယ်စဉ်ကပင် ရှိပါသော်လည်း အခါအခွင့်မသင့်၍ ခိုလှုံခွင့် မရနိုင်ခဲ့ပါဘုရား။ တပည့်တော်သည် အရှင်၏ခြေတော်စုံကို ခိုလှုံခွင့်ယခုလိုရခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဖရဏ်ာပီတိ ဂွမ်းဆီထိသို့ ဝမ်းမြောက်လှပါ၏ ဘုရား။ အရှင်၏ ခြေတော်စုံကို ယခုမှ ခိုလှုံရခြင်းသည် တပည့်တော်အဖို့ နောက်ကျခြင်းကြီးမက နောက်ကျခဲ့ရပါသည်ဘုရား။ ထိုသို့ နောက်ကျခြင်းကို သည်းခံကျေနပ် သနားခွင့်လွှတ်တော်မူပါဘုရား။

ဒီလိုနဲ့ စာရေးသူ၏ ဟဒယဝတ္ထု နှလုံးအိမ်မှာ ဗလိဝပီတိ၏ ဇောအရှိန်အဟုန် ရှိသလောက် တွတ်တီးတွတ်တာ နှုတ်ထဲမှ လျှံထွက်လာပြီး တပည့်တော်သည် အရှင်ဘုရား၏ တပည့်သာဝက အပေါင်းများစွာကို ခေါ်ဆောင်၍ခြေတော်စုံကို ခိုလှုံရန် အနည်းဆုံး နိဗ္ဗာန်ကူးတို့ ကိုးခေါက်မြောက် အရောက်ပို့၍ ဖူးမြော်စေပါမည်။ ကိုးခေါက်မြောက်ပြီးသောအခါ အရှင်၏ခြေတော်စုံကို ခိုလှုံခွင့်ရချင်မှ ရနိုင်ပါတော့မည်ဘုရား။ ထိုအခါ တပည့်တော်၏ နေရာအနီး အပါးတွင် အရှင်၏ရုပ်ပွား ကိုယ်စားတော်ကို တည်ထားကိုးကွယ်ခွင့် ပြုပါရန်နှင့် အရှင်၏သာသနာကို ကြီးမားစွာ ပြုနိုင်ရပါစေသားဟု အဓိဋ္ဌာန် ပတ္ထနာပြုခဲ့ပါသည်။

ယခုအခါ ထိုအဓိဋ္ဌာန် ပတ္ထနာကို အကောင်အထည်ဖော်ရန် မိမိနေရာအနီး ပုပ္ပားမယ်တော်ကြီး ဒေါ်ဝဏ္ဏ၏ အစဦးစွာ သီလ စောင့်သုံးရာ ဌာနဖြစ်သော (သီလတောင်) ကမ်းပါးယံကို တောင်ပိုင်၊ သီလယက္ခ၊ သူရယက္ခ ညီနောင်ထံတွင် ခွင့်ပန်၍ လိုဏ်ဂူကြီး ထွင်းဖောက်လျက်ရှိပါသည်။ ထိုလိုဏ်ဂူအတွင်း ရှင်မဟာကဿပ အပါအဝင် သေလေးပါး၊ ရှင်ဥပဂုတ် အပါအဝင် ရှင်လေးပါး၊ ဗုဒ္ဓရုပ်ပွား၊ ဓာတ်တော်တိုက်၊ စွယ်တော်တိုက်၊ သိဒ္ဓိဆယ်ပါးဂူတို့ကို တည်ထားကိုးကွယ်မည် ဖြစ်ပါ၍ ဘုန်းထူး၊ ကံထူး၊ ပါရမီထူး၍ (အလောင်းတော်ကဿပ - ရှင်ဥပဂုတ်) တို့နှင့် ပဋ္ဌာန်းဆက်





ရှိကြကုန်သော ပါရမီရှင်အပေါင်းတို့သည် အဓိဋ္ဌာန်ပတ္ထနာ ပြီးမြောက် အောင်မြင်ရန် ကာယ၊ ဉာဏ၊ မနအားတို့ဖြင့် ကူညီကြဖို့ အကြောင်း ဤသမိုင်းစာစောင်မှ နိဂုံးချုပ်အနေဖြင့် မေတ္တာရပ်ခံ အပ်ပါသည်။

မှတ်ချက်။ ။ ဤသမိုင်းစာအုပ်၏ ကျောဘက်ပါ မြေပုံနှုက် ပုံစံအတိုင်း လိုဏ်ဂူကြီးကို တူးဖောက်နေဆဲ ရှိရာ ယခုအခါ အကျယ်(၁၀)ပေ၊ အမြင့်(၁၂)ပေ၊ အလျားပေ (၂၀၀)နှင့် "သေလေးပါး၊ ရှင်လေးပါးလိုဏ်ဂူ" တို့ကို အကြမ်း တူးဖောက် ပြီးစီးသော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည့် အပြင် သေလေးပါး အပါအဝင် (အလောင်းတော်ကဿပ) ရုပ်ပွားတော်နှင့် ရှင်လေးပါး အပါအဝင် (ရှင်ဥပဂုတ်) ရုပ်ပွားတော် တို့ကို တည်ထားကိုးကွယ်ပြီး ဖြစ်ပါသည်။ ဖော်ပြပါ မြေပုံနှုက် ပုံစံအတိုင်း အလုံးစုံ ပြီးစီးသည်အထိ ကျပ်ငွေ လေးသိန်းကျော် ခန့် ကုန်ကျလိမ့်မည်ဟု ခန့်မှန်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## လှူဒါန်းစရာ အဖြာဖြာ

| | | |
|---|---|---|
| ၁။ ဗုဒ္ဓရုပ်ပွားတော်နှင့် ဂန္ဓကုဋိတိုက် | ကျပ် | ၁၀၀၀၀၀ |
| ၂။ ခါတ်တော်တိုက်နှင့် စွယ်တော်တိုက် | ကျပ် | ၃၆၀၀၀ |
| ၃။ သေလေးပါး-ရှင်လေးပါးရုပ်ပွားတော် နှင့် ဂန္ဓကုဋိတိုက် | ကျပ် | ၁၀၀၀၀၀ |
| ၄။ လိုဏ်ဂူတော်ကြီးအတွင်းခန်းတစ်ခန်း | ကျပ် | ၃၀၀၀ |
| ၅။ အမြင့် (၁၂)ပေ၊ အကျယ် (၁၀)ပေ အနက် (၁)ပေခွဲ ဂူတူးဖောက်ခ | ကျပ် | ၃၀၀ |

**မှတ်ချက်။** ။ အထက်ပါ ၁-၂-၃-၄ ကို လှူဒါန်းလိုသူ ကုသိုလ်ရှင်များအား ကျောက်စာကမ္ပည်း ရေးထိုးပေးပါမည်။

ဖော်ပြအပ်ခဲ့ပြီးသော လှူဒါန်းစရာ အဖြာဖြာတို့ကို ပါရမီရှင် ကိုယ်တိုင်သော်လည်းကောင်း၊ သို့မဟုတ် စာတိုက်မှသော်လည်းကောင်း အောက်ပါ ဆရာတော်များထံသို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**အမှာ။** ။ ဤသမိုင်းစာအုပ်မှ ဓမ္မဒါနရသော အလှူတော်ငွေသည် တည်ဆောက်ဆဲဖြစ်သော မဟာကဿပ လိုဏ်ဂူတော်ကြီးအတွက်သာ ဖြစ်ပါသည်။

အရှင်ကဝိန္ဒ(နာယက)
ကုမာရာ- ရာမတိုက်
တောင်တလပ်
ပုပ္ပား (ဖုန်း-၂)





## အထူးမေတ္တာလက်ဆောင်

### လိုတိုင်းပြီး- တောင်းတိုင်းရ- တ,တိုင်းပြည့်ဝစေနိုင်သော ကုဏ္ဍာပူရဏ မင်္ဂလာ - ပုတီးစိပ် ဂါထာတော်ကြီး

၁။ က- ကုဏ္ဍန္တော သာသပဂန္တော၊ စက်မန္တော ကုဟောစိတော
စက္ကဝါဠမှိ သကလံ၊ အတ္တဘာဝေန ဆာဒယိ။ ။
ခ- ဇဝံ ကုဏ္ဍာယ သမ္ပန္နံ၊ လောကဇေဋ္ဌံ နမာမဟံ၊
ဇတေန သစ္စဝဇ္ဇေန၊ ကုဏ္ဍာ ပုရေတု မေ သဒါ။ ။

ဘဂဝါ၊ ဘုန်းကော်ခြောက်ပါးသခင် အရှင်တော်မြတ်ဘုရားသည်။ ကုဏ္ဍာန္တော၊ အလိုရှိသည်သော်။ ဝါ၊ အလိုရှိခဲ့ပါမူ။ သာသပဂန္တော၊ မုန်ညင်းစေ့အတွင်း၌။ ဝါ၊ မုန်ညင်းစေ့ထဲ၌။ ကုတောစိတော၊ ထိုမှ ဤမှ။ ဝါ၊ ဟိုဟိုဒီဒီ။ ဝါ၊ လူးလာခေါက်ပြန်။ စက်မန္တော၊ စကြိုကြွသွားတော်မူနိုင်၏။ သကလံ၊ အလုံးစုံသော။ စက္ကဝါဠမှိ၊ စကြဝဠာကြီးကိုပင်သော်လည်း။ အတ္တဘာဝေန၊ အတ္တဘောဖြင့်။ ဝါ၊ အတ္တဘောတည်းဟူသော မိမိခန္ဓာကိုယ်ဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်း၍ ထားတော်မူနိုင်၏။ ။

ဇဝံ၊ ဤသို့ ကုဏ္ဍာယ၊ အလိုနှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ လောကဇေဋ္ဌံ၊ တစ်လောကလုံးမှာ အသာဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံး ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးအားကိုး



www.burmeseclassic.com

www.burmeseclassic.com



ကာ ရှိခိုးပါ၏။ အရှင်ဘုရား။ ဇေတဝနသတ္တာဝဇ္ဇေနေ၊ ဤသို့ နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို ဆိုရခြင်းကြောင့် သဒါ၊ အခါခပ်သိမ်း။ မေ၊ တပည့်တော်၏။ ကုစ္ဆာ၊ အလိုဆန္ဒဟူသမျှသည်။ ပုရေတု၊ မုချမသွေ ပြီးပြည့်စုံပါစေသား အရှင်ဘုရား။ ။

၂။ ညွှန်ကြားချက်။ ။ ပါဠိအနက် ရအောင်ကျက်ပါ။

ရပြီးလျှင် -

(က) သရဏဂုံသီလ ခံယူဆောက်တည်ပါ။ (ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလ ကြိုက်ရာယူနိုင်ပါသည်။

(ခ) ထိုနေ့ကစ၍ (၄၅)ရက်တိတိ တစ်နေ့လျှင် တစ်ပတ်ကျ ပုတီးစိပ်ပါမည်ဟု အဓိဋ္ဌာန်ပြုပါ။

(ဂ) နောက် ပါဠိတစ်ခေါက် အနက်တစ်ခေါက်ရွတ်ပါ။

(ဃ) ပြီးလျှင် ပါဠိသက်သက်ကိုသာ ရွတ်၍ တစ်ခေါက်ဆုံးလျှင် ပုတီးတစ်လုံးချပါ။

(င) ပုတီးစိပ်ပြီးတိုင်း မိမိပြုပြီးသော ဤကောင်းမှု အဖို့ဘာဂကို ကိုယ်စောင့်နတ်နှင့် စတုလောကပါလနတ်များပါမကျန် (၃၁)ဘုံရှိ သတ္တဝါတို့ကို အမျှပေးဝေပါ။

(စ) ဖော်ပြပါ ဂါထာ၏ အကျိုးကို မည်သို့ ထူးခြားလာမည်ဆိုတာ ကိုယ်တိုင် သိလာပါလိမ့်မည်။

(၄၅)ရက်ဆက်ကာ အဓိဋ္ဌာန်ဝင်ပါ။



BURMESE CLASSIC .com

www.burmeseclassic.com